ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

မိမိကိုယ်သာ ကိုးကွယ်ရာ

မိမိကိုယ်ကိုသာ ကိုးကွယ်အားထားရာ၏။ သူတစ်ပါးသည် မိမိ၏ ကိုးကွယ်အားထားရာ မဖြစ်နိုင်ချေ။ မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းဖြင့် ရနိုင်ခဲသော အရဟာတ္တဖိုလ် သို့ပင် ရောက်နိုင်၏။ (မိမိကိုယ်စိတ်နှစ်ပါး လုံခြုံအောင် ထိန်းသိမ်းထားနိုင်မှသာလျှင် မိမိကိုယ်သည် ကိုးကွယ်အားထား နိုင်သူဖြစ်လာနိုင်သဖြင့် မိမိကိုယ်စိတ်နှစ်ပါးကို လုံခြုံခိုင်ခံ့အောင် ထိန်းသိမ်းထားရာ၏။) အတ္တဝဂ်(ဓမ္မပဒ-၁၆၀)

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 1 November 2016 (စာ၃၃၂)

ဘတ်ဂျက်နှင့်ပတ်သက်၍ ပြန်လည်ပြင်ဆင်ခဲ့ရခြင်းများကြောင့် အစိုးရ၏ ငွေလုံးငွေရင်း အသုံးစရိတ်များ အပြောင်းအလဲရှိနိုင်ခြင်းအပေါ် စောင့်ဆိုင်းသုံးစွဲရသည့်အတွက် ပြည်တွင်းဈေးကွက်တွင် သက်ရောက်မှုအချို့ရှိခဲ့

ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၆) ကြိမ်မြောက်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၃၁

ဘတ်ဂျက်နှင့်ပတ်သက်၍ ပြန်လည်ပြင်ဆင်ခဲ့ရခြင်းများကြောင့် အစိုးရ၏ ငွေလုံးငွေရင်းအသုံးစရိတ်များ အပြောင်းအလဲရှိနိုင်ခြင်းအပေါ် စောင့်ဆိုင်းသုံးစွဲရသည့်အတွက် ပြည်တွင်းဈေးကွက်တွင် သက်ရောက်မှုအချို့ရှိခဲ့ပါကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတက ယနေ့ ကမ္ဘာ့စီးပွားရေးအခြေအနေသည် တိုးတက်မှုနှေးကွေးနေသည့်အတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က တိုက်တွန်းထားသည်ကို တွေ့ရပါကြောင်း၊ ကမ္ဘာ့စီးပွားရေးနှေးကွေးမှုအကျိုးဆက်ကြောင့် ကုန်သွယ်မှုနယ်ပယ်တွင် တိုးတက်မှုများ နှေးကွေးလာသည်ကိုလည်း သိရပါကြောင်း၊ IMF ၏ ခန့်မှန်းထုတ်ပြန်ချက်အရ ကမ္ဘာ့စီးပွားရေးတစ်ခုလုံးကို ကြည့်သည့်အခါ အာရှနိုင်ငံများတွင် တိုးတက်မှုအနေအထားကောင်းဖြင့် ဆက်လက်ရပ်တည်နေသည်ကို တွေ့ရပါကြောင်း၊ ဒေသတွင်းနိုင်ငံများတွင် ကောင်းမွန်သည့် စီးပွားရေးအခြေအနေကောင်းများ ထိန်းသိမ်းထားနိုင်သည့် တစ်ချိန်တည်းမှာပင် စီးပွားရေးနယ်ပယ် ပြုပြင်ပြောင်းလဲမှုများကို အရှိန်မြှင့်တင်ပြီး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဘဏ္ဍာရေးကော်မရှင် (၂ /၂၀၁၆) အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့**

မြန်မာနိုင်ငံနှင့် ချက်သမ္မတနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

သတင်း စာမျက်နှာ - ၃

ကူးစက်ရောဂါကြီးတင်ကာကွယ်

(၂၁)ရာစုတွင် ကူးစက်မြန်ရောဂါဆန်းများ အလျင်အမြန်ပျံ့နှံ့ဖြစ်ပွားလာသည်။ ကျန်းမာရေးဌာန၏ ရောဂါဖြစ်ပွားပြီး သေဆုံးနှုန်းတိုင်းတာသုံးသပ်ချက်အရ ကြက်ငှက်တုပ်ကွေးရောဂါမှာ လူတစ်ရာဖြစ်ပွားပါက ၆၇ ရာခိုင်နှုန်း သေဆုံးပါသည်။ ဆားရောဂါမှာ ၁၀ ရာခိုင်နှုန်းသေဆုံးနိုင်ပြီး အီဘိုလာဗိုင်းရပ်စ်ရောဂါမှာ ၂၀ မှ ၃၀ ရာခိုင်နှုန်းအထိ သေဆုံးနိုင်ကြောင်း သိရသည်။ သို့သော် ဇီကာရောဂါမှာမူ သေဆုံးမှုနှုန်းမရှိသလောက် ဖြစ်သည်ဟု ဆိုထားသည်။

ရန်ကုန်မြို့တွင် မကြာသေးမီက အသက် (၃၂) အရွယ်ရှိ ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံရဖွယ်ရှိသည်ဟု သံသယဖြစ်ဖွယ် နိုင်ငံခြားသူ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးကို တွေ့ရှိခဲ့သဖြင့် ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်ပြီးနောက် ဇီကာရောဂါဖြစ်ပွားလျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နောက်တစ်နေ့တွင် အတည်ပြုပြောကြားခဲ့သည်။

ဇီကာရောဂါပိုးမှာ နိုင်ငံရပ်ခြားတိုင်းပြည်များတွင် အစောပိုင်းကတည်းက ဖြစ်ပွားလျက်ရှိပြီး မြန်မာနိုင်ငံသို့ ယခုဖြစ်ရပ်မှစတင်ရောက်ရှိလာခြင်းဖြစ်သည်။ ထိုရောဂါမှာ သေဆုံးမှုနှုန်းမရှိသလောက်ဟုဆိုသော်လည်း သွေးလွန်တုပ်ကွေးနှင့် ဆင်တုပ်ကွေးရောဂါပိုးများ သယ်ဆောင်ပေးသော အေးဒီးစ်ခြင်ကျားအမျိုးအစား ကိုက်ခံရခြင်းကြောင့် ဖြစ်ပွားသည့်ရောဂါလက္ခဏာနှင့်ဆင်တူသည်။ ထူးခြားသည်မှာ ဇီကာရောဂါနှင့် ရောဂါနောက်ဆက်တွဲအဖြစ် ကိုယ်ဝန်ဆောင်မိခင်များတွင် ဦးခေါင်းသေးငယ်သော ကလေးငယ်များ မွေးဖွားလာခြင်းတို့နှင့်ဆက်စပ်မှု ရှိ၊ မရှိကို သံသယဖြစ်နေပြီး သက်သေပြရန် ပညာရှင်များက လေ့လာနေဆဲဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အဆိုပါဇီကာရောဂါအတွက် ကာကွယ်ဆေးမရှိသေးဘဲ ရောဂါသက်သာစေရန်အတွက်သာ ကုသပေးနိုင်သေးသဖြင့် မြန်မာနိုင်ငံတွင် ထိုလူနာကိုအကြောင်းပြု၍ ရောဂါပျံ့နှံ့ခြင်းမရှိအောင် အထူးဂရုပြု ကြိုတင်ကာကွယ်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကြိုတင်ကာကွယ်သတိပြုနေထိုင်သွားကြရမည်ဖြစ်သည်။

ဇီကာရောဂါကူးစက်ခြင်းခံရပါက အများဆုံးတွေ့ရှိသည့်ရောဂါလက္ခဏာများမှာ ရုတ်တရက်ဖျားခြင်း၊ အရေပြားတွင် အနီရောင်အကွက်၊ အစက်များထွက်ခြင်း၊ မျက်သားနီ၍ရောင်ရမ်းခြင်း၊ ကြွက်သားနှင့်အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း၊ မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်းစသည်တို့ဖြစ်တတ်ကာ ထိုရောဂါလက္ခဏာများကို နှစ်ရက်မှ ခုနစ်ရက်အထိသာ ခံစားနိုင်ပြီးနောက် ရောဂါလက္ခဏာများ ပျောက်ကွယ်သွားသည်။

ရောဂါဖြစ်ပွားသူအနေဖြင့် သေဆုံးခြင်း၊ နာတာရှည်ဖြစ်ခြင်း မရှိသောကြောင့် စိုးရိမ်ထိတ်လန့်ဖွယ် မရှိသော ရောဂါဖြစ်သည်ဟုယူဆနိုင်သော်လည်း အထူးသတိထားရမည်မှာ ကိုယ်ဝန်ဆောင်မိခင်များဖြစ်နေခြင်းသည် အလွန်အရေးကြီးပေသည်။ ရောဂါပျံ့နှံ့မှုလွယ်ကူသော ရောဂါဖြစ်နေပြီး မြန်မာနိုင်ငံကဲ့သို့ ခြင်ကျားပေါများသော နိုင်ငံမျိုးတွင် ခြင်ကျားများတွင် ဇီကာရောဂါပိုးရောက်ရှိသွားပါက နောင်မွေးဖွားလာမည့် ကလေးငယ်များအတွက် အထူးစိုးရိမ်ဖွယ်ဖြစ်လာနိုင်သည်။

လူအသက်ကိုမသေဆုံးစေနိုင်သော်လည်း ဦးနှောက်မဖွံ့ဖြိုးသည့် ကလေးငယ်များဖြစ်ထွန်းလာပါက အသက်ပင်ရှင်သန်သော်လည်း လူရာမဝင်၊ လူညွှန့်တုံးမည့် အချည်းနှီးလူသားများဖြစ်ပေါ်လာနိုင်မည့်အန္တရာယ်မှာ လွန်စွာကြောက်မက်ဖွယ်ရာဖြစ်ပေလိမ့်မည်။ လူသားကမ္ဘာတွင် ပထမကမ္ဘာစစ်ပွဲ၊ ဒုတိယကမ္ဘာစစ်ပွဲနှင့် ခေတ်သစ်စစ်ပွဲများကြောင့် လူအများအပြားသေဆုံးခဲ့ရမှုများမှာ လူသားမျိုးနွယ်အသစ် ပြန်လည်ဖြစ်တည်ခြင်းဖြင့် လူသားကမ္ဘာအသစ်ထပ်မံဖြစ်ထွန်းလာသော်လည်း ထိုကဲ့သို့သော လူစဉ်မမီတော့သော ကူးစက်ရောဂါစစ်ဖြစ်ပွားလာပါက လူသားကမ္ဘာလည်း တစ်ချိန်သောကာလတွင် မျိုးသုဉ်းပျောက်ကွယ် ပျက်စီးသွားနိုင်ခြေရှိသည်။

ထို့ကြောင့် ဇီကာရောဂါပိုးကြောင့် ဦးနှောက်သေးငယ်သော ကလေးငယ်များမွေးဖွားလာခြင်းကို သံသယဖြစ်ဖွယ်အဆင့်ဟုပင် ဆိုပင်ဆိုငြားလည်း လူကိုသေစေသော အခြားရောဂါပိုးများထက် ကြောက်မက်ဖွယ်ကောင်းသော လူသားမျိုးနွယ်ပျက်သုဉ်းနိုင်သည့် ဇီကာရောဂါကို မျက်ခြည်မပြတ်ဝိုင်းဝန်းကာကွယ် တိုက်ဖျက်သွားကြရမည်ဖြစ်ပါသည်။ ။

စာပေမြှင့်မှ လူမျိုးတင့်မည်

ကျေးသီး၊ မိုင်းကိုင်ဒေသရှိ တိုက်ပွဲရှောင်စခန်းများမှ တိုင်းရင်းသားပြည်သူများအတွက် ခေါင်းစွပ်ပါအနွေးထည်များနှင့် အလျှုံငွေကျပ်သိန်း ၁၀၀ လျှုဒါန်း

မိုင်းကိုင် အောက်တိုဘာ ၃၁

ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေရှင်း(BFM)သည် ရှမ်းပြည်နယ်တောင်ပိုင်း ကျေးသီး၊ မိုင်းကိုင်ဒေသရှိ တိုက်ပွဲရှောင်စခန်းများမှ တိုင်းရင်းသားပြည်သူများအတွက် လျှုဒါန်းငွေကျပ် သိန်း ၁၀၀ ကို ရှမ်းပြည်တောင်ပိုင်း လူငယ်ဖိုရမ်မှ တာဝန်ရှိသူ ဦးဝင့်ထည်ကောင်းမြတ်ထံသို့ လည်းကောင်း၊ ဆောင်းရာသီ အအေးဒဏ်ကာကွယ်ရန်အတွက် ခေါင်းစွပ်ပါအနွေးထည် ၂၅၃ ထည်ကို ဖောင်ဒေရှင်းမှ တာဝန်ရှိသူများက မိုင်းကိုင်မြို့နယ် တုံလောကျေးရွာရှိ တိုက်ပွဲရှောင်စခန်းတွင် လည်းကောင်း သွားရောက်လျှုဒါန်းခဲ့ကြကြောင်း သိရသည်။

လျှုဒါန်းရခြင်းနှင့်ပတ်သက်၍ ဖောင်ဒေရှင်းမှ တာဝန်ရှိသူ ဦးအောင်ကျော်စိုးက ဖောင်ဒေရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏လမ်းညွှန်မှုဖြင့် အအေးလွန်ကဲမှုဒဏ်ကို ပိုမိုခံစားရနိုင်သောဒေသများရှိ ရဟန်းသံဃာများ၊ သီလရှင်များနှင့် တိုက်ပွဲရှောင်စခန်းများမှ တိုင်းရင်းသားပြည်သူများအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ခေါင်းစွပ်ပါအနွေးထည် နှစ်သိန်းကို ပြည်ပမှ မှာယူတင်သွင်းခဲ့ပြီး ဆောင်းကာလအမီ သက်ဆိုင်ရာဒေသများသို့ ပေးပို့လျှုဒါန်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ မိုးလေဝသပညာရှင်များကလည်း မြန်မာနိုင်ငံတွင်း ဆောင်းရာသီတွင် လာနိုဝင်ရာသီဥတု ဖြစ်ပေါ်ကာ ထူးခြားသည့်အအေးဒဏ်ကို ပိုမိုခံစားရနိုင်သည်ဟု ကြိုတင်ခန့်မှန်းတွက်ချက်ထားသောကြောင့် ယခုကဲ့သို့ စီစဉ် လျှုဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေရှင်း(BFM)သည် ၂၀၀၇ ခုနှစ် နာဂစ်မုန်တိုင်းဖြစ်ပွားချိန်မှစ၍ မုန်တိုင်းသင့်ပြည်သူများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ရာမှ အစပြုပြီး ဖွဲ့စည်းထူထောင်ခဲ့သော လူမှုရေးအသင်းတစ်ခုဖြစ်သည်။ ဖောင်ဒေရှင်း စတင်တည်ထောင်ချိန်မှ ယနေ့အချိန်အထိ မြန်မာနိုင်ငံတစ်ဝန်း အနယ်နယ်အရပ်ရပ်ရှိ ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ အားကစားစသည့် လျှုဒါန်းမှုများအပြင် နိုင်ငံတွင်း သဘာဝဘေးအန္တရာယ်ကျရောက်သည့် နေရာများတွင်လည်း အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၀၇ ခုနှစ်မှ ယနေ့အထိ နိုင်ငံနှင့်ပြည်သူ အကျိုးပြုလျှုဒါန်းခဲ့ငွေစုစုပေါင်းမှာ ကျပ်ငွေ ၁၀၉ ဘီလီယံကျော်ဖြစ်ကြောင်း သိရသည်။

(၀၁၀)

မြေးမွေး
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အယ်ဒီတန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေနွင့်အမှတ်(၀၀၇၇၁)မြင့် ကြေးရုံသတင်းစာတိုက်က ထုတ်ဝေသည်။

Mirror Publication
၁၉၉၇ခုနှစ် ခန်း တွင် တောင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၅။ ၀၆၇-၃၆၁၃၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၀
ရန်ကုန်မုံရွာခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ ဒီဇိုင်/ဌေးရောင်း ၀၁-၂၉၂၈၃၄၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀ ဖက်စ် ၀၁-၂၀၃၃၅၅

ကြေးမုံ

မြန်မာနိုင်ငံနှင့် ချက်သမ္မတနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၃၁

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ချက်သမ္မတနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး H.E.Mr.Jan Mla'dek နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ချက်သမ္မတနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေး ရင်းနှီးမြှုပ်နှံမှုအပါအဝင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ချက်သမ္မတနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး H.E.Mr.Jan Mla'dek နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးမြင့်ဆွေ ချက်သမ္မတနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး H.E.Mr.Jan Mla'dek နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

စက်မှု၊ စွမ်းအင်၊ ကုန်သွယ်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေး ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၃၁

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ချက်သမ္မတနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး H.E.Mr.Jan Mla'dek ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်မှု၊ စွမ်းအင်၊ ကုန်သွယ်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မလိုလားအပ်သော စည်းမျဉ်းစည်းကမ်းများ လျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ စိန်ခေါ်မှုများနှင့်စပ်လျဉ်းသည့် အမျိုးသားမူဝါဒဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

စီးပွားရေးလုပ်ငန်းများတွင် ကြုံတွေ့နေရသည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများဖယ်ရှားခြင်းဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ပေးနိုင်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အပံ့ပြုရန်ရည်ရွယ်၍ အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသနဌာန(Economic Research Institute for ASEAN and East Asia-ERIA) နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ မလိုလားအပ်သည့် စည်းမျဉ်းစည်းကမ်းများ လျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ စိန်ခေါ်မှုများနှင့်စပ်လျဉ်းသည့် အမျိုးသားမူဝါဒဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမြတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်၊ အရှေ့အာရှစီးပွားရေးသုတေသနဌာနမှ အထူးအကြံပေး ပါမောက္ခ Yasuhiro Yamada၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦး၊မြန်မာနိုင်ငံဆိုင်ရာသြစတြေးလျှသံရုံး၏အကြံပေးပုဂ္ဂိုလ် Mr. Nicholas Cumpston၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ဖိတ်ကြားထားသည့် Speaker များ၊ အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ဖိတ်ကြားထားသောဧည့်သည်တော်များ စုစုပေါင်းကိုယ်စားလှယ် ၁၂၀ ခန့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲအဟန့်အတားဖြစ်စေသည့် မလိုလားအပ်သော စည်းမျဉ်းစည်းကမ်းများ လျှော့ချခြင်းနှင့်စပ်လျဉ်းသည့် သဘောတရားများနှင့်နည်းလမ်းများ၊ စည်းမျဉ်းစည်းကမ်းများလျှော့ချရာတွင် အောင်မြင်မှုရရှိနေသည့် မလေးရှားနိုင်ငံ၏ အတွေ့အကြုံများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုဖြစ်နေသည့် စည်းမျဉ်းစည်းကမ်းများ၊ ငါးလုပ်ငန်းကဏ္ဍနှင့် ပို့ကုန်/သွင်းကုန် ခွင့်ပြုမှုလုပ်ငန်းစဉ်များတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့် ယင်းအခက်အခဲများကိုကျော်လွှားရန် နည်းလမ်းများအပေါ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမိုင်းဆိုင်ရာအချက်အလက်များကို ပကတိဖြစ်ရပ်အတိုင်းထိန်းသိမ်းထားရှိရန်နှင့် သမိုင်းပညာရှင်များပေါ်ထွန်းလာရေး ဆောင်ရွက်ပေးရန် တိုက်တွန်း

နေပြည်တော် အောက်တိုဘာ ၃၁

မြန်မာသမိုင်းအဖွဲ့ ပုံမှန်အစည်းအဝေးကျင်းပခြင်းကို အောက်တိုဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် အမှတ်(၈၅) သီရိမင်္ဂလာလမ်းသွယ် ကမ္ဘာအေးဘုရားလမ်းတွင် တည်ရှိသော အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်၍ မြန်မာသမိုင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တစ်ဆက်တစ်စပ်တည်း ဖြစ်သော မြန်မာသမိုင်း ပြုစုရေးသားထုတ်ဝေရေးနှင့်ပတ်သက်၍ ဆောင်ရွက်ကြမှုများတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ သမိုင်းမတင်မီခေတ်၊ ပဒေသရာဇီခေတ်၊ လွတ်လပ်ရေး ကြိုးပမ်းမှုခေတ်၊ လွတ်လပ်ရေးရရှိပြီးနောက် ယနေ့ခေတ်အချိန်အထိ ခေတ်အဆက်ဆက် သမိုင်းမှတ်တမ်းများကို ပကတိ အရှိအတိုင်း၊ အမှန်အတိုင်း ပြုစုရေးသားထုတ်ဝေရေး၊ ထက်မြက်သည့် သမိုင်းပညာရှင်များ ပေါ်ထွန်းလာစေရန် လေ့ကျင့်ပြုစုပျိုးထောင်ပေးရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

မြန်မာသမိုင်းအဖွဲ့ ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ထိုသို့ သမိုင်းအမှန်ကို ဖော်ထုတ်ခြင်းအားဖြင့် အတိတ်ဖြစ်ရပ်အမှားများကို သမိုင်းသင်ခန်းစာရယူပြီး အနာဂတ်နိုင်ငံတော်ကို ကောင်းမွန်အောင် တည်ဆောက်၍ ထိုသင်ခန်းစာများမှတစ်ဆင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် နိမ့်ကျစေခဲ့မှုများကို ပြန်လည်မြှင့်တင်ရန် အလေးအနက်ပြောကြားသည်။

မြန်မာသမိုင်းအဖွဲ့ကို ပြန်လည်ဖွဲ့စည်းပြီး သမိုင်းသုတေသနလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် တိုးမြှင့်ဆောင်ရွက်ရန်၊ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါ၍ မြန်မာသမိုင်းအဖွဲ့ဝင်များက သမိုင်းဆိုင်ရာအချက်အလက်များကို ပကတိဖြစ်ရပ်အတိုင်း ဖြည့်စွက်ဖော်ထုတ်ရေးသားရန်နှင့် ထက်မြက်သည့်သမိုင်းပညာရှင်များပေါ်ထွန်းလာရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုဆူးမြို့ အရှေ့ဘက်ပိုင်းဆီသို့ ဦးတည်၍ အီရတ်တပ်ဖွဲ့များ ထိုးစစ်ပြန်လည်စတင်

ဘဂ္ဂဒက် အောက်တိုဘာ ၃၁

အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) လက်အောက်သို့ ကျရောက်နေသည့် နောက်ဆုံးလက်ကျန် မြို့ကြီးဖြစ်သည့် မိုဆူးမြို့အား ပြန်လည်သိမ်းပိုက်နိုင်ရန် ဦးတည်သည့် ထိုးစစ်ကို အီရတ်တပ်ဖွဲ့များက အောက်တိုဘာ ၃၁ ရက်တွင် ပြန်လည်စတင်ခဲ့ကြောင်း၊ စစ်ဆင်ရေး၏ ပစ်မှတ်မှာ တိုက်ဂရစ်မြစ်က နှစ်ပိုင်းခွဲခြားထားသည့် မိုဆူးမြို့၏ အရှေ့ဘက်ကမ်းဒေသဖြစ်ကြောင်း အီရတ်စစ်ဘက်တာဝန်ရှိသူများက ပြောကြားကြသည်။

အီရတ်ကြည်းတပ်၏ အကြမ်းဖက်မှုခေျမှုန်းရေးတပ်ဖွဲ့သည် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ချီတက်ခဲ့ရာတွင် အခြားသော ရှေ့တန်းစစ်မြေပြင်ရှိ တပ်ဖွဲ့များထက် မြေပြင်ထိုးဖောက်မှုကို ပိုမိုလျင်မြန်စွာ လုပ်ဆောင်နိုင်ခဲ့ပြီး မိုဆူးမြို့အနီး အခြားတပ်ဖွဲ့များကို စောင့်ဆိုင်းနေခဲ့သည်။

အမေရိကန်နှင့် မဟာမိတ်နိုင်ငံများ၏လေကြောင်းပစ်ကူပေးမှုနှင့် မြေပြင်အထောက်အကူပေးမှုတို့နှင့်အတူ အီရတ်အစိုးရတပ်ဖွဲ့များနှင့် ကာဒစ်ပက်ရှ်ဟာမာဂါ တိုက်ခိုက်ရေးသမားများက သဘောထားတင်းမာသည့် ဆွန်နီစစ်သွေးကြွများ သိမ်းယူထားသည့် မိုဆူးမြို့အား ပြန်လည်သိမ်းယူနိုင်ရေးအတွက် အောက်တိုဘာ ၁၇ ရက်မှစကာ မြေပြင်ထိုးစစ်ဆင်နွှဲနေခြင်းဖြစ်သည်။

အီရန် လိုလားသော အီရတ်ရှီးယိုက်ပြည်သူ့စစ်များသည် အောက်တိုဘာ ၂၉ ရက်တွင် အီရတ်အစိုးရ၏ တပ်ဖွဲ့များနှင့် ပူးပေါင်းကာ တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည်။ ဆီးရီးယားနိုင်ငံတွင်းရှိ အိုင်အက်စ်တို့၏ ခြေကုပ်စခန်းတည်ရာ ရက်ကွာမြို့နှင့် မိုဆူးမြို့အကြားရှိ လမ်းကြောင်းများကို ဖြတ်တောက်နိုင်ရန် ယင်းတပ်ဖွဲ့များလုပ်ဆောင်ခဲ့ကြသည်။

ရိုက်တာ။

အာဖဂန်တာလီဘန်အဖွဲ့ကို ထောက်ခံသည်ဆိုမှု အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန ငြင်းဆို

တီဟီရန် အောက်တိုဘာ ၃၁

အာဖဂန်နစ္စတန်နိုင်ငံရှိ တာလီဘန်အဖွဲ့ကို မိမိတို့နိုင်ငံက အားပေးထောက်ခံနေသည်ဟူသော စွပ်စွဲချက်များမှာ လိမ်ညာပြောဆိုမှုများသာလျှင်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘာရမ်ဂွာဆမီ (**အပေါ်ပုံ**)က အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ တာလီဘန်အဖွဲ့သည် အီရန်နိုင်ငံနှင့် ဆက်ဆံရေးတည်ဆောက်နေပြီး ကွန်ရက်သစ်များကို ချိတ်ဆက်လျက်ရှိသည်ဟု အာဖဂန်တာလီဘန်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူနှင့် ယင်းအဖွဲ့၏ ဒုတိယခေါင်းဆောင်လည်းဖြစ်သူ မူလာဇာဘီဟူလာက ထုတ်ဖော်ပြောကြားခဲ့သည်ဟု ဆော်ဒီအာရေဗျအခြေစိုက် အယ်လ်အာရေးဘီးယား ရုပ်မြင်သံကြားဌာနက အောက်တိုဘာ ၃၀ ရက်တွင် ထုတ်လွှင့်ခဲ့ပြီးနောက် အီရန်အစိုးရအဖွဲ့က အထက်ပါအတိုင်း တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။ **ပီတီအိုင်။**

နိုင်ငံတကာလူ့အခွင့်အရေးမြှင့်တင်မှု တရုတ်ပူးပေါင်းဆောင်ရွက်မည်

ပေကျင်း အောက်တိုဘာ ၃၁

တရုတ်နိုင်ငံသည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အခြားသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးမှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချောင်ယင်းက တနလာနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂအထွေထွေညီလာခံက တရုတ်နိုင်ငံနှင့် အခြား ၁၃ နိုင်ငံတို့ကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများအဖြစ် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်တာဝန်ယူဆောင်ရွက်ရန် သောကြာနေ့က ရွေးချယ်ခဲ့သည်။

လက်ရှိ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည့် မဲ ၁၈၀ ဖြင့် အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ရွေးချယ်ခံခဲ့ရသည်။ ရွေးချယ်ခံရသော အခြားနိုင်ငံများမှာ တူနီးရှား၊ တောင်အာဖရိက၊ ရဝမ်ဒါ၊ အီဂျစ်၊ ဂျပန်၊ အီရတ်၊ ဆော်ဒီအာရေဗျ၊ ဟန်ဂေရီ၊ ခရိုအေးရှား၊ ကျူးဘား၊ ဘရာဇီး၊ အမေရိကန်နိုင်ငံနှင့် ပြိတိန်နိုင်ငံတို့ဖြစ်သည်။

ယခုကဲ့သို့ ပြန်လည်ရွေးချယ်ခံရမှုသည် တရုတ်နိုင်ငံ၏ လူ့အခွင့်အရေးတိုးတက်မှုနှင့် တရုတ်နိုင်ငံက နိုင်ငံတကာလူ့အခွင့်အရေးလုပ်ရှားမှုနယ်ပယ်များတွင် ပူးပေါင်းပါဝင်မှုကို နိုင်ငံတကာအသိုင်းအဝိုင်းက အသိအမှတ်ပြုခြင်းဖြစ်ကြောင်း ဟွာချောင်ယင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဆင်ဟွာ။

ဆင်းရဲသားပြည်သူများကို ဖွံ့ဖြိုးသော အရပ်ဒေသများသို့ ပြောင်းရွှေ့ပေးနိုင်ရေး တရုတ်နိုင်ငံစီမံကိန်းချမှတ်

ပေကျင်း အောက်တိုဘာ ၃၁

တရုတ်နိုင်ငံသည် ဝေးလံသီခေါင်သော အရပ်ဒေသများနှင့် ကုန်းတွင်းဒေသများ၌ နေထိုင်သော ဆင်းရဲသားပြည်သူများကို ပိုမိုဖွံ့ဖြိုးသော အခြားအရပ်ဒေသများသို့ ပြောင်းရွှေ့ပေးနိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ ရန်ပုံငွေ ယွမ် ၉၄၆ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄၀ ဘီလီယံ) အသုံးပြုဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံတော်စီမံကိန်း ရေးဆွဲရေးမှူးများက အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားကြသည်။

တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ ပြည်သူ ၁၀ သန်းကို ဆင်းရဲမွဲတေသည့်ဘဝမှ ဆွဲတင်ပေးနိုင်ရန် မဟာဗျူဟာရည်မှန်းချက် ချမှတ်ထားသည်နှင့်အညီ မဖွံ့ဖြိုးသောအရပ်ဒေသများမှ ပြည်သူများကို ဖွံ့ဖြိုးသောအရပ်ဒေသများသို့ အလုံးအရင်းဖြင့် ပြောင်းရွှေ့ပေးရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ဆင်းရဲနွမ်းပါးသူ ပြည်သူ နှစ်သန်းကို ဖွံ့ဖြိုးသောအရပ်ဒေသများသို့ ပြောင်းရွှေ့ပေးရန် လျှာထားကြောင်း နိုင်ငံတော်ကောင်စီက မေလတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဆင်းရဲသားများကို ဖွံ့ဖြိုးပြီး အရပ်ဒေသများသို့ ပြောင်းရွှေ့ပေးနိုင်ရေးအတွက် အိမ်ရာများတည်ဆောက်ခြင်း၊ မြို့ပြဒေသ အထောက်အကူပြုစနစ်များ ထူထောင်ခြင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးစေခြင်း စသည့် လုပ်ငန်းများအတွက် ရန်ပုံငွေများ ကျခံသုံးစွဲသွားရမည်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်က ပြောကြားသည်။

ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရန်ပုံငွေရရှိရေးအတွက် တရုတ်ဖွံ့ဖြိုးရေးဘဏ်နှင့် တရုတ်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်တို့ထံမှ ကာလရှည်ချေးငွေများ ရယူသွားမည်ဖြစ်ပြီး ဒေသန္တရအစိုးရအဖွဲ့များကလည်း ငွေကြေးထည့်ဝင်မည်ဖြစ်ကြောင်း အဆိုပါကော်မရှင်က ပြောကြားသည်။

ရိုက်တာ။

ကမ္ဘာ့ဖလားခြေစစ်ပွဲကို တိုက်ခိုက်မည့်အကြမ်းဖက်မှုများအား ဆော်ဒီအာရေဗျ တားမြစ်နိုင်

ရီယတ် အောက်တိုဘာ ၃၁

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲကန်မည့် ပွဲစဉ်တစ်ခုကို ဗုံးဖောက်ခွဲရန် ကြံစည်သည့် အကြမ်းဖက်မှုတစ်ခုနှင့် ရဲအရာရှိများကို ပစ်မှတ်ထား တိုက်ခိုက်မည့် အကြမ်းဖက်မှုတစ်ခုကို တားမြစ်ဟန့်တားခဲ့ရကြောင်း ဆော်ဒီအာရေဗျနိုင်ငံက ပြောကြားသည်။

ဆော်ဒီအာရေဗျဘောလုံးအသင်းနှင့် ယူအေအီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်သည့်ပွဲကို ဗုံးဖောက်ခွဲမည်ဟု ယူဆရသည့် ပါကစ္စတန်နိုင်ငံသားနှစ်ဦး၊ ဆီးရီးယားနိုင်ငံသားတစ်ဦးနှင့် ဆူဒန်နိုင်ငံသားတစ်ဦးတို့ကို ဖမ်းဆီးထားကြောင်း ဆော်ဒီပြည်ထဲရေးဝန်ကြီးက တနင်္ဂနေနေ့တွင် ပြောကြားသည်။ အဆိုပါဘောလုံးပွဲကို အောက်တိုဘာ ၁၁ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ အနောက်ပိုင်း ဂျက်ဒါမြို့၌ ယှဉ်ပြိုင်ကျင်းပခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားလေးဦးက ပရိသတ် ၆၀၀၀၀ ခန့်ရှိသည့် ဘောလုံးကွင်းအနီးတွင် ပေါက်ကွဲစေနိုင်သည့် ပစ္စည်းအလေးချိန် ကီလိုဂရမ် ၄၀၀ တင်ဆောင်လာသည့် ကားတစ်စီးဖြင့် ဗုံးဖောက်ခွဲတိုက်ခိုက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အကြမ်းဖက်သမား လေးဦးကို ဘောလုံးပြိုင်ပွဲ မကျင်းပမီ တစ်ရက်က ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။

မြို့တော် ရီယတ်အပါအဝင် မြို့သုံးမြို့ရှိ လုံခြုံရေးအရာရှိများကို သတ်ဖြတ်တိုက်ခိုက်မည်ဟု သံသယရှိသူ ဆော်ဒီကျောင်းသား လေးဦးကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။ ဆော်ဒီကျောင်းသား လေးဦးသည် ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်ခေါင်းဆောင်တစ်ဦးထံမှ ညွှန်ကြားချက်များ လက်ခံရရှိထားသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ဇူလိုင်လအတွင်း မြို့ကြီးသုံးမြို့ အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက်ပိုင်း လုံခြုံရေးတာဝန်ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

အင်နန်အိတ်ချ်ကေ။

နိုင်ငံတကာမြင်ကွင်း

ဖက်ဒရယ်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဂျိမ်းစ်ကွန်မီ

ဟီလာရီကလင်တန်

ရဲရင့်လင်းလက်

ဖက်ဒရယ်ထောက်လှမ်းရေး (Federal Bureau of Investigation- FBI) ရဲ့ ညွှန်ကြားရေးမှူး ဂျိမ်းစ်ကွန်မီ(James Comey)က ကွန်ဂရက်ကို ဖက်ဒရယ်ထောက်လှမ်းရေးအဖွဲ့အနေနဲ့ အသစ်တွေ့ရှိခဲ့တဲ့ ဟီလာရီရဲ့ အီးမေးလ်တွေကို စစ်ဆေးနေတဲ့အကြောင်း အစီရင်ခံတင်ပြခဲ့ပါတယ်။ ဒီသတင်းက အောက်တိုဘာ ၂၈ ရက်မှာ ထွက်ပေါ်လာခဲ့တာပါ။ တစ်နည်းပြောရရင် သမ္မတရွေးကောက်ပွဲမလုပ်ခင် ၁၁ ရက်အလိုမှာ ဒီသတင်းထွက်ပေါ်လာတာပါ။ ဒီအသစ်တွေ့ရှိခဲ့တယ်ဆိုတဲ့ ဟီလာရီရဲ့အီးမေးလ်တွေဟာ ဟီလာရီရဲ့ထိပ်တန်း အကြံပေးအရာရှိ ဟျူးမားအဘက်ဒင်(Huma Abedin)နဲ့ ခွာပြပြီး ခင်ပွန်း အောက်လွှတ်တော်အမတ်ဟောင်း အန်သိုနီ ဝီနာ(Anthony Weiner)ကိုစစ်ဆေးရင်း ပေါ်ထွက်လာတာပါ။ အောက်လွှတ်တော်အမတ်ဟောင်း အန်သိုနီဝီနာက မြောက်ကာရိုလိုင်းနားမှာရှိတဲ့ အသက်(၁၅)နှစ်အရွယ် မိန်းကလေးတစ်ယောက်ဆီ လိင်ပိုင်းအရ တစ်တစ်ခွခွရေးထားတဲ့ အီးမေးလ်ပို့ခဲ့လားဆိုတာကို စစ်ဆေးဖို့ ဟျူးမားအဘက်ဒင်နဲ့ အန်သိုနီဝီနာတို့ရဲ့ ဒစ်ဂျစ်တယ်ပစ္စည်းတွေသိမ်းယူစစ်ဆေးခဲ့တာကနေ အခုလို ထွက်ပေါ်လာတာပါ။ ဖက်ဒရယ်ထောက်လှမ်းရေး(FBI)ရဲ့ ညွှန်ကြားရေးမှူး ဂျိမ်းစ်ကွန်မီက အသစ်တွေ့ရှိခဲ့တဲ့ အီးမေးလ်တွေမှာ လျှို့ဝှက်အဆင့်အတန်းသတ်မှတ်ထားတဲ့ အချက်အလက်တွေပါ၊ မပါ စစ်ဆေးမယ်လို့ဆိုပါတယ်။ အမှန်ကတော့ ဖက်ဒရယ်ထောက်လှမ်းရေး(FBI)က ဟီလာရီရဲ့ အီးမေးလ်တွေကို စစ်ဆေးပြီးသားပါ။ ဖက်ဒရယ်ထောက်လှမ်းရေး(FBI)က ဟီလာရီရဲ့အီးမေးလ်တွေထဲမှာ လုံခြုံရေးအရ စိုးရိမ်စရာအချက်အလက်တချို့ တွေ့ရှိခဲ့ပေမယ့် ဥပဒေအရ အရေးယူနိုင်တဲ့ အချက်အလက်တွေမပါဘူးဆိုတာကို တရားဝင်ထုတ်ပြန်ကြေညာပြီးသားပါ။

အထင်လွဲမှားစရာတွေ

ဟီလာရီရဲ့ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖွဲ့ကတော့ ဟီလာရီရဲ့ အီးမေးလ်တွေနဲ့ပတ်သက်ပြီး ဖက်ဒရယ်ထောက်လှမ်းရေးအဖွဲ့(FBI)က ဘာလို့ ကွန်ဂရက်ကို ရှင်းလင်းတင်ပြတဲ့အထိ လုပ်ခဲ့ရတာလဲလို့ မေးခွန်းထုတ် စိန်ခေါ်ခဲ့ပါတယ်။ ဟီလာရီကလည်း "ဖက်ဒရယ်ထောက်လှမ်းရေး(FBI)ရဲ့လုပ်ရပ်ဟာ အစဉ်အလာမရှိသလို တကယ့်ကို ဒုက္ခပေးတဲ့လုပ်ရပ်ပါ" ဆိုပြီး ပြောကြားခဲ့ပါတယ်။ ဒေါ်နယ်ထရန့်က ဖက်ဒရယ် ထောက်လှမ်းရေး (FBI)ရဲ့ ဒီလုပ်ရပ်ကို ကြိုဆိုခဲ့တာကတော့ အံ့သြစရာတော့မရှိပါဘူး။ ဖက်ဒရယ်ထောက်လှမ်းရေးအဖွဲ့(FBI)ရဲ့ ညွှန်ကြားရေးမှူး ဂျိမ်းစ်ကွန်မီက ကွန်ဂရက်ကိုတင်ပြခဲ့တဲ့အထဲမှာ အခုအသစ်တွေ့ရှိခဲ့တဲ့ အီးမေးလ်တွေဟာ သူတို့အဖွဲ့ အရင်စစ်ဆေးခဲ့တဲ့ ဟီလာရီရဲ့အီးမေးလ်တွေနဲ့ အကျုံးဝင်ဆက်စပ်နိုင်တယ်လို့တင်ပြထားပါတယ်။ ဂျိမ်းစ်ကွန်မီက ဖက်ဒရယ်ထောက်လှမ်းရေးအဖွဲ့(FBI)ရဲ့ လုပ်ရပ်ကို ကာကွယ်ပြောကြားရာမှာ အဖွဲ့အနေနဲ့ အသစ်တွေ့ရှိခဲ့တဲ့ အီးမေးလ်တွေရဲ့ အရေးပါမှုက ဘယ်လောက်အတိုင်းအတာအထိရှိတယ်ဆိုတာကို မသိသေးတဲ့အတွက် ဒီအီးမေးလ်တွေကို လူသိရှင်ကြား မထုတ်ပြန်သေးတာပါလို့ ပြောကြားခဲ့ပါတယ်။ ဒီအီးမေးလ်တွေကို လူသိရှင်ကြားထုတ်ပြန်ခဲ့ရင် အထင်လွဲမှားစရာတွေရှိလာမှာ စိုးရိမ်လို့ပါဆိုပြီး ဖြည့်စွက်ပြောကြားခဲ့ပါတယ်။

အစိုးရသတင်းရင်းကွက်တွေကနေ စိမ့်ထွက်လာတဲ့သတင်းတွေနဲ့ပေါင်းလိုက်ရင် အခြေအနေက မီးလောင်ရာလေပင့် သဘောဖြစ်သွားမှာပါ။ အခုလောလောဆယ် သေချာပေါက်ပြောနိုင်တာကတော့ ဟီလာရီဟာ သမ္မတအဖြစ်ရွေးချယ်ခံခဲ့ရရင်တောင်မှ သူ့ရဲ့သမ္မတသက်တမ်းပထမပိုင်းရက်တွေမှာ ဒီအီးမေးလ်ကိစ္စရဲ့အရိပ်မည်းကြီး လိုက်တာကို ခံရမှာပါ။

ကွန်ဂရက်ကိုတင်ပြခဲ့

ဟီလာရီကတော့ "ကျွန်မတို့အနေနဲ့ ညွှန်ကြားရေးမှူး ကွန်မီကို အချိန်မဆိုင်းဘဲ အပြည့်အစုံ လူသိရှင်ကြားထုတ်ပြန်ပေးဖို့ တောင်းဆိုပါတယ်။ ဒီအီးမေးလ်တွေက ဘယ်လိုအီးမေးလ်တွေလည်းဆိုတာကို ပွင့်ပွင့်လင်းလင်းကြည့်ကြရအောင်ပါ"လို့ စိန်ခေါ်ခဲ့ပါတယ်။ "အခုအသစ်တွေ့ရှိခဲ့တယ်ဆိုတဲ့ အီးမေးလ်တွေကြောင့် ဖက်ဒရယ်ထောက်လှမ်းရေးအဖွဲ့(FBI)ရဲ့ မူလဆုံးဖြတ်ချက်က ပြောင်းလဲလာမှာမဟုတ်ဘူး"လို့ပါ ဟီလာရီက ဖြည့်စွက်ပြောကြားခဲ့ပါတယ်။ ဖက်ဒရယ်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဂျိမ်းစ်ကွန်မီက "ကျွန်တော်တို့အနေနဲ့ ဒီအီးမေးလ်တွေ အရေးပါတယ်၊ မပါဘူးဆိုတာ မစစ်ရသေးပါဘူး။ ဒီအသစ်တွေ့ရှိခဲ့တဲ့ အီးမေးလ်တွေကို စစ်ဆေးဖို့ အချိန်ဘယ်လောက်လိုမှာလဲဆိုတာကိုလည်း မခန့်မှန်းနိုင်သေးပါဘူး"လို့ ရှင်းလင်းပြောဆိုခဲ့ပါတယ်။ သမ္မတရွေးကောက်ပွဲ ကျင်းပဖို့ ၁၁ ရက်ပဲလိုတော့တဲ့ အခုလို အင်မတန်အရေးကြီးတဲ့အချိန်မှာ ဖက်ဒရယ်ထောက်လှမ်းရေး(FBI)ညွှန်ကြားရေးမှူးက သူကိုယ်တိုင် ဘာမှန်းရေရေရာရာမသိတဲ့အီးမေးလ်တွေကိစ္စ ကွန်ဂရက်ကိုတင်ပြခဲ့တာကတော့ အမှန်တကယ်ကိုပဲ မေးခွန်းထုတ်စရာပါ။

ရှင်းရှင်းလင်းလင်းမရှိ

ဝါရှင်တန်ဘီဘီစီသတင်းဌာနက အန်သိုနီဇာချာ (Anthony Zurcher) ကတော့ ဒီအသစ်တွေ့ရှိတယ်ဆိုတဲ့ အီးမေးလ်တွေကိစ္စဟာ ဘာမှမဟုတ်ပါဘူးကွာဆိုတာမျိုးဖြစ်နိုင်သလို၊ ဘာမဆိုဖြစ်သွားနိုင်တာမျိုးလည်း ဖြစ်ပွားနိုင်ပါတယ်လို့ မှတ်ချက်ပေးခဲ့ပါတယ်။ ပြောနိုင်တာကတော့ အမေရိကန်ပြည်သူတွေ သမ္မတရွေးကောက်ပွဲမှာ မဲဆန္ဒမပေးခင် ဒီကိစ္စကို ဘယ်လိုမှ အပြီးသတ်မစစ်ဆေးနိုင်တာကတော့ သေချာနေတာပါ။ ဂျိမ်းစ်ကွန်မီက ကွန်ဂရက်ကိုတင်ပြခဲ့တဲ့စာထဲမှာ အီးမေးလ်ထဲမှာ ဘယ်လို အချက်အလက်တွေပါတယ်ဆိုတာ ရှင်းရှင်းလင်းလင်းမရှိသလို အသစ်တွေ့ခဲ့တယ်ဆိုတဲ့ အီးမေးလ်အရေအတွက်က ဘယ်လောက်ဆိုတာကလည်း ရှင်းရှင်းလင်းလင်းမရှိပါဘူး။ ဒီအခြေအနေက အခုမှကို ကျယ်ပြန့်နေတဲ့ ကောလာဟလတွေကို ပိုကျယ်ပြန့်စေမှာပါ။ အစိုးရသတင်းရင်းကွက်တွေကနေ စိမ့်ထွက်လာတဲ့သတင်းတွေနဲ့ ပေါင်းလိုက်ရင် အခြေအနေက မီးလောင်ရာလေပင့်သဘောဖြစ်သွားမှာပါ။ အခု လောလောဆယ်သေချာပေါက်ပြောနိုင်တာကတော့ ဟီလာရီဟာ သမ္မတအဖြစ်ရွေးချယ်ခံခဲ့ရရင်တောင်မှ သူ့ရဲ့ သမ္မတသက်တမ်းပထမပိုင်းရက်တွေမှာ ဒီအီးမေးလ်ကိစ္စရဲ့ အရိပ်မည်းကြီးလိုက်တာကို ခံရမှာပါ။

အောင်မြင်မှုအရှိန်အဟုန်

ဒီလိုအခြေအနေတွေကြားမှာ ဟီလာရီဟာ သူ့ရဲ့ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုတွေကို အရှိန်အဟုန်မြင့်ဆောင်ရွက်နေပါတယ်။ ဟီလာရီရဲ့ မဲဆွယ်လှုပ်ရှားရေးမန်နေဂျာဖြစ်တဲ့ ရော့ဘီမုခ် (Robby Mook) က ဟီလာရီရဲ့ မဲဆွယ်လှုပ်ရှားရေးလေယာဉ်ပျံနောက်ပိုင်းမှာရှိတဲ့ သတင်းထောက်တွေကို "လက်ရှိပေးနေတဲ့ ကြိုတင်ဆန္ဒမဲတွေအရ ဟီလာရီက အသာရနေပါတယ်"ဆိုတာကို ပြောပြခဲ့ပြီး အောင်မြင်မှုအရှိန်အဟုန်ကို မြှင့်တင်နိုင်ဖို့ အစဉ်အလာအရ ရီပတ်ဘလီကန်ပါတီဘက်ကို ယိမ်းလေ့ရှိတဲ့ အရီဇိုးနား (Arizona) ပြည်နယ်မှာ ဟီလာရီကိုယ်တိုင် ရှေ့အပတ်မှာ မဲဆွယ်စည်းရုံးရေးခရီးဆင်းမယ့်အကြောင်းကို ပြောပြခဲ့ပါတယ်။ ဒေါ်နယ်ထရန့်ကလည်း ပေးလာတဲ့အခြေအနေကို အစွမ်းကုန်အမြတ်ထုတ်နိုင်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ နယူးဟမ့်ရှိုင်းယားပြည်နယ်က မန်ချက်စတာမြို့မှာ ကောင်းချီးညြှာဘာပေးနေတဲ့ လူအုပ်ကြီးကို ဒေါ်နယ်ထရန့်က "ဖက်ဒရယ်ထောက်လှမ်းရေး (FBI) က ဟီလာရီရဲ့ ဥပဒေချိုးဖောက်တဲ့ ရာဇဝတ်မှုမြောက်တဲ့လုပ်ရပ်တွေကို ပြန်အမှုဖွင့်စစ်ဆေးနေပါပြီ။ ဟီလာရီရဲ့ ဒီလုပ်ရပ်ဟာ အမေရိကန်နိုင်ငံရဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေတာပါ" လို့ ဟောပြောစည်းရုံးခဲ့ပါတယ်။ ပြောရရင် ဖက်ဒရယ်ထောက်လှမ်းရေးအဖွဲ့(FBI)ရဲ့ လုပ်ရပ်ကို ရီပတ်ဘလီကန်ပါတီဝင်ထဲက တချို့က ပြောင်ထောက်ခံပြောဆိုလာပါတယ်။ ရီပတ်ဘလီကန်ပါတီဝင်အမတ်တွေထဲမှာ သြဇာရှိတဲ့ ပေါလ်ရန်း(Paul Ryan)က "ဖက်ဒရယ် ထောက်လှမ်းရေးအဖွဲ့(FBI) ရဲ့ လုပ်ရပ်ဟာ မိုးလွန်မှ ထွန်ချတဲ့လုပ်ရပ်မျိုးပါ" ဆိုပြီး ဝေဖန်ခဲ့ပါတယ်။ ဒီအနေအထားမှာ အောက်လွှတ်တော်ဥက္ကဋ္ဌလည်းဖြစ်တဲ့ ပေါလ်ရန်းက ဖက်ဒရယ်ထောက်လှမ်းရေးအဖွဲ့ (FBI) အနေနဲ့ ဟီလာရီကို ထိပ်တန်းလုံခြုံရေးလျှို့ဝှက်သတင်းတွေ အစီရင်ခံနေတာကို ရပ်ဆိုင်းဖို့ တောင်းဆိုခဲ့ပါတယ်။ ဟီလာရီကို ဖက်ဒရယ်ထောက်လှမ်းရေးအဖွဲ့ (FBI) က သမ္မတလောင်းတစ်ယောက်အနေနဲ့ နိုင်ငံရဲ့ ထိပ်တန်းလုံခြုံရေးလျှို့ဝှက်သတင်းတွေကို အစီရင်ခံရပါတယ်။ အောက်လွှတ်တော်ဥက္ကဋ္ဌ ပေါလ်ရန်းက "ကျွန်တော်တို့က ဟီလာရီကို နိုင်ငံရဲ့ အရေးအကြီးဆုံးဖြစ်တဲ့ လျှို့ဝှက်ချက်တွေကိုယုံပြီး ပုံအပ်ခဲ့ရတာပါ။ ဟီလာရီက ဒီထိပ်တန်းလျှို့ဝှက်ချက်တွေကို လက်လွတ်စပယ် ကိုင်တွယ်ပြီး သူ့အပေါ် ကျွန်တော်တို့ပုံအပ်ထားတဲ့ ယုံကြည်မှုကို အလွဲသုံးစားလုပ်ခဲ့ပါတယ်"လို့ ဝေဖန်ခဲ့ပါတယ်။ သုံးသပ်ရရင်တော့ ဒီတစ်ကျော့ပြန် အီးမေးလ်ကိစ္စဟာ ဟီလာရီရဲ့ အောင်မြင်မှုတွေကို ရပ်တန့်စေမှာတော့ မဟုတ်ပါဘူး။ ဒေါ်နယ်ထရန့်ရဲ့ အရှုံးကို အရှက်ပြေကာကွယ်ပြောဆိုနိုင်လောက်အောင်ပဲ လျော့နည်းကောင်း လျော့နည်းစေမှာပါ။ ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

နေပြည်တော် အောက်တိုဘာ ၃၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ယနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် Gen. Fang Fenghui က ပေကျင်းမြို့ Ba Yi တပ်မတော်ခန်းမ မျက်နှာစာ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ်တို့ တွေ့ဆုံကြပြီး တပ်မတော်နှစ်ရပ်ခေါင်းဆောင်များ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်ကိစ္စများ၊ မဟာဗျူဟာအဆင့်ဆွေးနွေးညှိနှိုင်းမှုများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ အားကစား၊ ယဉ်ကျေးမှု၊ ဆေးပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စများ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် Gen. Fang Fenghui က မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Ling Guang Si ဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားကျောင်း ဆရာတော် Chang Zang အား သက်နှံးနှင့် လျှုဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် CETC ကုမ္ပဏီမှ ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး ကုမ္ပဏီဥက္ကဋ္ဌ Mr. Fan Youshan နှင့် တာဝန်ရှိသူများက ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။ **(သတင်းစဉ်)**

စာရေးဆရာ လက်ာရည်ကျော်၏ "ပန်းမာန်" စာအုပ် မိတ်ဆက်ပွဲနှင့် ရေးသူပတ်သူ ဆွေးနွေးပွဲ

ရန်ကုန် အောက်တိုဘာ ၃၁

နန်းဒေဝီစာပေတိုက်မှ ထုတ်ဝေဖြန့်ချိပြီး စာရေးဆရာ လက်ာရည်ကျော် ရေးသားသည့် ပန်းမာန် လုံးချင်းဝတ္ထုစာအုပ်မိတ်ဆက်ပွဲနှင့် ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲကို အောက်တိုဘာ ၃၀ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ် (People's Park) ရှိ TAB Book Center စာအုပ်ဆိုင်၌ ကျင်းပသည်။ စာအုပ်မိတ်ဆက်ပွဲကို ဖိတ်ကြားထားသော စာနယ်ဇင်းမီဒီယာများ၊ ရုပ်သံဌာနများနှင့် ဆရာ၏စာဖတ်ပရိသတ်များ တက်ရောက်ခဲ့ကြသည်။

ပန်းမာန်စာအုပ်သည် ဆရာလက်ာရည်ကျော်၏ အောင်မြင်ခဲ့သော "ပန်းဒေါင်း"စာအုပ်၏ အဆက်ဟုလည်းပြော၍ရပြီး သီးခြားဖတ်နိုင်သော ရသစာအုပ်တစ်အုပ်လည်းဖြစ်သည်။ တစ်ကိုယ်တော် ပရဟိတသမားလူငယ်လေးများ၏ စွန့်လွှတ်အနစ်နာခံသော စိတ်ဓာတ်များကို ဂုဏ်ပြုဖွဲ့ဆိုထားခြင်းဖြစ်သည်။ အခမ်းအနားမှူးအဖြစ် သရုပ်ဆောင် ပိုင်ဖြိုးသုက ဆောင်ရွက်ပြီး ဆရာလေး ဒေါ်ကရုဏာ၊

ဆရာကြည်မင်း၊ ဆရာမောင်သွေးသစ်၊ ဆရာမြတ်ခိုင်၊ ဆရာကိုရင်လှ၊ ဆရာဒေါက်တာစိုးလွင်၊ ဆရာမ ပုညခင်တို့က ပန်းမာန်စာအုပ်နှင့်ပတ်သက်ပြီး အမှတ်တရစကားပြောကြားခဲ့သည်။ တက်ရောက်လာကြသော စာဖတ်ပရိသတ်များက သိလိုသည်များကို မေးမြန်းကြပြီး ဆရာလက်ာရည်ကျော်က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။ **သတင်း-ခေးလား**

ဓာတ်ပုံ-ဖြိုးသီဟ

အနယ်အရပ်ရပ်မှ ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများအား ဒေသခံပြည်သူများထံပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၁

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ နယ်မြေလုံခြုံရေး တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအတွက် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ပြည်သူများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ရောင်နီဦးနှင့် မိတ်ဆွေများက ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများကို အောက်တိုဘာ ၂၈ ရက်က စစ်တွေမြို့မှတစ်ဆင့် ရေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ရာ အောက်တိုဘာ ၂၉ ရက် ညနေပိုင်းတွင် ဘူးသီးတောင်မြို့သို့ ရောက်ရှိခဲ့ပြီး ၎င်းရောက်ရှိလာသည့် စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများကို မောင်တောမြို့နယ်၊ သရက်အုပ်ကျေးရွာ၊ ရွက်ညိုတောင်ကျေးရွာ၊ ခြံပြင်ကျေးရွာ၊ စံပေပင်ရင်းကျေးရွာ၊ ကပ္ပကောင်းကျေးရွာ၊ ဆင်သေပြင်ကျေးရွာ၊ ဖားဝပ်ချောင်းကျေးရွာနှင့် တောင်ပြိုလက်ဝဲမြို့တို့ရှိ ဒေသခံပြည်သူများထံသို့ အောက်တိုဘာ ၃၀ ရက်တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုးနှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်ကာ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် တောင်ပြိုလက်ဝဲ ဝင်၊ ထွက်စခန်းရှိ နယ်စပ်ဒေသလုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များထံ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

◆

အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်သူများနှင့် ကူညီသူများအား ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၃၁

ရခိုင်ပြည်နယ် မောင်တောမြို့ မဂ်လာကြီးကျေးရွာအုပ်စု သာစည်ကျေးရွာနေ ကော်ရီမူလာ(ဘ)ဇော်ဟိရ်အာမတ်နှင့် မဂ်လာကြီးကျေးရွာနေ ဘာဘက်စ်(ဘ)ဆော်လာတူလာ တို့သည် တစ်ဖက်နိုင်ငံသို့ သွားရောက်မည့် ဘဂ်လီမများအား တစ်ဦးလျှင် ကျပ်တစ်သိန်းဖြင့် ပြင်ဖြူချောင်းဝနှင့် မဂ်လာကြီးချောင်းဝတို့မှ လှေဖြင့်ပို့ဆောင်ပေးလျက်ရှိရာ ၎င်းတို့နှစ်ဦးအား တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက ယနေ့နံနက် ၁၁ နာရီခွဲခန့်တွင် သာစည်ကျေးရွာနှင့် မဂ်လာကြီးကျေးရွာတို့၌ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့ ပို့ဆောင်ပေးနေသူများထဲတွင် အကြမ်းဖက်တိုက်ခိုက်မှုများ၌ ပါဝင်ခဲ့သူများပါရှိကြောင်း သိရသည်။

အလားတူ အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်မှုရှိသည်ဟုယူဆရသူ နူရိအာလောင်(ဘ)အာဗူကော်ရိမ်ကို အောက်တိုဘာ ၃၀ ရက်ညနေ ၃ နာရီ ၁၅ မိနစ်က ဘူးသီးတောင်မြို့မစျေးအနီး၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများကို တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ပြင်ဖြူနယ်မြေရဲစခန်းနှင့် မောင်တောမြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မောင်တောမြို့နယ် ငါးခူရကျေးရွာ၌ ဈေးဆိုင်ခန်းတစ်ခုမှစတင်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွား

နေပြည်တော် အောက်တိုဘာ ၃၁

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ငါးခူရကျေးရွာ၌ အောက်တိုဘာ ၃၀ ရက် ည စနာရီခွဲခန့်က မသက်ာဖွယ်ရာ မီးရောင်တွေ့မြင်ရသဖြင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ နုရူဒိန်(ဘ)ဒီမာမောက်၏ ဈေးဆိုင်ခန်း မီးလောင်ကျွမ်းနေသည်ကို တွေ့ရသည်။ **(ဝဲပုံ)**

မီးလောင်ကျွမ်းနေမှုအား အဆိုပါကျေးရွာတွင် နေထိုင်ကြသူများက ဗြိမ်းသတ်ခြင်းမရှိသဖြင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များက ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကိုခေါ်ယူပြီး ဝိုင်းဝန်းဖြိမ်းသတ်ရာည ၉နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် ခန့်မိုးဝါးထရံကာ ဆိုင်ကယ်ပြင်ဆိုင်တစ်ဆိုင်၊ ဆိုင်ကယ်အပိုပစ္စည်းဆိုင်တစ်ဆိုင်၊ ပရိဘောဂပစ္စည်းဆိုင်တစ်ဆိုင်၊ ဆံသဆိုင်တစ်ဆိုင်နှင့် ဆိုင်ခန်း အလွတ်နှစ်ခန်း စုစုပေါင်း ဆိုင်ခန်းခြောက်ခန်း ပျက်စီးဆုံးရှုံးခဲ့ပြီး ကျေးရွာလုံခြုံမှု ရရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

အတု အတု သတိပြု

ဦးဟန်ညွန့်(ဥပဒေ)

သတင်းတစ်ပုဒ်

- နွားနို့အချို့တွင် ဆိုးဆေးများအသုံးပြုနေသဖြင့် အရော အနှောပါဝင်သည့် အစားအစာများနှင့် ဓာတုဆေးဝါးအသုံးပြုထားသည့် အသီးအနှံများကို သွေးချို ဆီးချိုရောဂါရှင်များ သတိပြုစားသုံးသင့်ကြောင်း။
- နွားနို့အရည်ပျစ်စေရန် ကြံ့မှုထုတ်လုပ်သည့် ပစ္စည်းများထည့်ခြင်း၊ ဒံပေါက်ချက်ရာတွင် အသုံးပြုသည့် ဆိုးဆေးများ ပါဝင်နေသောကြောင့် သေချာစွာ ရွေးချယ်သောက်သုံးသင့်ကြောင်း မြန်မာနိုင်ငံ ဆီးချို သွေးချိုအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ တင့်ဆွေလတ်က ပြောကြောင်း။
- အရင်တုန်းက နွားနို့ကို ရေရောတာ၊ နွားနို့ပျစ်အောင်ဆိုပြီး သောက်တဲ့ဆားခါးရောတာတွေ၊ သကြားထည့်တာတွေရှိတယ်။ မြန်မာနိုင်ငံမှာ နွားနို့တော်တော်များများကို ဒီလိုလုပ်တယ်ဆိုတာ လေ့လာထားတဲ့ သုတေသနတွေအရ ပြောတာ။ အခုကျတော့ ကြံကထွက်တဲ့ဟာကို ကျိုလိုက်ရင် ကပ်စေးနဲ့ဆိုတာရှိတယ်။ အဲဒါရောတယ်။ နောက်ပြီး နွားနို့အရောင်က ဝါတာတာဆိုတော့ ဒံပေါက်ဆိုးဆေးနည်းနည်း ထည့်လိုက်တယ်လို့ သိရတယ်။ ဒါကြောင့် နွားနို့စစ်စစ်ကို သေသေချာချာ ရွေးချယ်ပြီးမှ သောက်ပါဟု ဒေါက်တာ တင့်ဆွေလတ်က ပြောကြောင်း။
- ဆန်ကို စားသုံးသည့်အခါ၌လည်း အလွန်အကျွံ ဖြူအောင် ခွဲတ်ထားသည့်ဆန်များထက် လုံးတီးဆန် (အညိုရောင်ကျန်သည့်ဆန်)များကို ရွေးချယ်သင့်ပြီး စေးကွက်အတွင်း ဆီးချိုရောဂါရှင်များ အတွက်ဟုဆိုကာ သတ်မှတ်ရောင်းချနေသည့် ဆန်များသည် ဆီးချိုဆန်မဟုတ်ကြောင်း။
- ဆီးချိုသမားတွေအတွက် ဆီးချိုဆန်ဆိုတာ တကယ်တော့မရှိဘူး။ ဆီးချိုဆန်ဆိုပြီးဘယ်သူက သတ်မှတ်လိုက်လဲမသိဘူး။ ဆီးချိုဆန်ဆိုတာနဲ့ ပုံမှန်ဆန်ထက်လည်း စေးနှုန်းကပိုများသွားတယ်။ ဆီးချိုသမားတွေကလည်း ဆီးချိုဆန်စားတာ ကိုယ့်အတွက် လုံခြုံပြီထင်ပြီး တခြားမတည့်တဲ့ အစားအစာတွေပါ လျှောက်ပြီး စားကုန်ကြတယ်။
- ထို့အပြင် အဖြူရောင်ပေါင်မုန့်များသည် ဆီးချိုကို ပိုမိုတက်စေနိုင်သောကြောင့် ရှောင်ကြဉ်သင့်ပြီး သွေးချိုတက်နေသည့်အချိန်တွင် သစ်သီးဝလံစားသုံးခြင်းကို ရှောင်ကြဉ်ရန်နှင့် ဓာတုဆိုးဆေးထိုးသွင်းထားသည့် အသီးအနှံများကို ပိုမိုသတိထားသင့်ကြောင်း ထပ်လောင်း၍ ဒေါက်တာတင့်ဆွေလတ်က သတိပေးကြောင်း 7 DAY DAILY သတင်းစာ(၂၆-၁၀-၁၆) စာမျက်နှာ A-7 တွင် သတင်းထောက် ဟေမာန်ညီညီက သတင်းတစ်ပုဒ်ရေးထားသည်။ တန်ဖိုးရှိသောသတင်းတစ်ပုဒ်ဖြစ်ပါသည်။

ဆေးဝါးအတုများသတင်း

- ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်ဆေးခန်းများနှင့် ဆေးဆိုင်များရှိနေသဖြင့် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တာဝန်ရှိသူများပူးပေါင်း၍ ရှောင်တခင်စစ်ဆေး ပိတ်သိမ်း အရေးယူသွားမည်ဖြစ်ကြောင်း။
- စျေးကွက်အတွင်းဆေးဝါးအတုများ ရောနှောရောင်းချနေခြင်းအပါအဝင် တရားမဝင် ဆေးခန်းများဖွင့်လှစ်၍ ဆေးကုသမှုများ လုပ်ဆောင်နေကြောင်း၊ ဆေးဝါးအတုနှင့် ဆရာဝန်အတုများကြောင့် ပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရန် ဥပဒေနှင့်အညီ စစ်ဆေးအရေးယူရခြင်းဖြစ်ကြောင်း၊ အများစုမှာ ပြည်ပမှ တရားမဝင်တင်သွင်းသည့် ဆေးဝါးအတုများရှိနေကြောင်း။
- တရားဝင်မှတ်ပုံတင်သော ဆေးဆိုင်များ၌ပင် ဆေးဝါးအတုများ ပါဝင်နေကြောင်း၊ ဆေးဝါးနှင့် ဆရာဝန်စစ်၊ မစစ် စုံစမ်းဖော်ထုတ်အရေးယူမည်ဖြစ်ကြောင်း စသည်ဖြင့် မြဝတီသတင်းစာ(၂၇-၁၀-၁၆)စာမျက်နှာ-၅ တွင် သတင်းထောက် စိုးမိုးက သတင်းတစ်ပုဒ်ရေးထားပြန်သည်။ ပြည်သူ့အကျိုးပြုသတင်းဖြစ်ပါသည်။ ကြိုဆိုအပ်ပါသည်။

နွားနို့အတု၊ ဆေးဝါးအတု

နွားနို့အတု၊ ဆေးဝါးအတုများကို စားသုံးမိသောစားသုံးသူများအတွက် ရင်နင့်ဖွယ်၊ ဘဝပျက်ဖွယ် ခံစားခဲ့ရသည်များကို မသိကျိုးကျွံပြုကြလေသလား။ "ဘယ်သူသေသေ ငတေမာရင်ပြီးရော" ဆိုတဲ့ လောဘဇောတိုက်နေသူများ၊ သမ္မာအာဇီဝ စီးပွားရှာမစားသူများ၊ မေတ္တာတရားခေါင်း ပါးသူများ၊ လိမ်လည်လှည့်ဖြား စီးပွားရှာကြသူများကြောင့် အသက်ဆုံးရှုံးကြရသူများ။ "ကိုယ်ချင်းစာတရား မရှိကြ တော့ဘူးလား" ဟုသာ ကိုယ်ကျိုးဖက်သူ၊ စီးပွားရှာသူ၊ မေတ္တာတရားခေါင်းပါးသူများအား မေးလိုက်ပါရစေ။

စားသုံးသူအကာအကွယ်ပေးရေး

"စားသုံးသူအကာအကွယ်ပေးရေး"ဆိုသည်မှာ "ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူအား ဥပဒေဆိုင်ရာအကာအကွယ်ပေးရေး၊ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးရေးကိုဆိုသည်"ဟု ၁၄-၃-၂၀၁၄ ရက်စွဲဖြင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၂(ခ)တွင် အဓိပ္ပာယ်ဖွင့်ဆိုသည်။

ကုန်စည်ဆိုသည်မှာ

ကုန်စည်ဆိုသည်မှာ "လူအများအသုံးပြုနိုင်ရန်နှင့် စားသုံးရန်တို့အတွက် ထိတွေ့နိုင်သော၊ သို့မဟုတ် အပြည့်အဝ မထိတွေ့နိုင်သော၊ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့ပြောင်းနိုင်သော၊ စားသုံးနိုင်သော သို့မဟုတ် မစားသုံးနိုင်သော ကိုင်တွယ်နိုင်သည့် အရာကိုဆိုသည်ဟု စားသုံးသူအကာအကွယ်ပေးရေးဥပဒေပုဒ်မ ၂(ဂ)တွင် အဓိပ္ပာယ်ဖွင့်သည်။

လိမ်လည်လှည့်ဖြားမှု

လိမ်လည်လှည့်ဖြားမှုဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မှားယွင်းသော ဖော်ပြမှုကိုဖြစ်စေ၊ မမှန်မကန်သော ကြော်ငြာကိုဖြစ်စေ၊ သဘောရိုးဖြင့် ဆောင်ရွက်ခြင်း၊ မဟုတ်သည့်ပြုလုပ်မှုကို လည်းကောင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် သဘာဝအရည်အသွေးကိုဖြစ်စေ၊ ထုတ်လုပ်မှုဖြစ်စဉ်ကို ဖြစ်စေ၊ ဆောင်ရွက်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဝိသေသ လက္ခဏာကိုဖြစ်စေ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းကို ဖြစ်စေ၊ ရည်ရွယ်ချက်ကိုဖြစ်စေ၊ အရေအတွက်ကိုဖြစ်စေ၊ အများပြည်သူက ယုံကြည်မှုလွဲမှားစွာ လက်ခံရန် မရိုးမဖြောင့်သော သဘောဖြင့် ပြုလုပ်မှုကိုလည်းကောင်း ဆိုသည်" ဟု စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၂(ဇ)တွင် အဓိပ္ပာယ်ဖွင့်ဆိုသည်။

ဥပဒေ၏ရည်ရွယ်ချက်များ

စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်များမှာ စားသုံးသူတို့သည် မိမိတို့၏ အခွင့်အရေးများကို သိရှိနားလည်၍ တောင်းဆိုရယူနိုင်ရန်နှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုသုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုတို့ မခံရစေရန်၊ စားသုံးသူတို့၏ အခွင့်အရေးများကို ထိရောက်စွာ ကာကွယ်နိုင်သော စနစ်တစ်ရပ်ပေါ် ပေါက်လာစေရန်၊ စားသုံးသူအား ဥပဒေအရ အကာအကွယ်ပေးခြင်း၊ မှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းတို့ ပါဝင်သော စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းအစီအမံပေါ် ပေါက်လာစေရန်၊ စီးပွားရေးလုပ်ငန်းရှင်တို့က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအပေါ် အလေးထားလိုက်နာခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ယူမှုမရှိသော အပြုအမူများဖြစ်ပေါ် စေရန်၊ စားသုံးသူတို့၏ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော ကုန်စည်၊ သို့မဟုတ် ဝန်ဆောင်မှုဖော်ဆောင် ဖြည့်ဆည်းပေးရန်တို့ဖြစ်ပါသည်။ ဥပဒေအပြည့်အစုံကို ဆက်လက်လေ့လာစေချင်ပါသည်။

ဗဟိုကော်မတီ

စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီအား ဥပဒေ ပုဒ်မ ၅ အရ လုပ်ငန်းတာဝန်များ သတ်မှတ်ပြီး ဖြစ်ပါသည်။ လုပ်ငန်းတာဝန်ကျေပွန်စေချင်ပါသည်။ စားသုံးသူ၏ အခွင့်အရေး၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များကို ကျယ်ပြန့်စွာ ပြည်သူလူထုအတွင်း ချပြ၊ လက်တွေ့ အကောင်အထည်ဖော်သင့်ပါသည်။ အရေးယူမှုများ တိတိကျကျပြုသင့်ပါသည်။ ပြစ်မှုနှင့် လျော်ညီသော စီမံခန့်ခွဲမှု၊ ထောင်ဒဏ်၊ ငွေဒဏ် စသည်ဖြင့် ဆောင်ရွက်မှ သဘာဝကျပါမည်။ တရားမကြောင်းအရလည်း စွဲသင့်က စွဲဆိုစေလိုပါသည်။ ပညာပေးရုံဖြင့် မကျေနပ်သင့်တော့ပါ။

တင်ပြအကြံပြုချက်

(၁) အတု၊ အတု သတိပြုကြပါ။
(၂) ပညာပေးမှုမှတစ်ဆင့် တရားဥပဒေ၏ အစီအမံ ခံယူအပ်ပါကြောင်း။

အန္တရာယ်ရှိနေသောတံတားအား ပြုပြင်ပေးရန် ဒေသနေပြည်သူများဆန္ဒရှိနေ

မိုးညို အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် နတ်တလင်း-မိုးညိုလမ်း ရေအိုးစင်ကုန်းရွာနှင့် မယင်းငယ်ရွာအကြားရှိ ငါးပြေမတံတားမှာ သြဂုတ်လ ဒုတိယပတ်က ဧရာဝတီမြစ်ရေဝင်ရောက်ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် မိုးညိုမြို့မှလာလျှင် ရေအိုးစင်ကုန်းရွာအထွက် ငါးပြေမတံတားမှာ ပျက်စီးသွားခဲ့သည်။ ခရီးသွားပြည်သူများသွားလာမှု အဆင်ပြေစေရန် ဆောင်ရွက်ပေးသော်လည်း အခက်အခဲတွေ့ရှိနေကြောင်း သိရသည်။

ဆင်ဂေါင်းကျေးရွာမှ ဦးကြည်မြင့်က "တံတားပျက်စီးသွားပြီး စက်လှေတွေနဲ့ လုပ်ဆောင်ပေးပြီးနောက် ဝါးတံတား တည်ဆောက်ပေးတာပါ။ တံတားအရှည်က ပေ ၂၀၀ ကျော် လောက်ရှိတယ်။ ခရီးသွားသူတွေ အသွားအလာများတော့ ဝါးတံတားကကျိုးကျပြီး ကြံ့ခိုင်မှုနည်းပါး အန္တရာယ်ရှိပါတယ်။ ဝါးကပ်တွေတော့ရှိတယ်။ ဘာကြောင့်မလုပ်သေးတာလဲတော့မသိဘူး။ မသွားမဖြစ်သွားနေကြရတဲ့ကျောင်းသားတွေ၊ ဝန်ထမ်းတွေ၊ ဒေသနေပြည်သူတွေနဲ့ခရီးသွားလာသူတွေအတွက်က အန္တရာယ်များနေလို့ အမြန်ဆုံးပြုပြင်ပေးဖို့အားလုံးက ဆန္ဒရှိနေကြပါတယ်"ဟု ပြောသည်။ (ဝ၇၁)

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ၂၀၁၆ ဧနနဝါရီမှ အောက်တိုဘာလထိ ယာဉ်မတော်တဆမှု ၆၃၃ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၃၄ ဦး၊ ဒဏ်ရာရရှိသူ ၁၀၇၄ ဦး ရှိ

နေပြည်တော် အောက်တိုဘာ ၃၁

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှုများ လျော့နည်းပျောက်ရေးအတွက် သတ်မှတ်အမြန်နှုန်းထက်ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား နေ့ဆိုင်း၊ ညဆိုင်းဖြင့် အမြန်နှုန်းတိုင်းကိရိယာများ တိုင်းတာ၍ ဖမ်းဆီးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖမ်းဆီးဆောင်ရွက်ရာတွင် နေပြည်တော် တိုးဂိတ်၊ အမှတ်(၃) အမြန်လမ်းနှင့် စကားအင်းအုပ်ဝင်းအမြန်လမ်းတို့၌ သုံးနေရာခွဲလျက် ဖမ်းဆီးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁ ရက်မှ ၃၀ ရက်အထိ နေပြည်တော်အမြန်လမ်း တိုးဂိတ်တွင် သတ်မှတ်အမြန်နှုန်းထက်ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်အစီး ၁၀၄၀၊ အမှတ် (၃)အမြန်လမ်းဂိတ်တွင် အစီး ၆၁၆ ၊ စကားအင်းအုပ်ဝင်းဂိတ်တွင် ၅၃ စီး စုစုပေါင်း ၁၇၀၉ စီး ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

ထိုကဲ့သို့ အမြန်လမ်းကြီးကြပ်မှုအဖွဲ့များနှင့် အမြန်လမ်းရဲတပ်ဖွဲ့စခန်းများမှ မော်တော်ယာဉ်များအား ကြီးကြပ်၍ သတ်မှတ်မြန်နှုန်းထက် ပိုမောင်းသော မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသော်လည်း မော်တော်ယာဉ်မတော်တဆမှုများ သိသိသာသာ လျော့နည်းကျဆင်းသွားခြင်း မတွေ့ရပေ။

ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ယာဉ်မတော်တဆမှုများကြောင့် ၂၀၁၆ ခုနှစ် ဧနနဝါရီလမှ အောက်တိုဘာလအထိ ယာဉ်မတော်တဆမှုပေါင်း ၆၃၃ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၃၄ ဦး၊ ဒဏ်ရာရရှိသူ ၁၀၇၄ ဦးရှိခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။

၂၀၁၆ ခု ဧနနဝါရီလမှ အောက်တိုဘာလကုန်အထိ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်းအကြောင်းရင်းမှာ အရှိန်ပြင်းထန်စွာ မောင်းနှင်မှုကြောင့် ယာဉ်မတော်တဆမှု ၂၈၇ မှု၊ ယာဉ်မောင်းအိပ်ငိုက်ခြင်းကြောင့် ၃၈ မှု၊ လမ်းကူးပေါ့ဆမှုကြောင့် ခြောက်မှု၊ တိရစ္ဆာန်ကြောင့် ငါးမှု၊ ဆိုင်ကယ်ပေါ့ဆမှုကြောင့် ၉၀၊ အနေးယာဉ် ပေါ့ဆမှုကြောင့် နှစ်မှု၊ မဆင်မခြင်မောင်းနှင်မှုကြောင့် ၄၇ မှု၊ ဘီးပေါက်မှုကြောင့် ၁၃၅ မှု၊ စက်ချွတ်ယွင်းမှုကြောင့် ၅၆ မှု၊ လမ်းချော်မှုကြောင့် ၁၅ မှု စုစုပေါင်း ၆၃၃ မှု ဖြစ်ပွားခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။ **သန်းဦး(လေးမျက်နှာ)**

✪ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများ အတည်ပြုပေးရမည်ဖြစ်

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ယနေ့ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များက ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပေးရမည်ဖြစ်ပါကြောင်း၊ ၂၀၁۶-၂၀၁၇ ဘဏ္ဍာရေးနှစ်သည် မိမိတို့အစိုးရအဖွဲ့ တာဝန်ယူသည့် သက်တမ်း၏ ပထမနှစ်ဖြစ်ပါကြောင်း။

အစိုးရသစ် စတင်တာဝန်ယူစဉ် ပြည်ထောင်စုဝန်ကြီးဌာနများကို ပြင်ဆင်ဖွဲ့စည်းမှုများ ပြုလုပ်ခဲ့သည့်အတွက် ၂၀၁۶-၂၀၁၇ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး ပြန်လည်ပြင်ဆင်ခဲ့ရပါကြောင်း၊ ယခုပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုပေးနိုင်ရန်အတွက် ဘဏ္ဍာရေးကော်မရှင်က ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုစာရင်းနှင့်အတူ ထောက်ခံတင်ပြရမည်ဖြစ်ပါကြောင်း။

မက်ခရိုစီးပွားရေးအခြေအနေ

လတ်တလောဖြစ်ပေါ်နေသည့် နိုင်ငံတော်၏ မက်ခရိုစီးပွားရေးအခြေအနေအရ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)သည် ခန့်မှန်းထားသည်ထက် လျော့နည်းနိုင်ပြီး စီးပွားရေးတိုးတက်မှုနှုန်းသည်လည်း ခန့်မှန်းသည်ထက် လျော့နည်းနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ယင်းလျော့နည်းရခြင်းသည် လယ်ယာကဏ္ဍတွင် သဘာဝဘေးကြောင့် ကုန်ထုတ်လုပ်မှုကျဆင်းခြင်း၊ သစ်တောကဏ္ဍတွင် သစ်ထုတ်လုပ်မှုများ လျော့ချထားခြင်း၊ စွမ်းအင်ကဏ္ဍတွင် ကမ္ဘာနှင့်အဝှမ်း ရေနံနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းများ ကျဆင်းမှုကြောင့် ရင်ငွေများ

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း

လျော့နည်းသွားခြင်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို လျော့နည်းစေရန် စီမံဆောင်ရွက်မှုကြောင့် ထုတ်လုပ်မှုလျော့နည်းခြင်းတို့ ဖြစ်ပေါ်ခဲ့ပါကြောင်း ပြောကြားသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်းမတည်ငြိမ်မှုများကို ကြုံတွေ့ခဲ့ရ

အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ ငွေကြေးတန်ဖိုးများအပေါ် ရိုက်ခတ်ခဲ့ရာတွင် မြန်မာနိုင်ငံသည်လည်း နိုင်ငံခြားငွေလဲလှယ်နှုန်း မတည်ငြိမ်မှုများကို ကြုံတွေ့ခဲ့ရပါကြောင်း၊ နှစ်အဆက်ဆက် ဘတ်ဂျက်လိုငွေပြမှုအပါအဝင် ကုန်ထုတ်လုပ်မှု၊ စားသုံးမှု၊ ဝယ်လိုအား၊ ရောင်းလိုအား အခြေအနေများအရ ငွေဖောင်းပွမှုနှုန်း မြင့်မားလာသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ငွေရေး ကြေးရေးနယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှုများ တိုးမြှင့်ဆောင်ရွက်ရန် ပြင်ဆင်နေပြီဖြစ်ပါကြောင်း၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့မှုတိုးမြှင့်ရရှိရန်၊ နိုင်ငံပိုင်လုပ်ငန်းများ ပြန်လည်တည်ဆောက်ရန်၊ ပြောင်းလဲနိုင်ရန် ဆက်လက်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ကမ္ဘာ့စီးပွားရေး နှေးကွေးကျပ်တည်းနေသည့် ယခုအချိန်တွင် နိုင်ငံတော်၏ဘဏ္ဍာငွေများကို သုံးစွဲရာတွင် စိစိစစ်စစ်၊ အကျိုးရှိရှိ သုံးစွဲကြရန်၊ သုံးစွဲမှုများနှင့်ပတ်သက်

ဒုတိယသမ္မတ ဦးမြင့်ဆွေ

ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ

၅၂ လည်း ပွင့်လင်းမြင်သာမှုမြှင့်တင်ပြီး စောင့်ကြည့်မှုခံယူနိုင်ရန် မှာကြားလိုပါကြောင်း။

စီးပွားရေးမူဝါဒ ၁၂ ချက် ချမှတ်ပေးထား

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမေရိကန်ခရီးစဉ်အပြီးတွင် စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားပေးလိုက်ပြီဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ခဲ့သည့်အတွက် ပိတ်ဆို့မှုများဖယ်ရှားပေးချိန်နှင့် အချိန်ကိုက်ဟု ဆိုနိုင်ပါကြောင်း၊ ပြည်တွင်းစီးပွားရေးအပေါ် သက်ရောက်မှုရှိနေသည်မှာ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတော်အစိုးရ၏ စီမံကိန်းနှင့် ဘတ်ဂျက်သုံးစွဲမှုများပင် ဖြစ်ပါကြောင်း၊ စီးပွားရေးတိုးတက်မှုကို တွန်းတင်နိုင်ရန် စီးပွားရေးမူဝါဒ ၁၂ ချက်ကို ချမှတ်ပေးထားပြီး ရင်းနှီးမြှုပ်နှံမှု ဦးစားပေးမူဝါဒများလည်း ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး စသည့်လုပ်ငန်းစဉ်များသည်လည်း ယခုဆိုလျှင် လမ်းကြောင်းမှန်ပေါ်တွင် တည်တည်ငြိမ်ငြိမ်ဖြင့် ရှေ့သို့ဆက်လက်လျှောက်လှမ်းနေနိုင်ပြီ ဖြစ်ပါကြောင်း၊ အစိုးရအလွှဲအပြောင်း၏နောက်တွင် အုပ်ချုပ်ရေးယန္တရားပြန်လည်တည်ဆောက်ရင်း တစ်ဖက်ကလည်း မူဝါဒအသစ်များနှင့် အပြောင်းအလဲများ ဖြစ်ထွန်းလာရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာတွင် ယခုအတန်အသင့် တည်ငြိမ်လာပြီဖြစ်သည့်အတွက် နိုင်ငံတော်က အလေးထားနေသည့် စီးပွားရေးနယ်ပယ်ကြီးတစ်ခုလုံး တိုးတက်မှုကို အာရုံစိုက်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

သတ်မှတ်ချိန်အတွင်း ပြန်လည်အပ်နှံကြရန် လိုအပ်

ယခုနှစ်တွင် အစိုးရဌာနများအနေဖြင့် အဓိကအားထားရသည့် ရင်ငွေများ လျော့နည်းနိုင်သည့်အတွက် အသုံးစရိတ်များကို ချင့်ချိန်သုံးစွဲကြရန်နှင့် ရင်ငွေကိုလည်း တတ်နိုင်သမျှ တိုးတက်အောင် ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒကို အကောင်အထည်ဖော်နိုင်ရန် ဌာနများ အနေဖြင့် ရင်ငွေများကို လျာထားခဲ့သည်ထက် ပိုမိုတိုးမြှင့်ရရှိရန်၊ သုံးငွေများကို အလေအလွင့်မရှိစေဘဲ ထိရောက်စွာ သုံးစွဲရန်၊ အခြေအနေတစ်ရပ်ရပ်ကြောင့် ပိုလျှံငွေ ပြန်လည်အပ်နှံရပါကလည်း သတ်မှတ်ချိန်အတွင်း ပြန်လည်အပ်နှံကြရန် လိုအပ်ပါကြောင်း။

ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြမည့် ၂၀၁۶-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့် စီစစ်မှု၊ ပြည်ထောင်စုမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထပ်မံထောက်ပံ့ရမည့်ထောက်ပံ့ငွေ၊ ၂၀၁۶-၂၀၁၇ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့အပေါ် ဝိုင်းဝန်းဆွေးနွေးအတည်ပြုပေးရမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ပြောကြားသည်။

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုဌာနအဖွဲ့အစည်းများ၏ ၂၀၁۶-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများမှာ သာမန်အသုံးစရိတ်တွင် ကျပ် ၆၀၇ ဒသမ ၃၈၆ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကျပ် ၅၅၃ ဒသမ ၇၂၆ ဘီလီယံ၊ ကြွေးမြီအသုံးစရိတ်တွင် ကျပ် ၄၆ ဒသမ ၈၆၀ ဘီလီယံ၊ လုပ်ငန်းသုံးရင်းနှီးငွေတွင် ကျပ် ၁၄၆ ဒသမ ၆၄၂ ဘီလီယံ စုစုပေါင်းဖြည့်စွက်ခွင့်ပြုတောင်းခံမှု ကျပ် ၁၃၅၄ ဒသမ ၆၁၄ ဘီလီယံ ဖြစ်ပါကြောင်း။

၂၀၁۶-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပထမ(၆)လတာကာလအတွင်း ဘတ်ဂျက်အကောင်အထည်ဖော်နိုင်မှုအခြေအနေများအရ အချို့ဗဟိုအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများ ရင်ငွေလျော့နည်းလျာထားခြင်း၊ အချို့ဗဟိုအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများ ရင်ငွေတိုးမြှင့်လျာထားလိုခြင်း၊ အချို့ဗဟိုအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများ သုံးငွေ ထပ်မံလိုအပ်ခြင်းနှင့် သုံးငွေလျော့နည်း သုံးစွဲလိုခြင်း စသည်တို့ကိုတွက်ချက်ရာတွင် ရင်ငွေမှာ မူလခန့်မှန်းခြေထက် ကျပ် ၁၇၃ ဒသမ ၅၀၉ ဘီလီယံ ပိုမိုရရှိလာသည်ကို အသုံးစရိတ်မှာ မူလခန့်မှန်းခြေထက် ကျပ် ၉၁၀ ဒသမ ၉၉၀ ဘီလီယံ ပိုမိုလာကြောင်း တွေ့ရှိရပါကြောင်း။

လိုင်ငွေနှင့် ဂျီဒီပီအချိုးမှာ ၄ ဒသမ ၉၇ ရာခိုင်နှုန်းဖြစ်

ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းများက ဖြည့်စွက်ခွင့်ပြုငွေ ကျပ် ၂၁၂ ဒသမ ၇၇၉ ဘီလီယံ တောင်းခံခဲ့သည့်အပေါ် ကျပ် ၇၆၇ ဒသမ ၁၆၅ ဘီလီယံ စိစစ်လျှော့ချခဲ့ပြီး ကျပ် ၁၃၅၄ ဒသမ ၆၁၄ ဘီလီယံ ခွင့်ပြုထားပါကြောင်း၊ ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းများ၏ မူလခန့်မှန်းခြေအသုံးစရိတ် ကျပ် ၂၀၂၆၆ ဒသမ ၆၃၀ ဘီလီယံဖြစ်ပြီး ယခုခွင့်ပြုမည့် ဖြည့်စွက်ခွင့်ပြုငွေကျပ် ၁၃၅၄ ဒသမ ၆၁၄ ဘီလီယံ အပါအဝင် ပြုပြင်ပြီး ခန့်မှန်းခြေအသုံးစရိတ် ကျပ် ၂၁၁၇၇ ဒသမ ၆၃၀ ဘီလီယံဖြစ်ပါကြောင်း၊ ရင်ငွေဘက်တွင် မူလခန့်မှန်းခြေရင်ငွေကျပ် ၁၆၉၇၈ ဒသမ ၉၉၁ ဘီလီယံဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေရင်ငွေကျပ် ၁၇၁၅ ဒသမ ၅၀၀ ဘီလီယံဖြစ်ပါကြောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေအရ လိုင်ငွေမှာ ကျပ် ၄၀၂၅ ဒသမ ၁၃၀ ဘီလီယံဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေရေးဆွဲချိန်တွင် ခန့်မှန်းထားရှိသည့် ဂျီဒီပီတန်ဖိုးမှာ ကျပ် ၈၁၀۶၄ ဒသမ ၃၃၉ ဘီလီယံဖြစ်သည့်အတွက် လိုင်ငွေနှင့် ဂျီဒီပီအချိုးမှာ ၄ ဒသမ ၉၇ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

သို့ဖြစ်၍ ပြည်ထောင်စုဌာနအဖွဲ့အစည်းများ၏ ၂၀၁۶-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း အပါအဝင် ၂၀၁۶-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား ဘဏ္ဍာရေးကော်မရှင်ကသုံးသပ်၍ ထောက်ခံအတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုမှ ထောက်ပံ့ငွေအဖြစ် ခွင့်ပြုပေးခဲ့

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁۶-၂၀၁၇ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းတွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးလျာထားမှုအခြေအနေမှာ စုစုပေါင်း ရင်ငွေ ကျပ် ၅၆၁ ဒသမ ၅၁၂ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၂၂၄၉ ဒသမ ၇၃၁ ဘီလီယံ၊ အသားတင်လိုငွေ ကျပ် ၁۶၈၈ ဒသမ ၂၁၉ ဘီလီယံ ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များ၏ မူလခန့်မှန်းခြေလိုငွေ ကျပ် ၁۶၈၈ ဒသမ ၂၁၉ ဘီလီယံအား ပြည်ထောင်စုမှ ထောက်ပံ့ငွေအဖြစ် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ထို့ပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် စုစုပေါင်းကျပ် ၃၂ ဒသမ ၂၀၀ ဘီလီယံကိုလည်း ဥပဒေနှင့်အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ပါကြောင်း။

သို့ဖြစ်၍ ၂၀၁۶-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှု၊ စိစစ်လျှော့ချမှုနှင့် ခွင့်ပြုနိုင်မှုအခြေအနေမှာ စုစုပေါင်းဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု ကျပ် ၃၁၄ ဒသမ ၀၉၉ ဘီလီယံ၊ စုစုပေါင်း စိစစ် လျှော့ချမှု ကျပ် ၅၆ ဒသမ ၈၂၅ ဘီလီယံ၊ ဖြည့်စွက်ခွင့်ပြုငွေခွင့်ပြုမှု ကျပ် ၂၅၇ ဒသမ ၂၇၄ ဘီလီယံ ဖြစ်ပါကြောင်း။

ခွဲဝေပေးထားသည့်ဘဏ္ဍာငွေများ အကျိုးရှိထိရောက်စွာ အသုံးပြုသွားကြရန်ဖြစ်

တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအနေဖြင့် ရရှိမည့်ဘဏ္ဍာငွေအရင်းအမြစ်နှင့် ခွဲဝေပေးထားသည့် ဘဏ္ဍာငွေများကို မိမိဒေသအတွက် အကျိုးရှိထိရောက်စွာ အသုံးပြုသွားကြရန်ဖြစ်ပါကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်သည့်နေရာတွင် အသုံးပြုသည့်ပစ္စည်းများကို စျေးနှုန်းသင့်တင့်မျှတပြီး အရည်အသွေးပြည့်မီစေရန်၊ တည်ဆောက်မှု သပ်ရပ်ကောင်းမွန်စေရန်၊ လုပ်ငန်းများကို သတ်မှတ်ကာလအတိုင်း ပြီးစီးနိုင်ရေးလုပ်ငန်း အကောင်အထည်ဖော်မှုအချိန်ဇယားရေးဆွဲပြီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုင်ငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၀၊ ပုဒ်မခွဲ (၇) ပါ ပြဋ္ဌာန်းထားချက်နှင့်အညီ ပြည်ထောင်စုက ဖြည့်ဆည်းပေးမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁۶-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများအပေါ် စိစစ်ခွင့်ပြုထားသော ဖြည့်စွက်ခွင့်ပြုငွေ ကျပ် ၂၅၇ ဒသမ ၂၇၄ ဘီလီယံနှင့် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းအရ ပြည်ထောင်စုက ထပ်မံထောက်ပံ့ပေးရမည့် ကျပ် ၁၇ ဒသမ ၉၃၀ ဘီလီယံတို့ကို ဘဏ္ဍာရေးကော်မရှင်က သုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထပ်မံထောက်ပံ့ရမည့် ထောက်ပံ့ငွေ

ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁۶-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့် စိစစ်မှု၊ ပြည်ထောင်စုမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထပ်မံထောက်ပံ့ရမည့် ထောက်ပံ့ငွေ၊ ၂၀၁۶-၂၀၁၇ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နိုဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွားရေးနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်နေကြပါကြောင်း၊ နိုင်ငံ့စီးပွားရေးကို အကျိုးပြုနိုင်သည့် စီမံကိန်းများ၊ ဘတ်ဂျက်များဖြစ်ရန် အစိုးရဌာနဆိုင်ရာများက တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု အပြည့်အဝရှိရန် အရေးကြီးပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို ကိုင်တွယ်သုံးစွဲကြရာတွင် ပြည်သူ့အကျိုးအတွက် စနစ်တကျရှိကြရန် လိုအပ်ပါကြောင်း။

အချိန်မရွေး အစစ်ဆေးခံနိုင်ရမည်

ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲကြရာတွင် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ တိကျစွာ သုံးစွဲကြရမည်ဖြစ်ပါကြောင်း၊ သုံးစွဲမှုများအတွက် ဌာနတွင်း စာရင်းစစ်အဖွဲ့၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ စစ်ဆေးမှုများကို စနစ်တကျခံယူနိုင်ရန် လိုအပ်ပါကြောင်း၊ တည်ဆောက်ရေး၊ ဝယ်ယူရေး၊ ပြင်ဆင်ထိန်းသိမ်းရေးအသုံးစရိတ်များ သုံးစွဲရာတွင် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့၏ ညွှန်ကြားချက်များနှင့်အညီ ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း၊ ဈေးနှုန်း၊ အရည်အသွေး စိစစ်ခြင်းတို့ကို ဆောင်ရွက်ကြရန်လိုပြီး အချိန်မရွေး အစစ်ဆေးခံနိုင်ရမည်ဖြစ်ပါကြောင်း။

ယခုအတည်ပြုနိုင်ပြီဖြစ်သည့် ၂၀၁۶-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှု၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ယခုအစည်းအဝေးတွင် ဆွေးနွေးအတည်ပြုထားသည့်အတိုင်း ဘဏ္ဍာရေးကော်မရှင်၏ထောက်ခံချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ သတ်မှတ်ချိန်အတွင်း ပေးပို့သွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရ ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများအနေဖြင့် ဖြည့်စွက်ခွင့်ပြုငွေများကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးမှသာ သုံးစွဲရမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် ပြည်ထောင်စုက ထောက်ပံ့ပေးမည့်ငွေများကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးမှသာ

စာမျက်နှာ ၉ သို့ ◆

◆ **စာမျက်နှာ ၈ မှ**

သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များကို နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းများ တင်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များကို ပြောလိုသည်မှာ ဘတ်ဂျက်ဆိုသည်မှာ တစ်နှစ်တာကာလ အတွက်သာ ခန့်မှန်းရေးဆွဲခြင်းဖြစ်ပြီး ခန့်မှန်းလျာထားမှုနှင့် အကောင်အထည်ဖော်မှုသည် တတ်နိုင်သမျှ အနီးစပ်ဆုံးဖြစ်ရမည်ဖြစ်ပါကြောင်း၊ မူလခန့်မှန်းခြေနှင့် ခြောက်လကျော်လွန်ပြီးသည့်နောက် ဆောင်ရွက်သည့် ပြုပြင်ပြီး ခန့်မှန်းခြေ၊ ရင်ငွေနှင့်သုံးငွေများစွာ ကွာခြားခြင်း၊ ပိုလျှံငွေများပြားစွာ ပြန်လည်အပ်နှံရခြင်း၊ ရန်ပုံငွေလွဲပြောင်းသုံးစွဲမှုများကို မကြာခဏာပြုလုပ်ခြင်းတို့သည် နှစ်စဉ် ဘတ်ဂျက်ရေးဆွဲမှုများအပေါ် များစွာထိခိုက်စေပါကြောင်း၊ ချမှတ်ထားသည့် ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒများကိုလည်း အကျိုးသက်ရောက်မှုရှိစေပါကြောင်း။

ယခုနှစ်အတွက် မူလခန့်မှန်းခြေနှင့်ပြုပြင်ပြီး ခန့်မှန်းခြေအတွေ့အကြုံများကိုအခြေခံပြီး လာမည့်ဘဏ္ဍာရေးနှစ်အတွက် မူလခန့်မှန်းခြေရေးဆွဲသည့်အခါ လျာထားသင့်သည့် ရင်ငွေများ၊ သုံးငွေများအတွက် ကြိုတင်မြော်တွေးတွက်ဆစီမံထားကြရန် မှာကြားလိုကြောင်း၊ ပြည်သူက အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးပြီး ပြည်သူ့ဘဏ္ဍာငွေများကို နိုင်ငံတော်အတွက် စီမံခန့်ခွဲသုံးစွဲကြရာတွင် မြန်မာကျပ်ငွေဖြစ်စေ၊ နိုင်ငံခြားငွေဖြစ်စေ လေလွင့်ယိုဖိတ်မှုမရှိစေရန် သတိပြုကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက်ရင်ငွေများ တိုးတက်ရရှိရန်အတွက် ရင်ငွေရှာဖွေရသည့်ဌာနများက ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း။

နိုင်ငံတော်၏နှစ်ရှည်၊ နှစ်တို၊ နှစ်စဉ် စီမံကိန်းများ အောင်မြင်စွာဖော်ဆောင်နိုင်ရန် လုံလောက်သည့် ဘတ်ဂျက်ရရှိနိုင်ရေး၊ နိုင်ငံ၏ကြွေးမြီခံနိုင်ရည်ရှိမှု အခြေအနေကို မထိခိုက်စေရန် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီ အချိုးကို နည်းနိုင်သမျှနည်းအောင် ထိန်းသိမ်းဆောင်ရွက်ရေး၊ ပြည်ပကရရှိနိုင်သည့် ထောက်ပံ့ငွေနှင့် သက်သာသည့် ချေးငွေများကို စနစ်တကျ ရယူသုံးစွဲနိုင်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် စီးပွားရေးတည်ငြိမ်မှုကို ဟန်ချက်ညီအောင် ထိန်းသိမ်းဆောင်ရွက်နိုင်ရေးတို့ကို အမြဲထာဝစဉ် ဦးထိပ်ထား ဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဘဏ္ဍာရေးကော်မရှင်က ထောက်ခံတင်ပြခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိ ထိရောက်အောင် စီမံခန့်ခွဲသုံးစွဲကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

(သတင်းစဉ်)

■

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဆိုးလ်မြို့ရှိ ရေသန့်စက်ရုံနှင့် Transport Control Center တို့အား လေ့လာ

နေပြည်တော် အောက်တိုဘာ ၃၁ ကိုရီးယားသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် Arisu Filtration Plant (ရေသန့်စက်ရုံ)သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ယင်းနောက် ဆိုးလ်မြို့ရှိ Transport Control Center ကိုကြည့်ရှုလေ့လာသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ် ပြီးဆုံး၍ ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ အင်ချွန်လေဆိပ်တွင် ကိုရီးယားနိုင်ငံ အမျိုးသားလွှတ်တော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရ ဦးသက်ဦးမောင်တို့က လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ည ၁၀ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Yoo Jae-kyung တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

■

❍ **ရန်ကုန်မြို့တွင်း၌မှ**

အပါအဝင် ရှေ့ခန်းစီးခရီးသည်ပါ ထိုင်ခုံခါးပတ် ပတ်ထားသည်ကို မြင်တွေ့ရသည်။

ထိုင်ခုံခါးပတ်ပတ်ထားခြင်းကြောင့် ယာဉ်အန္တရာယ်ကြုံတွေ့ရချိန် ခါးပတ်ကြိုးတင်းလာသဖြင့် လူ့ခန္ဓာကိုယ်မှာ ထိုင်ခုံနောက်မှီတွင် ကပ်နေခြင်း၊ ယာဉ်ရှေ့ခန်းထိုင်ခုံရှေ့မှ လေအိတ်များဖွင့်၍ လူထိခိုက်မှုသက်သာရာ ရခြင်းတို့ကြောင့် ယာဉ်စီးနင်းသူ၊ ယာဉ်မောင်းနှင်သူများအနေဖြင့် သက်ဆိုင်ရာမှ ထိုင်ခုံခါးပတ်ပတ်ထားခြင်း ရှိ၊ မရှိ စစ်ဆေး မှုရှိချိန်သာမက ယာဉ်မောင်းနှင်ချိန်တိုင်း ယာဉ်ပေါ်ပါသူများ ထိုင်ခုံခါးပတ် ပတ်ထားသင့်သည်ဟု ရွှေပြည်သာမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။**(မောင်စေအောင်)**

ချက်သမ္မတနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော် Park Royal ဟိုတယ်၌ အောက်တိုဘာ ၃၁ ရက် ည ၇ နာရီတွင်ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❍ **ကျောက်တံခါးဆည်မှ**

အဆိုပါကျောက်တံခါးဆည်မှာ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အစပ်တွင်တည်ရှိသော်လည်း ဆည်ထိန်းသိမ်းမှုလုပ်ငန်းများကို ကျောက်ပန်းတောင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းခြင်းဖြစ်ကြောင်း သိရသည်။ ကျောက်တံခါးဆည်မှာ ရေပြင်အကျယ် ၁၉၄၁ ပေရှိ၍ ရေလှောင်ပမာဏမှာ ၈က ၄၁၁၀၀ ပေဖြစ်ကြောင်း သိရသည်။ လက်ရှိအခြေအနေတွင် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ရွာသွန်းခဲ့သော မိုးရေချိန်အခြေအနေများအရ ရေဝင်ရောက်မှုများခဲ့ကြောင်း သိရသော်လည်း မိုးရွာသွန်းမှုအခြေအနေမှာလည်း သရက်တောရှေ့တန်းစခန်းရှိ မိုးရေချိန်မှတ်တမ်းများအရ အောက်တိုဘာ ၂၆ ရက်တွင် သုည ဒသမ ၇၂ လက်မ၊ အောက်တိုဘာ ၂၇ ရက်တွင် သုည ဒသမ ၂၃ လက်မ ရွာသွန်းခဲ့ပြီး အောက်တိုဘာ ၂၈ ရက်တွင် ရွာသွန်းမှုမရှိခဲ့ဘဲ အောက်တိုဘာ ၂၉ ရက်တွင် သုည ဒသမ ၇၈ လက်မ ရွာသွန်းခဲ့၍ အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီအထိ ရွာသွန်းမှုမှာ သုည ဒသမ ၉၃ လက်မ ရွာသွန်းခဲ့ကြောင်း သိရသည်။ အဆိုပါ မိုးရွာသွန်းမှုများကြောင့် လက်ရှိဆည်မှာ ရေမှတ် ၁၀၁၅ ဒသမ ၅ ပေရှိပြီး ရေပိုလွှဲအမြင့် ၁၀၁၅ ပေ ဖြစ်ရာ Spillway ပေအထက် ခြောက်လက်မ ကျော်ဖြင့် ရေလွှဲထုတ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"အခုလက်ရှိအခြေအနေအရ ဘာမှစိုးရိမ်စရာမရှိပါဘူး။ ဒီကျောက်တံခါးဆည်က တမံအမြင့်ပေ ၈၀ နဲ့ တမံအလျားပေ ၇၆၁၀ ရှိပါတယ်။ တမံအနေနဲ့လည်း ခိုင်ခံ့ပါတယ်။ ဆည်ကနတ်မောက်နယ်ဘက်မှာရှိပေမယ့် ကျွန်တော်တို့ကျောက်ပန်းတောင်းက ထိန်းသိမ်းရတာပါ။ ကျွန်တော်တို့လည်း မျက်ခြည်မပြတ်စောင့်ကြည့်နေတာပါ။ စိုးရိမ်စရာမရှိပါဘူး။ ဒီရက်ပိုင်းမိုးလေးနည်းနည်းများလို့ ရေပိုလွှဲကရေလွှတ်ပေးထားတာနဲ့စိုးရိမ်ပြီး ကောလာဟလဖြစ်တာထင်ပါတယ်။ ဘာမှမဖြစ်ပါဘူး"ဟု ကျောက်ပန်းတောင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းမြင့်ဦးက ပြောသည်။

အဆိုပါကျောက်တံခါးဆည်ကို ၂၀၀၂/၂၀၀၃ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ရေကူရေပေးဝေရေးအတွက် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါဆည်ရေထုတ်ပြွန်မှ ထုတ်လွှတ်သောရေများကို နတ်မောက်မြို့နယ်အတွင်းသို့ သွားသည့်ရေလွှဲမြောင်းနှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းသို့ သွားသောရေလွှဲမြောင်းများအတွင်း လွှဲထုတ်ခြင်းဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ်ဘက်တွင် အဆိုပါဆည်ရေမှာ ယာကြီးဆည်၊ တန်ခွန်တိုင်ဆည်အစရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆည်များသို့ရောက်ရှိပြီး ၎င်းမှတစ်ဆင့် ခပေါင်းကုန်းကန်၊ ဦးကဝိကန်၊ ဘဲကန် အစရှိသည့် ဆည်ငယ်၊ ကန်ငယ်များသို့ ဝင်ရောက်ကြောင်းနှင့် ၎င်းမှဆက်၍ တယ်ပင်တဲကျေးရွာအနီးရှိ တောင်ရေဆည်မှတစ်ဆင့် ကြက်မောက်တောင်ဆည် ရေကူမြောင်းကြီးသို့ဝင်ရောက်ပြီး ကြက်မောက်တောင်ဆည်သို့ ရောက်ရှိခြင်းဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ လက်ရှိအခြေအနေတွင် ကျောက်တံခါးဆည်အနေဖြင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း စုံစမ်းသိရှိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

■

❁ **မြရည်နန္ဒာမှ**

အဆိုပါလျှောက်လွှာများအား နိုဝင်ဘာတစ်လလုံး ရောင်းချပေးမည်ဖြစ်ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်အထိ လျှောက်လွှာများကို ပြန်လည်လက်ခံကာ ဇန်နဝါရီလအတွင်း မဲနှိုက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ပြောသည်။

"လျှောက်လွှာရောင်းချမယ့်ရက်နဲ့ အသေးစိတ်မူဝါဒစည်းကမ်းချက်တွေကို သတင်းစာမှာ ထည့်သွင်း ကြေညာပေးမှာပါ။ ဘယ်အဖွဲ့အစည်းတွေမှာ အိမ်ရာလိုအပ်ချက်တွေ ပိုပြီးရှိနေသလဲဆိုတာ သိချင်လို့ လျှောက်လွှာကို အရောင်ခွဲခြားသတ်မှတ်ပေးခြင်းဖြစ်ပါတယ်။ ဒါမှ လိုအပ်ချက်ပေါ်မူတည်ပြီး အိမ်ရာတွေ ထပ်ဆောက်ပေးနိုင်မှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ထို့ပြင် တိုက်ခန်းဝယ်ယူရန် လျှောက်ထားသူများအနေဖြင့် လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ချမှတ်ထားသော မူဝါဒများနှင့် အညီ အမှန်တကယ် အိမ်ရာလိုအပ်နေသူများသာ လျှောက်ထားရရှိနိုင်ရန် လျှောက်လွှာတွင် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးရုံး၏ ထောက်ခံချက်အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံချက်များလည်း ပါဝင်ရမည်ဖြစ်ကြောင်း သိရသည်။

"ဖြစ်နိုင်ရင် မဲမနှိုက်ရဘဲ အားလုံးကို ရစေချင်ပေမယ့် ဒီလိုလုပ်မပေးနိုင်သေးတဲ့အချိန်မှာ အမှန်တကယ်လိုအပ်နေတဲ့သူတွေပဲ ရစေချင်တယ်။ ရပြီး ရောင်းစားနေတဲ့သူတွေလက်ထဲကို ရောက်သွားရင် အလကားပဲ။ ဒါကြောင့် အများအတွက် စဉ်းစားချင့်ချိန်ပြီး လျှောက်ထားစေချင်တယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

တန်ဖိုးမျှတ တိုက်ခန်းဝယ်ယူရန်အတွက် လျှောက်ထားသူ၏ မိသားစုပျမ်းမျှလစဉ်ဝင်ငွေ စုစုပေါင်းမှာ အနည်းဆုံး ကျပ် လေးသိန်းမှ ငါးသိန်းအထိ ဝင်ငွေရှိရမည်ဖြစ်ပြီး တိုက်ခန်းအား အရစ်ကျ လေးလလေးရစ်ဖြင့် အကျေပေးချေသောစနစ်သို့မဟုတ် ဘဏ်ချေးငွေစနစ်များဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

"တိုက်ခန်းဝယ်ယူတဲ့အခါ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လုပ်သက်အနည်းဆုံး ငါးနှစ်ရှိရန်လိုအပ်ပါတယ်။ သက်ဆိုင်ရာဌာန အကြီးအကဲရဲ့ထောက်ခံချက်နဲ့အတူ ဝန်ထမ်းကတ်မိတ္တူ ပူးတွဲတင်ပြရမှာဖြစ်ပါတယ်။ ပင်စင်စားများဖြစ်ပါက ပင်စင်စာအုပ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့နဲ့ လျှောက်ထားရမှာပါ။ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ကုမ္ပဏီအကြီးအကဲ ထောက်ခံချက်ပါရှိရမယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ရောင်းချမည့်တိုက်ခန်းများကို မြေဧရိယာ ၇ ဒသမ ၆၇ ဧကပေါ်တွင် ရှစ်ခန်းတွဲ ငါးထပ်အဆောက်အအုံ ၁၄ လုံး တိုက်ခန်းပေါင်း ၅၆၀ တည်ဆောက်ထားပြီး တစ်ခန်းလျှင် အကျယ် ၅၆၇ စတုရန်းပေရှိကာ အိပ်ခန်းနှစ်ခန်း၊ ရေချိုးခန်းတို့ပါဝင်ပြီး ရောင်းချမည့်စျေးနှုန်းမှာ တစ်ခန်းလျှင် မြေညီထပ်ကျပ် ၂၂၃ သိန်း၊ ပထမထပ် ကျပ် ၂၀၈ သိန်း၊ ဒုတိယထပ် ကျပ် ၁၉၃ သိန်း၊ တတိယထပ် ကျပ် ၁၇၈ သိန်း၊ စတုတ္ထထပ် ကျပ် ၁၆၃ သိန်းတို့ဖြစ်ပြီး လက်ငင်းစနစ်၊ အရစ်ကျစနစ်၊ ဘဏ်ချေးငွေစနစ်များဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အရစ်ကျစနစ်ဖြင့် ဝယ်ယူမည့်သူများအနေဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပြီး ဘဏ်ချေးငွေစနစ်ဖြင့် ဝယ်ယူပါက တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းအား တစ်ကြိမ်တည်း အကျေပေးချေခြင်း (သို့မဟုတ်) တစ်နှစ်အတွင်း အရစ်ကျပေးသွင်းခြင်းဖြင့် ပထမဦးစွာဆောင်ရွက်၍ ကျန် ၇၀ ရာခိုင်နှုန်းကို ဘဏ်ချေးငွေဖြင့် ရှစ်နှစ်အတွင်း လစဉ်အရစ်ကျ အကျေပေးသွင်းရန်အတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း စသည့် စည်းကမ်းချက် ၁၁ ချက်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **(မင်းထက်အောင်)**

လူထုအခြေပြုရေးဦးပြုစုခြင်း(ဆင့်ပွား)သင်တန်းဆင်း မိုင်းအန္တရာယ်အသိပညာပေး ဟောပြော

မိုးညှင်း အောက်တိုဘာ ၃၁

လူထုအခြေပြု ရေးဦးပြုစုခြင်း(ဆင့်ပွား)သင်တန်းဆင်းပွဲနှင့် မိုင်းအန္တရာယ်အသိပညာပေးဟောပြောပွဲကို အောက်တိုဘာနောက်ဆုံးပတ်က ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ရွာ သစ်အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းခရိုင် ကြက်ခြေနီတပ်ဖွဲ့ ဒု-ဦးစီးမှူးမြင့်ဦးက သင်တန်းဆင်းပွဲကျင်းပရခြင်းနှင့် ပတ်သက်၍အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဒု-တပ်ခွဲမှူးဇော်နိုင်က ကြက်ခြေနီအကြောင်း သိကောင်းစရာနှင့် အပြည်ပြည်ဆိုင်ကြက်ခြေနီ အဖွဲ့ဝင်များ၏ ကျင့်သုံးဆောင်ရွက်လျက်ရှိသော နည်းစနစ်၊ ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူ ၃၉ ဦးတို့အား သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်ဆေးအိတ်နှင့် အထောက်အကူပြု စာအုပ်များကိုပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ကိုယ်စား ကျောင်းဆရာမတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဒု-တပ်ခွဲမှူးဇော်နိုင်က မိုင်းအန္တရာယ်အသိပညာပေး အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ပညာပေးလက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများ တက်ရောက်လာကြသူများကိုဖြန့်ဝေခဲ့သည်။

အခမ်းအနားသို့ ခရိုင်ကြက်ခြေနီတပ်ဖွဲ့ ဒု-ဦးစီးမှူးမြင့်ဦး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဒု-တပ်ခွဲမှူးဇော်နိုင်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာများ၊ ကျောင်းသား ကျောင်းသူ ၁၇၉ ဦးနှင့် ကျောင်းအကျိုးတော်ဆောင် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်းနှင့် သင်တန်းကို အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၃၉ ဦးတို့ကို စာတွေ့လက်တွေ့ဖြင့် စနစ်တကျသင်ကြားပေးခဲ့ကြောင်း သိရသည်။

(၀၅၈)

ရန်ကုန်လေဆိပ်သည် ဝင်/ထွက်မှုအများဆုံးဖြစ်၍ ခရီးသွားများအဆင်ပြေချောမွေ့ရေး အလေးထားဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၃၁

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ဦးမျိုးအောင်နှင့် ဦးမြင့်ကြိုင်တို့နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး လေဆိပ် Terminal 2 ညှိုခန်းမ၌ တာဝန်ကျ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝန်ထမ်းများနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လေဆိပ်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သီဟ၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေသူညိုနှင့် တာဝန်ရှိသူများက လေဆိပ်လုပ်ငန်းများဆောင်ရွက်မှုနှင့် လုပ်ငန်းအခက်အခဲများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ယခုအခါ အပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင် နိုင်ငံတကာ ဝင်/ထွက်မှု များပြားလျက်ရှိပြီး ရန်ကုန်လေဆိပ်သည် ဝင်/ထွက်မှု အများဆုံးဖြစ်ပါကြောင်း၊ လေဆိပ်၏ လုပ်ငန်းဆောင်ရွက်မှု၊ ဝန်ဆောင်မှုများသည် နိုင်ငံ၏ပုံရိပ်တစ်ခုဖြစ်ပါကြောင်း၊ လေဆိပ်တာဝန်ကျ ဝန်ထမ်းများအနေဖြင့် လုပ်ကိုင်ဆောင်ရွက်မှုတိုင်း စနစ်တကျဖြစ်ရန် လိုအပ်ကြောင်း၊ ခရီးသွားများ အဆင်ပြေချောမွေ့စေရေး အလေးထား ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး အတွက် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းအခက်အခဲများ၊ လိုအပ်ချက်များအား တင်ပြကြရန်နှင့် အချိန်မီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် Terminal 2 ၏ ပြည်ပထွက်ခွာနေရာ၊ ဆိုက်ရောက်ဗီဇာ Visa On Arrival စစ်ဆေးနေရာ၊ အချက်အလက် အတုအပစစ်ဆေးနေရာ၊ ပြည်ပဆိုက်ရောက်နေရာတို့၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ Terminal 2 ၏ ပြည်ပဆိုက်ရောက်နေရာ၊ မြန်မာ့ရွှေ့ပြောင်းလုပ်သားများ သတင်းပို့နေရာ၊ ပြည်ပထွက်ခွာနေရာတို့၌ ဝန်ထမ်းများက လုပ်ငန်းဆိုင်ရာ စစ်ဆေးဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

စပ်မျိုးမျိုးစေ့ထုတ်လုပ်ခြင်းသင်တန်းဖွင့်ပွဲ ပုသိမ်ကြီးမြို့နယ်၌ ကျင်းပ

မန္တလေး အောက်တိုဘာ ၃၁

စိုက်ပျိုးရေးဦးစီးဌာန ပုသိမ်ကြီးမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း၏ စပ်မျိုးမျိုးစေ့ထုတ်လုပ်ခြင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါကျောင်းသင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဒေါက်တာစိုးသန်းက ယနေ့ကမ္ဘာပေါ်တွင် ကမ္ဘာ့လူဦးရေ တိုးတက်လာမှုနှင့်အတူ စားနပ်ရိက္ခာလိုအပ်ချက်မှာလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုလိုအပ်လာကြောင်း၊ မြန်မာနိုင်ငံသည် ရေသယံဇာတနှင့် မြေသယံဇာတကို မျှားစွာပိုင်ဆိုင်ထားပြီး လက်ရှိတွင် စားနပ်ရိက္ခာဖူလုံသော်လည်း နောင်တိုးတက်လာမည့် လူဦးရေ သန်း ၁၀၀ အတွက် ဖူလုံမှုရှိစေရန်နှင့် ပိုလျှံသည်များကို ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်တင်ပို့နိုင်ရန် မြော်တွေးကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကို ထပ်မံတိုးချဲ့မရနိုင်သဖြင့် လက်ရှိစိုက်ပျိုးမြေများကို သီးနှံအထွက်တိုးစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး စိုက်ပျိုးရေးဦးစီးဌာန မန္တလေးခရိုင် ဦးစီးမှူး ဦးကျော်မြင့်ဇော်၊ ပုသိမ်ကြီးမြို့နယ် စိုက်ပျိုးရေးသိပ္ပံ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာလေးလေးခိုင်တို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြိုးဝေ(ဆင်တဲ၀)

ဝန်းသို-အင်းတော်ကားလမ်းပေါ် တွင် မဲဇာချောင်းကူးတံတား တည်ဆောက်လျက်ရှိ

အင်းတော် အောက်တိုဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း ဝန်းသို-အင်းတော်ကားလမ်းမပေါ်တွင် မဲဇာချောင်းကူးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)မှ AE ဦးအောင်ကြည်ထွန်းဦးစီးပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလ အတွင်းမှ စတင်တည်ဆောက်ခဲ့ရာ ယခုအခါတွင် တံတားတည်ဆောက်မှုလုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားမှာ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းမိုင်တိုင် အမှတ်(၅၇၄/၁၉) အနီးတံတားအမှတ်(၄၀၈)မဲဇာသံတံတားနှင့် အပြိုင် မဲဇာချောင်းကိုဖြတ်၍ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီတံတားက အရှည်ပေ ၇၀၀ ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနဲ့ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီရှိတယ်။ တိုင်ခန်းတစ်ခန်းလျှင် ပေ ၁၀၀ စီကျယ်ပြီး အခန်းခုနစ်ခန်းနဲ့ တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ တံတားအမျိုးအစားက သံပေါင်ရက်မ တံတားအမျိုးအစားဖြစ်ပြီးတော့ လက်ရှိအချိန်အထိ တံတားတည်ဆောက်မှုလုပ်ငန်း ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်"ဟု တံတားတည်ဆောက်ရေးလုပ်ငန်းမှ မြို့ပြအင်ယင်တန်း အင်ဂျင်နီယာ(၁) ဦးကြည်ဝင်းလှိုင်က ပြောသည်။

အဆိုပါတံတားအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၅-၂၀၁၆ တွင် ရန်ပုံငွေကျပ် ၆၉၂ ဒသမ ၀၃၆ သန်းနှင့် ၂၀၁၆-၂၀၁၇ တွင် ကျပ်သန်း ၁၃၂၃ စုစုပေါင်း ၂၀၁၅ ဒသမ ၀၃၆ သန်း အကုန်ကျခံ တည်ဆောက်သွားမည်ဖြစ်ကြောင်း ဦးကြည်ဝင်းလှိုင်က ဆက်လက်ပြောကြားသည်။

"ကျွန်တော်တို့ဒေသမှာ ဒီလိုခိုင်ခံ့တဲ့ တံတားတည်ဆောက်ပေးတဲ့အတွက် များစွာအားရမိပါတယ်။ ဒီတံတားက ဝန်းသို၊ ကောလင်းမြို့တွေနဲ့ အနီးဆုံး ချိတ်ဆက်ပေးနိုင်တဲ့ လမ်းဖြတ်လမ်းဆိုလည်း မမှားပါဘူး။ ဝန်းသိုမြို့နယ်နဲ့ ဗန်းမောက်မြို့နယ်အတွင်းက ရွှေမှော်တွေကို ကျွန်တော်တို့ မဲဇာကုန်ပစ္စည်းတွေနေ့စဉ်နီးပါး မဲဇာချောင်းကိုဖြတ်ကာ သွားလာရောင်းချနေရပါတယ်။ မဲဇာချောင်းမှာ လေ့ကူးတို့ဆိပ်လုပ်ထားတယ်။ ဆိုင်ကယ်တစ်စီးကို အသွား ၅၀၀ ကျပ်၊ အပြန် ၅၀၀ ကျပ် ပေးပြီးကူးရတယ်။ ဝန်းသိုနဲ့ ကောလင်းက ထွက်ရှိတဲ့ ဆန်၊ စပါးတွေကို ကသာသို့ ရွှေဘို-မြစ်ကြီးနား ကားလမ်းကနေတစ်ဆင့် တင်ပို့ရောင်းချရတယ်။

"ဒီဖြတ်လမ်းက မဲဇာနဲ့ကောလင်းမှာ မိုင် ၃၀ နီးပါးသာရှိပြီး ရွှေဘို-မြစ်ကြီးနား လမ်းကဆိုရင်မိုင် ၆၀ ခန့်ရှိပြီး တောင်တက်တောင်ဆင်းလည်း ကြီးမားပါတယ်။ ဒီလမ်းက မိုင် ၃၀ နီးပါး သက်သာလာမှာ ဖြစ်ပါတယ်"ဟု မဲဇာစံပြကျေးရွာနေ နေကြာ ကုန်သည် ဦးထွန်းလင်းက ပြောသည်။

လက်ရှိအချိန်တွင် မဲဇာစံပြကျေးရွာမှ ထီးချိုင့်၊ ပိန္နဲကုန်း၊ အင်းတော်မြို့သို့ ယာဉ်လိုင်းများ နေ့စဉ်ပြေးဆွဲလျက်ရှိပြီး ယာဉ်လိုင်းသစ်များအဖြစ် ကသာမြို့နှင့် ကောလင်းမြို့သို့ပါ ယာဉ်လိုင်းများ ပြေးဆွဲနိုင်ရန် စီစဉ်လျက်ရှိကြောင်း ဦးထွန်းလင်းက ဆက်လက်ပြောကြားသည်။

အဆိုပါ တံတားတည်ဆောက်ပြီးစီးသွားပါက ဝန်းသိုနှင့် ကောလင်း၊ ဗန်းမောက်မြို့နယ်များမှ ပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး ပညာရေးလုပ်ငန်းများ လျင်မြန်ချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

(မောင်ချစ်လင်း)

နိုဝင်ဘာလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

မိုးရွာရက်အနေဖြင့် တစ်ပြည်လုံးတွင် လေးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချန်းရွာနိုင်သည်။

ညအပူချိန်

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက်အနည်းငယ်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ငါးရက်မှ ခြောက်ရက်ခန့်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် သုံးရက်မှ လေးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် နိုဝင်ဘာလ ပထမ ၁၀ ရက်ပတ်အတွင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသံတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခွဲခန့် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် နိုဝင်ဘာလ ပထမ ၁၀ ရက်ပတ်အတွင်း ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် ကျဆင်းနိုင်သည်။

အသက်(၁၆)နှစ်အောက် အမျိုးသား၊ အမျိုးသမီးစက်ဘီးပြိုင်ပွဲ ရန်ကုန်မြို့၌ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အသက်(၁၆)နှစ်အောက် အမျိုးသားအမျိုးသမီး စက်ဘီးပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက် နံနက်က ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း၌ ကျင်းပရာ အဆိုပါစက်ဘီးပြိုင်ပွဲတွင် အမျိုးသား ၁၅၁ ဦးနှင့် အမျိုးသမီး ၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနား ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ပြည့်ဖြိုးကျော်(အထက-၅) ဒဂုံမြောက်နှင့် အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသော မသီသီခိုင် (အထက) တို့တေးတို့အား အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဆုများခီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(မောင်မောင်ဇော်)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ရန်ပုံငွေများပေးအပ်

မုံရွာ အောက်တိုဘာ ၃၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာခရိုင်၊ ကလေးခရိုင်၊ မော်လိုက်ခရိုင်၊ ခန္တီးခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ သဘာဝဘေးများကျရောက်ပါက ချက်ချင်းကူညီကယ်ဆယ်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေများကို အောက်တိုဘာလ တတိယအပတ်တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ရန်ပုံငွေများကို ရေဘေးသင့်ဒေသများအတွက် စားနပ်ရိက္ခာ၊ ရေသန့်၊ စားသောက်ကုန်များ၊ သုံးရေ၊ သောက်ရေဆိုင်ရာနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စက်သုံးဆီဖိုးများ ထောက်ပံ့နိုင်ရန်နှင့် ထပ်မံဖြစ်ပေါ်နိုင်သည့် သဘာဝဘေးများအတွက် ချက်ချင်းကူညီကယ်ဆယ်နိုင်ရန်အတွက် ခရိုင်လေးခုနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးသော သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေများအဖြစ် ကသာခရိုင်သို့ငွေကျပ်သိန်း ၁၃၀၊ ကလေးခရိုင်သို့ ငွေကျပ်သိန်း ၁၅၀၊ မော်လိုက်ခရိုင်သို့ ငွေကျပ်သိန်း ၁၂၀၊ ခန္တီးခရိုင်သို့ ငွေကျပ် သိန်း ၁၀၀၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ငွေကျပ် သိန်း ၁၅၀၊ စုစုပေါင်း ငွေကျပ်သိန်း ၆၅၀ အား သက်ဆိုင်ရာခရိုင် စီမံခန့်ခွဲမှုကော်မတီများသို့ စစ်ကိုင်းတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးဦးစီးလီဖရန့်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းဝေ(မုံရွာ)

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဒေသဆိုင်ရာရဲဝန်ထမ်းများ ခန့်အပ်တာဝန်ပေးမည်

ပုလော အောက်တိုဘာ ၃၁

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဒေသဆိုင်ရာရဲဝန်ထမ်းများ ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ခန့်အပ်ရာတွင် ပညာအရည်အချင်း(၄)တန်းအောင်၊ အသက်(၁၈)နှစ်မှ (၃၀)နှစ်အထိ အမျိုးသား အရပ်(၅ ပေ ၂ လက်မ)၊ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး မြိတ်မြို့ ကဘင်ကျေးရွာအုပ်စု ကဘင်ကျေးရွာတွင် ဖွင့်လှစ်သော ရဲသင်တန်းကျောင်းတွင် သင်တန်း လေးလတက်ရောက်ရမည်ဖြစ်ပြီး အဆိုပါသင်တန်းအောင်မြင်ပါက မိမိတို့ဒေသအတွင်း ပြန်လည်တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ခန့်အပ်ခြင်းခံရသော ရဲဝန်ထမ်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတိုင်း သင်တန်းတက်ရောက်သည့်နေ့မှစ၍ လစာ ၁၂၀၀၀ ကျပ်ရိက္ခာ ၃၀၀၀၀ ကျပ် ရရှိမည်ဖြစ်ပြီး နေအိမ်၊ ယူနီဖောင်း၊ ဆေးကုသစရိတ်နှင့် အခြားထောက်ပံ့မှုများ အခမဲ့ရရှိမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးပါက အရာရှိတက်ရောက်ခွင့်ရှိကြောင်းနှင့် သင်တန်းကို နိုဝင်ဘာလ ဒုတိယအပတ်အတွင်း ပို့ချသွားမည်ဖြစ်ကြောင်း ပုလောမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။ **(ပြန်/ဆက်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် အောက်တိုဘာ ၃၁

ရန်ကုန်(ရွှေဈေး)	၈၇၇၅၀၀	-	၈၇၈၅၀၀
မန္တလေး(ရွှေဈေး)	၈၇۷၀၀၀	-	၈۷၈၀၀၀

စက်သုံးဆီဈေးနှုန်း		**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ်	တစ်လီတာ	၆၃၀/၆၅၀ ကျပ်၊	၆၅၀/၆۷၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၆۷၀/၆၉၀ ကျပ်၊	۷၆၅/၈၁၀ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၆၃၀/၆၅၀ ကျပ်၊	၆၉၀/۷၀၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၆၅၀/၆၈၀ ကျပ်၊	၆၈၀/۷၀၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၅၈၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၉ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၈၀ ကျပ်

၂၄-၁၀-၂၀၁၆ ရက်နေ့မှ ၂၈-၁၀-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှမှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၀၃ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၀၈ ကျပ် ဖြစ်ပါသည်။ (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအတွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

နိုင်ငံခြား ငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	-	၁၂၈၅. ၀
(ခ) ဥရောပ	တစ်ယူရို	-	၁၄၁၀. ၅
(ဂ) တရုတ်	တစ်ယွမ်	-	၁၈၉. ၅၆
(ဃ) ထိုင်း	တစ်ဘတ်	-	၃၆. ၆၅၂
(င) မလေးရှား	တစ်ရင်းဂစ်	-	၃၀၅. ၉၉
(စ) အိန္ဒိယ	တစ်ရူပီး	-	၁၉. ၂၃၉
(ဆ) ဂျပန်	တစ်ရာယန်း	-	၁၂၂၆. ၀
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	-	၁၁၁. ၉၇
(စျ) သြစတြေးလျ	တစ်ဒေါ်လာ	-	၉၇၅. ၀၀
(ည) စင်ကာပူ	တစ်ဒေါ်လာ	-	၉၂၂. ၆၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်အချို့က ဒေသထွက် ကြောင်ပန်းစေ့များကို ရသလောက်ဝယ်ယူနေသဖြင့် ကြောင်ပန်းစေ့ ရှာဖွေရောင်းသူများ အပိုဝင်ငွေရရှိ

ငါ့သရောက် အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ ဒေသထွက် ကြောင်ပန်းစေ့များကို တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းအချို့က ကိုယ်စားဝယ်ယူသူများကို စေလွှတ်ကာ ပိသာချိန်ဖြင့် ကွင်းဆင်းဝယ်ယူမှုများ ရှိနေခြင်းကြောင့် ငါ့သရောက် မြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများမှ ကြောင်ပန်းပင်စိုက်ပျိုးထားရှိသည့် တောင်သူများနှင့် ရှာဖွေဆွတ်ခူးသည့်အမျိုးသား၊ အမျိုးသမီးများအတွက် မိသားစုအပိုဝင်ငွေရရှိကာ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း ငါ့သရောက်မြို့အမှတ်(၁)မြောက်ကုန်းရပ်ကွက်မှ တစ်နိုင်တစ်ပိုင် ကြောင်ပန်းစေ့ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သည့် အမျိုးသမီးတစ်ဦးထံမှ သိရသည်။

"ကျွန်မတို့ ငါ့သရောက်မြို့နယ်က ဒေသထွက် ကြောင်ပန်းစေ့တွေကို တရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေက လူငှားနဲ့ အချိန်ရသလောက် လာရောက်ဝယ်ယူနေတာ ကြာပါပြီ။ တစ်ခါတလေကျတော့လည်း တရုတ်လူမျိုးတွေက သူတို့ကိုယ်တိုင်ဆင်းပြီး လာရောက် ဝယ်ယူတာတွေလည်း လုပ်ပါတယ်။ ဒီနှစ်တော့ လူငှားနဲ့သာ ဝယ်ယူခိုင်းပါတယ်။ ဒါပေမယ့် ကျွန်မတို့ဆီကထွက်တဲ့ ကြောင်ပန်းစေ့တွေကို ဘယ်လိုနေရာတွေမှာ ပြန်အသုံးချသလဲတော့ ကျွန်မတို့လည်း မသိပါဘူး။ ကြောင်ပန်းစေ့လုပ်ငန်းက နှစ်စဉ် ဝါဆိုလမှ သီတင်းကျွတ်လ အထိ လေးလခန့် လုပ်ကိုင်ရပါတယ်။ ကျွန်မတို့ကတော့ တစ်ဆင့်ဝယ်ယူရောင်းချတဲ့ ပွဲစားတွေပါ။ ငါ့သရောက်မြို့နယ်မှာ ကျွန်မတို့လို ကြောင်ပန်းစေ့ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်တဲ့ ကုန်သည်ပွဲစားတွေ သုံးဦးလောက်ရှိပါတယ်။ တစ်နှစ်တစ်နှစ် ကုန်သည်ပွဲစားတစ်ဦးကို ကြောင်ပန်းစေ့ပိသာချိန် နှစ်ထောင်ကျော်ခန့် ဝယ်ယူရရှိပါတယ်။ ကျွန်မတို့ ဝယ်ယူတဲ့ ဈေးနှုန်းကတော့ ပြည်ကောက် ဝယ်ယူတာပါ။ ကျွန်မတို့ ရောင်းတဲ့ အခါကျတော့ ပိသာချိန်နဲ့ ပြန်ရောင်းရပါတယ်"ဟု အမှတ်(၁)မြောက်ကုန်းရပ်ကွက်မှ ကြောင်ပန်းစေ့ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သည့်အမျိုးသမီးတစ်ဦးက ပြောသည်။

ပန်းစေ့တစ်ပြည်လျှင် ငွေကျပ် ၃၀၀ ဖြင့် ဝယ်ယူနိုင်ပြီး ပြန်ရောင်းဈေးမှာ တစ်ပိသာလျှင် ငွေကျပ် ၁၇၀၀ ခန့် ပြန်ရောင်းရကြောင်း၊ ကြောင်ပန်းစေ့တစ်တင်းကို ပျမ်းမျှ ငါးပိသာခွဲခန့်သာရှိပြီး မိုးတွင်းပိုင်းဆိုလျှင် အလေးချိန်ပိုလျှော့ကာ နွေပိုင်းမှသာ အလေးချိန်ပိုစီးကြောင်း၊ ကြောင်ပန်းစေ့မိသားစုအလိုက် ရှာဖွေဆွတ်ခူးရောင်းချပါက တစ်နေ့လျှင် ငွေကျပ် ၁၅၀၀၀ မှ ၂၀၀၀၀ ဝန်းကျင် ခန့်ထိ ရရှိကြောင်း၊ နှစ်စဉ် တရုတ်လူမျိုးများက ဝယ်ယူနေခြင်းဖြစ်ပြီး စိုက်ပျိုးရောင်းချသူရော ကောက်သင်းကောက် ရှာဖွေဆွတ်ခူးရောင်းချတဲ့ သူများပါ အလုပ်အကိုင်ရရှိပြီး မိသားစုအပိုဝင်ငွေရရှိနေကြောင်း ဒေသခံများထံမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

■

ကွန်ပျူတာ၊ အင်တာနက်နည်းပညာ အခြေခံသင်တန်းဆင်း

မြောက်ဦး အောက်တိုဘာ ၃၁

ကွန်ပျူတာ၊ အင်တာနက်နည်းပညာပြန့်ပွားရေး အခြေခံသင်တန်းဆင်းပွဲအခမ်းအနားကို ကျေးလက်ခရိုင်ဦးစီးဌာနရုံးခန်းမ၌ ယနေ့ နံနက် ၈ နာရီက ကျင်းပရာ မြောက်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးချစ်မောင်နှင့် ဒုဦးစီးမှူး ဦးကျော်ထွန်းလက သင်တန်းဆင်းသင်တန်းသား သင်တန်းသူများကို အောင်လက်မှတ်များပေးအပ်ခဲ့ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

(ခရိုင်ပြန်/ဆက်)

ဆရာဝန်အလုပ်ရော အနုပညာအလုပ်ပါ ဘက်မျှအောင်ကြိုးစားသွားမယ့် အေးချမ်းမိုး

တွေ့ဆုံမေးမြန်း
မင်းလှသား
———
ဓာတ်ပုံ
အောင်သက်ဦး

ယေစဉ်ကပင် အနုပညာပိုးပါခဲ့ပြီး မော်ဒယ်နှင့်အလှမယ်အဖြစ်သာမက အစီအစဉ်တင်ဆက်သူတစ်ယောက်အဖြစ်ပါ အောင်မြင်နေတဲ့ အေးချမ်းမိုးဟာ ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ရှေ့ဆက်ပြီး ဆရာဝန်အလုပ်ရော အနုပညာအလုပ်မှာပါ ဘက်မျှအောင်ကြိုးစားသွားမယ်ဆိုတဲ့ အေးချမ်းမိုးနဲ့ ဆက်သွယ်မေးမြန်းထားမှုကို ဖော်ပြလိုက်ရပါတယ်-

လတ်တလော အနုပညာလှုပ်ရှားမှုအကြောင်း ပြောပြပေးပါ။

လတ်တလောအနေနဲ့ အလုပ်သင်ဆရာဝန် လုပ်နေပါတယ်။ အလုပ်ကတစ်ဖက်နဲ့ဆိုတော့ အနုပညာအလုပ်က လုပ်တော့လုပ်ဖြစ်ပါတယ်။ အားတဲ့အချိန်မှာတော့ လုပ်ဖြစ်ပါတယ်။ အားတဲ့အချိန် ပွဲတွေမှာ အစီအစဉ်တင်ဆက်သူလုပ်ဖြစ်ပါတယ်။ အခုအချိန်က မင်္ဂလာဆောင်တဲ့ ကာလဆိုတော့ Wedding ပုံတွေ ရိုက်ဖြစ်ပါတယ်။

အလုပ်သင်ဆရာဝန်တစ်ယောက်ရဲ့ အတွေ့အကြုံကရော။

စာတွေ့သင်ရတာနဲ့ လက်တွေ့လုပ်ရတာ တော်တော်တော့ကွာခြားပါတယ်။ ပထမနှစ်ကနေ နောက်ဆုံးနှစ်အထိ ငါးနှစ် စာတွေ့သင်ရတဲ့အချိန်တွေမှာ စာတွေ့နဲ့ ဆေးရုံတွေမှာ လိုက်ပြီးတော့ လူနာတွေကိုမေးရတယ်၊ စမ်းသပ်ရတယ်။ ဒါပေမယ့် သိပ်ပြီးတော့ထိတွေ့ခွင့်မရှိခဲ့ဘူးပေါ့။ အခုဆိုရင် အလုပ်သင်ဆရာဝန်လုပ်တာ လေးလရှိပြီ။ လေးလအတွင်းမှာတော့ ကြုံတွေ့ရတာတွေက အများကြီးပါပဲ။ ပထမဆုံးဆင်းရတာက ကလေးဆေးရုံပေါ့။ ကလေးဆေးရုံမှာ သုံးလဆင်းရတယ်။ အဲဒီကလေးဆေးရုံမှာ ကြုံရတာတွေကတော့ အများကြီးပါ။ လက်တွေ့လုပ်ရင်းနဲ့ ကိုယ့်ရဲ့အတွေ့အကြုံကနေ ပိုပြီးတတ်ကျွမ်းလာပါတယ်။ အစပိုင်းမှာ ကိုယ်လုပ်ရတဲ့အလုပ်နဲ့ သိပ်ပြီးအဆင်မပြေဘူး။ နောက်ပိုင်းမှာတော့ အဆင်ပြေလာတယ်။ လူနာတွေကိုထိတွေ့ရတာ အတွေ့အကြုံရလာတော့ ပိုပြီး အဆင်ပြေလာပါတယ်။ အခုကတော့ ရန်ကုန်ဆေးရုံကြီးမှာပါ။

အနုပညာဖြတ်သန်းမှု အတွေ့အကြုံကိုလည်း ပြောပြပေးပါ။

ကျွန်မအနုပညာ စလုပ်ဖြစ်တာ ငယ်ငယ်ကတည်းကလို့ ပြောလို့ရပါတယ်။ (Kid) ကလေးမော်ဒယ်ကို လေးတန်းလောက်ကတည်းက စလုပ်ဖြစ်ပါတယ်။ တီချယ်တင်မိုးလွင်ဆီမှာ သင်တန်းတက်ပြီး ကလေးမော်ဒယ်အနေနဲ့ ရှိုးတွေလျှောက်တယ်။ တီဗွီသီချင်းလေးတွေရိုက်တယ်။ ရှစ်တန်းလောက်မှာ မော်ဒယ်အလုပ်ကို ရပ်လိုက်ပြီးတော့ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းလောက်မှာ ပညာရေးဘက်ကို အာရုံစိုက်ဖြစ်ခဲ့တယ်။ ဆယ်တန်းအောင်တော့ ဂုဏ်ထူးခြောက်ဘာသာထွက်တယ်။ ဆယ်တန်းပြီးတဲ့ အချိန်မှာ တီချယ်တင်မိုးလွင်ဆီမှာ သင်တန်း ပြန်တက်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာပါ။ သင်တန်းပြန်တက်ပြီး မော်ဒယ်လောကထဲ စဝင်လာခဲ့ပါတယ်။ စဝင်ပြီး Miss ပြိုင်ပွဲတွေ အများကြီး ပြိုင်ဖြစ်တယ်။ အခုနောက်ပိုင်းမှာတော့ အစီအစဉ်တင်ဆက်သူတစ်ယောက်အနေနဲ့ပဲ ရပ်တည်နေပါတယ်။

ပြိုင်ခဲ့ဖူးတဲ့ Miss ပြိုင်ပွဲတွေထဲမှာ ဘယ်အရောက အမှတ်တရအရှိဆုံး ဖြစ်မလဲ။

ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေက အများကြီးပါပဲ။ ပြည်တွင်းပွဲတွေရော၊ ပြည်ပပွဲတွေရောပေါ့။ အမှတ်ရဆုံးပွဲနှစ်ပွဲရှိခဲ့ပါတယ်။ အဲဒီပွဲတွေကတော့ ၂၀၁၂ မှာလုပ်ခဲ့တဲ့ Miss Myanmar International 2012 ပွဲပေါ့။ အဲဒီပွဲမှာ မနန်းခင်ဇေယျာ ရခဲ့တယ်။ အဲဒီပွဲမှာ 2nd Runner Up ဆုရတယ်။ အဲဒီပွဲမှာ အေးချမ်းမိုးလို့ စပြီးသတိထားမိလာကြတယ်။ အဲဒီပွဲပြီးတော့ ၂၀၁၃ မှာလုပ်တဲ့ Miss Universe Myanmar 2013 ပွဲပေါ့။ အဲဒီပွဲက ကျောင်းမှာစာမေးပွဲရှိတဲ့ကြားက ဝင်ပြိုင်ရတာ။ စာမေးပွဲဖြေဖို့ စာလည်းကျက်ရတယ်။ Camp ရှိတော့ Camp လည်းဝင်ရတယ်။ သူများတွေက တစ်နေ့လုံး လေ့ကျင့်ထားလို့ ညဘက်နားနေချိန်မှာ ကျွန်မ စာကျက်ရတယ်။ အဲဒီပွဲက အပင်ပန်းဆုံးနဲ့ အမှတ်တရ အဖြစ်ဆုံးပဲပေါ့။ အရမ်းလည်း ပင်ပန်းခဲ့တယ်။ အရမ်းလည်းကြိုးစားခဲ့ရတယ်။ အမှတ်တရအဖြစ်ဆုံးဆိုတာက နောက်ဆုံးနှစ်ယောက်ပဲ ကျန်တော့တဲ့ အချိန်၊ မမိုးစက်ဝိုင်ရယ် ကျွန်မရယ် နှစ်ယောက်ပဲ၊ အဲဒီအချိန်မှာဘယ်သူရရ အရမ်းပျော်ပါတယ်။ နောက်ပြီး မမိုးစက်ဝိုင်ကလည်း မြန်မာနိုင်ငံကို ကိုယ်စားပြုနိုင်တဲ့ Miss တစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် သူနဲ့အတူ နှစ်ယောက်တည်းရှိနေရတဲ့ အချိန်မှာ တော်တော်ပျော်ခဲ့ပါတယ်။ အဲဒီပွဲမှာ ကျွန်မအကောင်းဆုံး ကြိုးစားခဲ့ပြီးတော့ 1st Runner Up ဆုရခဲ့တယ်။ ပရိသတ်တွေရဲ့ အသိအမှတ်ပြုတာလည်း ခံခဲ့ရပါတယ်။

အေးချမ်းမိုးရဲ့ ငယ်ဘဝဖြတ်သန်းမှုကရော။

ကျွန်မတို့ နေတာက ဒဂုံမြို့နယ်မှာပါ။ ရွှေတိဂုံဘုရား တောင်ဘက်မုခ်နားမှာနေတာ။ မူကြို၊ တက်တာက မူကြို (၂) ဒဂုံမြို့နယ်မှာတက်တယ်။ ငယ်ငယ်ကတည်းက အနုပညာပိုးပါတယ်လို့ ပြောလို့ရတယ်။ မူကြိုလောက်မှာကတည်းက သင်္ကြန်အကတွေ လိုက်ကတယ်။ ပြီးတော့ ပန်းချီဆွဲ ပြိုင်ပွဲတွေမှာလည်းပါတယ်။ မူကြိုကျောင်းမှာလုပ်တဲ့ ပွဲတော်တော်များများမှာပါတယ်။ အပြေးပြိုင်ပွဲတွေဆိုလည်းပါတယ်။ ငယ်ငယ်ကတည်းက အနုပညာပိုးက ပါလာခဲ့တာပါ။ သူငယ်တန်းကနေ ဆယ်တန်းအထိကတော့ အထက(၂) ဒဂုံပေါ့။ မြို့မကျောင်းမှာတက်ခဲ့တာပါ။ သူငယ်တန်းကတည်းက စတက်ခဲ့တာကြောင့် ကျောင်းကလည်း ကျွန်မတို့ကိုအားထားတယ်။ စာကြိုးစားတယ်။ ကျောင်းရဲ့ အနုပညာအလုပ်တွေလည်း လုပ်ဖြစ်တယ်ဆိုတော့ အားထားတယ်ပေါ့။ ကျောင်းအုပ်ဆရာကြီးက ကျွန်မတို့ ကျောင်းတက်တာတွေရော ပညာသင်တဲ့အချိန်တွေမှာရော ဂရုတစိုက်လုပ်ပေးခဲ့ပါတယ်။ ငါးတန်း လောက်မှာ ကျောင်းမှာလာရိုက်တဲ့ အမေ့ပုခက်လွှဲသီချင်းခွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ဖူးပါတယ်။ သီချင်းအမည်က တစ်လုံးနှစ်လုံး စာစီကုံးဖြစ်ပါတယ်။ အဲဒါက ငယ်ငယ်တုန်းကအနုပညာ လုပ်ခဲ့တာပါ၊ ၂၀၀၉ ခုနှစ် ဆယ်တန်းကို အထက(၂) ဒဂုံကနေ အောင်ခဲ့ပါတယ်။ ကျွန်မရဲ့ မိသားစုက အဖေ၊ အမေနဲ့ အစ်မအရင်းတစ်ယောက်ရှိပါတယ်။ အစ်မနဲ့ကျွန်မရဲ့ အသက်က (၁၁) နှစ်ခွဲကွာပါတယ်။

ရှေ့ဆက်ပြီး ဘယ်လိုရပ်တည်သွားမယ်လို့ စိတ်ကူးထားလဲ။

ကျွန်မရဲ့အလုပ်နှစ်ခုစလုံးက လွယ်သလိုလိုနဲ့ ခက်ခဲပါတယ်။ အနုပညာအလုပ်ကလည်း ကိုယ်လုပ်ရင် လုပ်သလို၊ ကြိုးစားရင် ကြိုးစားသလို အရာထင်တဲ့ အလုပ်တစ်ခုပါ။ ဆေးကျောင်းတက်ပြီး အလုပ်သင်ဆရာဝန် လုပ်တော့လည်း စာတွေ့ထက်အများကြီးခက်တဲ့ လက်တွေ့ကိုရောက်နေပြီ။ လူနာတွေနဲ့ပြောဆို ဆက်ဆံရတာပဲဖြစ်ပြီ၊ လူနာတွေကို ကုသမှုပေးတာပဲဖြစ်ဖြစ် ကျွန်မတို့အနေနဲ့ အများကြီးဂရုစိုက်ရတယ်။ အများကြီး သတိထားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ပြုလုပ်လိုက်တဲ့ အပြုအမူတစ်ခုခုဟာ လူနာအပေါ်မှာ အများကြီး သက်ရောက်မှုရှိတယ်ဆိုတော့ ကျွန်မအနေနဲ့ သေချာ ဂရုစိုက်ပြီးတော့ လူနာတွေကို ပြုစုစောင့်ရှောက်မှုပေးပါတယ်။ ဒီဘက် အနုပညာအလုပ်မှာလည်း နောက်ပိုင်းတော့ အစီအစဉ်တင်ဆက်သူအဖြစ်ပဲ ရပ်တည်သွားဖို့မျှားပါတယ်။ အစီအစဉ်တင်ဆက်သူအဖြစ်နဲ့ ပရိသတ်တွေမြင်တွေ့ရမှာပါ။ ကျွန်မက အလုပ်နဲ့ပတ်သက်လာရင် လောဘကြီးတယ်။ အနုပညာအလုပ်ရော၊ ဆရာဝန်အလုပ်ပါ ဘက်မျှအောင် ကြိုးစားသွားမယ်လို့ စိတ်ကူးရှိပါတယ်။

ဖြည့်စွက်ပြောလိုတာကရော။

အားပေးတဲ့ပရိသတ်တွေကို ပြောလိုတာက ကျွန်မအနေနဲ့ အစီအစဉ်တင်ဆက်သူ တစ်ယောက်အနေနဲ့ ပိုပြီးတော်လာအောင်၊ ကောင်းလာအောင် ကြိုးစားသွားပါ့မယ်။ လိုအပ်တာတွေ၊ အားနည်းတာတွေ၊ ချို့ယွင်းတာတွေရှိခဲ့တယ်ဆိုရင်လည်း ပရိသတ်တွေက ဖေ့စ်ဘွတ်ကနေပဲဖြစ်ဖြစ် အားပေးအကြံပြုပေးနိုင်ပါတယ်။ ကြိုးစားပြီးတော့လည်း ပြုပြင်သွားပါ့မယ်။ ဆရာဝန်အလုပ်မှာတော့ အလုပ်သင်ဆရာဝန် တစ်ယောက်အနေနဲ့ လူနာတွေကို အကောင်းဆုံး၊ အတတ်နိုင်ဆုံး ကြိုးစားပြီးပြုစုပေး နေပါတယ် လို့ပြောချင်ပါတယ်။

မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၁-၁၁-၂၀၁၆(အင်္ဂါနေ့)

၆:၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅	လူမှုစီးပွားမြင်ကွင်းများ
၈:၃၅	ဥပဒေရေးရာအဖြာဖြာ "လက်ဖြစ်တယ်" (ဦးစံပေါ၊ ကိုရဲဦး၊ ဟိန်းထွန်ဝင်း၊ ဝင်းကို၊ ဇန်၊ စိုးပြည့်) [ဒါရိုက်တာ-ဝေဠု(ဝသန်)]
၉:၃၅	မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀:၃၅	မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
၁၁:၃၅	မျက်မှောက်ရေးရာသုံးသပ်စရာ
၁၂:၃၅	နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၂၂)
၁:၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၃၀)
၂:၀၀	Yes or No Talk Show (Season-2, Part-8) "View on Mountaineering Sport or Adventure"
၂:၂၀	"KARAOKE World Championships (KWC) Myanmar 2016 (Final, Part-2)"
၃:၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "တံမဃူလို" (အပိုင်း-၃၁)
၄:၁၅	"လုံခြုံစိတ်ချခရီးသွားကဏ္ဍ"
၄:၃၅	Football Magazine (ဧရာဝတီယူနိုက်တက်အသင်း)
၅:၁၅	"ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်" (ရန်ကုန်)
၅:၃၅	မြန်မာ့ဌေကြေးစေးကွက်ဆိုင်ရာ စကားပိုင်း (လက်ရှိစတော့စျေးကွက်နှင့် အနာဂတ်အလားအလာ အကြောင်း) (အပိုင်း-၄)
၆:၃၅	ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ထွန်းအိန္ဒြာပို)
၆:၅၀	"ကယားပြည်နယ်ရွာသစ်မြို့မှ အလင်းတန်း"
၇:၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "တံမဃူလို" (အပိုင်း-၃၂)
၈:၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၉:၀၀	ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၃၀) -ပြည်သူ့နီတိ "တစ်နေ့မှာ" (မေတ္တာ၊ ဧကရိုးစံ၊ နွဲ့နွဲ့စန်း) (ဒါရိုက်တာ-မိုးဇော်ကို)

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာ သတင်းများ ထုတ်လွှင့်ပေးပါသည်။

ပရိသတ်ကို နောက်ဆုံးအနေနဲ့ နှုတ်ဆက်ခဲ့တဲ့ ရိန်းဘိုး

အောက်တိုဘာ ၂၈ ရက်က အဖွဲ့ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့တဲ့ တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတ အဖွဲ့ ရိန်းဘိုးက ပရိသတ်ကို နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ စာတစ်စောင်ရေးသားကာ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျက်ခ်ယန်းရဲ့လူမှုကွန်ရက် မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ် စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်ကို နှုတ်ဆက်ခဲ့ပါတယ်။

အဆိုပါစာပေါ်မှာ လာမယ့် နိုဝင်ဘာ ၁၂ ရက်မှာ စာချုပ်သက်တမ်းကုန်ဆုံးကာ အနုပညာခရီးကို တစ်လမ်းစီလျှောက်လှမ်းတော့မယ့် အဖွဲ့ဝင်ခုနစ်ဦးက သူတို့ရဲ့လက်ချောင်းလေးတွေကိုတင်ကာ ဓာတ်ပုံရိုက်ကူးဖော်ပြခဲ့တာဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ရိန်းဘိုးတေးဂီတအဖွဲ့က သူတို့ရဲ့ စိတ်ကူးအိပ်မက်ဖြစ်တဲ့ တေးသံရှင်ဖြစ်ခွင့်ရခဲ့တဲ့အတွက် ကျေနပ်ပျော်ရွှင်မိကြောင်း၊ ဘဝမှာ တစ်ခါမှမရဖူးတဲ့ မေတ္တာတရားနဲ့ အားပေးမှုတွေအတွက် ပရိသတ်ကို ကျေးဇူးတင်မိကြောင်းနဲ့ အဖွဲ့ဖျက်သိမ်းလိုက်ကြောင်း ရေးသားဖော်ပြထားတာတွေ့တိုင်း ရင်နာခဲ့ရပေမယ့် ပရိသတ်တွေနဲ့ အမြဲအတူရှိနေဦးမှာဖြစ်ကာ တစ်နေ့မှာ ပရိသတ်ရှေ့မှောက် ပြန်ရောက်လာနိုင်လိမ့်မယ်လို့ ယုံကြည်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။

ဒါ့အပြင် အဖွဲ့ဝင်တွေက စာချုပ်သက်တမ်းမကုန်ခင်မှာ ထိုင်းနိုင်ငံ ဘန်ကောက်ကို နောက်ဆုံးအနေနဲ့ ခရီးအတူသွားကာ ဆယ်ရက်ကြာ အတူဖြတ်သန်းကြမှာဖြစ်ပါတယ်။ အတူကုန်ဆုံးခဲ့တဲ့ ခုနစ်နှစ်တာကာလရဲ့ နောက်ဆုံးအမှတ်တရအဖြစ် ယခုလို အလည်အပတ်ထွက်ရတာဖြစ်ပြီး အနာဂတ်အစီအစဉ်တွေနဲ့ ပတ်သက်ပြီး တစ်ယောက်ကိုတစ်ယောက် အားပေးလိုတဲ့အတွက် နောက်ဆုံးအချိန်တွေကိုအတူ ကုန်ဆုံးတာဖြစ်ကြောင်းလည်း သိရပါတယ်။

အဖွဲ့ဝင် ခုနစ်ဦးပါဝင်တဲ့ ရိန်းဘိုးဟာ ပေါ့ပ်တေးဂီတလောကမှာ ခုနစ်နှစ်ကြာရပ်တည်ခဲ့ပြီးနောက် အနုပညာခရီးကို ကိုယ့်အိပ်မက်တွေအတိုင်း ဆက်လက်လျှောက်လှမ်းချင်တဲ့အတွက် လမ်းခွဲကာအဖွဲ့ကို ဖျက်သိမ်းခဲ့တာ ဖြစ်ပါတယ်။

အေးပြည့်

တစ်ပတ်အတွင်းအားကစားသတင်းသုံးသပ်ချက်

မျက်နှာနှစ်မျိုးပိုင်ရှင် ဂွါဒီယိုလာ

မန်စီးတီးနည်းပြ ဂွါဒီယိုလာနဲ့ ကွင်းလယ်လူ ယာယာတိုရေးရဲ့ ကိုယ်စားလှယ် ဆီလပ်ခ်တို့ရဲ့ စကားလုံးတိုက်ပွဲဟာ အခုထိ မရပ်တန့်သေးသလို ခုနောက်ဆုံး ဆီလပ်ခ်က ဂွါဒီယိုလာကို မျက်နှာနှစ်မျိုးနဲ့ လူသားလို့ စွပ်စွဲလိုက်ပြန်ပါတယ်။ ဆီလပ်ခ်က ဂွါဒီယိုလာဟာ လိုရင်တစ်မျိုး မလိုရင်တစ်မျိုး မျက်နှာနှစ်မျိုးထားတတ်သူလို့ ပြောကြားခဲ့ပြီး ဒီလိုလူမျိုးကို တောင်းပန်စရာအကြောင်းမရှိဘူးလို့ ပြောကြားခဲ့ပါတယ်။ တိုရေးဟာ ဂွါဒီယိုလာ ဘာစီလိုနာအသင်းကို ကိုင်တွယ်စဉ်ကလည်း နေရာမရဘဲ မန်စီးတီးအသင်းဆီကို ရောင်းချခြင်းခံခဲ့ရသလို မန်စီးတီးကို ဂွါဒီယိုလာ မရောက်ခင်ကတည်းက ဒီလိုအဖြစ်တွေဆက်ဖြစ်လာနိုင်တယ်လို့ မီဒီယာတွေက အကြိုမှန်းချက်ထုတ်ခဲ့တဲ့အတိုင်း မန်စီးတီးရဲ့ ချန်ပီယံလိဂ် လူစာရင်းထုတ်ပြန်ချိန်မှာ တိုရေးအမည်ပါဝင်လာခြင်း မရှိခဲ့တာပါ။

ဒီဖြစ်ရပ်အတွက် ဆီလပ်ခ်က ဂွါဒီယိုလာကြောင့် မန်စီးတီးကို အာဖရိကပရိသတ်တွေ အားမပေးတော့ဘဲ မန်ယူကို ပြောင်းရွှေ့အားပေးသွားကြပြီလို့ ပြောကြားခဲ့တဲ့အတွက် ဂွါဒီယိုလာက တိုရေးကို မန်စီးတီးအသင်းလူစာရင်းမှာ ပါစေချင်ရင် ဆီလပ်ခ်သူ့ကို တောင်းပန်ရမယ်လို့ ပြောကြားခဲ့ပါတယ်။ ဒီကိစ္စရပ်ကို ကာယကံရှင် ယာယာတိုရေးက ဝင်ရောက်ပြောကြားခဲ့ခြင်းမရှိဘဲ မန်စီးတီးအသင်း လေ့ကျင့်ရေးအစီအစဉ်တွေမှာ ပုံမှန်အတိုင်း ဝင်ရောက်လေ့ကျင့်ခဲ့ပါတယ်။ မန်စီးတီးအသင်းဟာ ပရီမီယာလီဂ်မှာ ရလဒ်ပိုင်းကျဆင်းလာသလို ချန်ပီယံလီဂ်မှာလည်း အုပ်စုတက်ရေး ဖိအားများနေတာကြောင့် ပရီမီယာလီဂ်လို ပွဲစဉ်တွေမှာ တိုရေးလို အတွေ့အကြုံကြွယ်ဝသူကို အသင်းလူစာရင်းမှာထည့်ဖို့ ဂွါဒီယိုလာ စိတ်ကူးရှိနေတာဖြစ်ပါတယ်။ ဒါပေမယ့် တစ်ဖက်ကလည်း သူ့ကို လူသိရှင်ကြား ဝေဖန်ထားတဲ့ ဆီလပ်ခ်ကို မကျေနပ်တာကြောင့် သူ့ကို ပြန်တောင်းပန်ရင် တိုရေးကို ကစားခွင့်ပေးမယ်လို့ပြောပေမယ့် ဆီလပ်ခ်ကတော့ တိုရေးကို လာမယ့် ဇန်နဝါရီကာလအတွင်း အခြားအသင်းတစ်သင်းနဲ့သာ ချိတ်ဆက်ပေးပြီး မန်စီးတီးကို ကျောခိုင်းဖို့လမ်းသာ ရွေးချယ်ပေးနိုင်တဲ့ အနေအထားကြောင့် ဂွါဒီယိုလာကို တောင်းပန်ဖို့ဆိုတာ မဖြစ်နိုင်တဲ့ အနေအထားပါပဲ။

ရီးယဲလ်မက်ဒရစ်နဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ သဘောတူလိုက်တဲ့ ဂါရတ်ဘေးလ်

ရီးယဲလ်မက်ဒရစ်ကစားသမား ဂါရတ်ဘေးလ်ဟာ အသင်းနဲ့ ၂၀၂၂ ခုနှစ်အထိ သက်တမ်းရှိ စာချုပ်သစ်ကိုချုပ်ဆိုဖို့ သဘောတူလိုက်ပြီဖြစ်ကြောင်း အင်ဒီပန်းဒန့်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။ ရီးယဲလ်ရဲ့ အသက် (၂၇)နှစ်အရွယ် ရှေ့တန်းကစားသမားတစ်ဦးဖြစ်တဲ့ ဘေးလ်ဟာ ၂၀၁၃ ခုနှစ်က စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၈၅ သန်းနဲ့ ရီးရဲကိုပြောင်းရွှေ့ခဲ့တာဖြစ်ပြီး စပိန်ကိုရောက်ပြီးနောက်မှာ ဘောလုံးရာသီသုံးရာသီအတွင်း ချန်ပီယံလီဂ်ဆုဖလားနှစ်ကြိမ်ရရှိထားပြီး ကမ္ဘာ့ထိပ်တန်းကစားသမားတစ်ဦးအဖြစ် ရပ်တည်နေသူလည်း ဖြစ်ပါတယ်။ သတင်းရင်းမြစ်တွေရဲ့အဆိုအရ ဘေးလ်ရဲ့ မူရင်းတစ်ပတ်လုပ်ခဟာ ပေါင် ၆၀၀၀၀၀ ဖြစ်ပြီး အခွန်ဆောင်ပြီး အသားတင်လစာတောင် တစ်ပတ်လုပ်ခပေါင် ၃၅၀၀၀၀ ဖြစ်တယ်လို့ သိရပါတယ်။ ဘေးလ်ဟာ ပြီးခဲ့တဲ့နှစ်က ခြေသလုံးဒဏ်ရာကြောင့် ပုံစံကောင်းတစ်ရပ်ပျောက်ဆုံးပြီး ဝေဖန်မှုခံခဲ့ရပေမယ့် နည်းပြဇီနန်းလက်ထက်မှာတော့ အကောင်းဆုံး ခြေစွမ်းတစ်ရပ်ကို ပြန်လည်ရရှိနေသူလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးကို ချန်ပီယံလောင်းစာရင်းထဲက ဖာဂူဆန် ဖယ်ထုတ်ခဲ့လေသလား

မန်ယူနည်းပြကြီး ဖာဂူဆန်ဟာ ဘောလုံးလောကကနေ အနားယူခဲ့ပြီးဖြစ်ပေမယ့် မကြာခဏ ဆိုသလို ဘောလုံးလောကနဲ့ ပတ်သက်တဲ့ မှတ်ချက်တွေကို ထုတ်ဖော်ပြောကြားနေသူဖြစ်သလို အခုလည်း ယခုနှစ် ပရီမီယာလီဂ်ချန်ပီယံစာရင်းကို မှန်းဆပြောကြားလိုက်ပါတယ်။ ဖာဂူဆန်ရဲ့ အဆိုအရ မန်စီးတီးက ချန်ပီယံဖြစ်ဖို့ အကောင်းဆုံးအလားအလာကို ပိုင်ဆိုင်နေပြီး အဲဒီနောက်စပါး၊ လီဗာပူးတို့ ဖြစ်နိုင်မယ်လို့ ပြောပါတယ်။ မန်ယူကလည်း ပုံစံကောင်းရလာတာနဲ့ တစ်ပြိုင်နက် ချန်ပီယံဆုကို စိန်ခေါ်နိုင်စွမ်းရှိမယ့် အသင်းဖြစ်ပြီး အာဆင်နယ်ကလည်း နှစ်စဉ်နှစ်တိုင်း ချန်ပီယံလောင်းစာရင်းကနေ ချန်လှပ်ထားလို့မရတဲ့ အသင်းလို့ မှတ်ချက်ပြုပါတယ်။ ဖာဂူဆန်ပြောကြားခဲ့တဲ့ စကားကို ထောက်ရှုရင် နာမည်ကြီး ချယ်လ်ဆီး လုံးဝပါမလာတာကို တွေ့ရပါတယ်။ ချယ်လ်ဆီးဟာ လက်ရှိအချိန် ပရီမီယာလီဂ်မှာ ပုံစံကောင်းတစ်ရပ်ပြန်ရနေပြီး အမှတ်ပေးဇယားထိပ်က မန်စီးတီး၊ အာဆင်နယ်၊ လီဗာပူးတို့နဲ့ ရမှတ်တစ်မှတ်သာ ကွာဟပြီး အမှတ်ပေးဇယားအဆင့်(၄)နေရာမှာ ရပ်တည်နေပေမယ့် အီးအက်ဖ်အယ်လ်ဖလားပွဲမှာ ဝက်စ်ဟမ်းကို အရေးနိမ့်ပြီး ပြိုင်ပွဲကနေထွက်ခွာခဲ့ရတာကို တွေ့ရပါတယ်။

မက်ဆီပြောတဲ့ ဘာစီလိုနာရဲ့ အောင်မြင်ရေး လျှို့ဝှက်ချက်

ဘာစီလိုနာစူပါစတား လီယွန်နယ်မက်ဆီက ခုနောက်ပိုင်း ၁၀ စုနှစ်တစ်ခုကျော်အတွင်း ကမ္ဘာပေါ်မှာ အအောင်မြင်ဆုံးအသင်းဖြစ်တဲ့ ဘာစီလိုနာရဲ့ လျှို့ဝှက်ချက်ဆိုတာကို ထုတ်ဖော်ပြောကြားလိုက်ပြန်ပါပြီ။ ဘာစီလိုနာဟာ နောက်ဆုံး ဆယ်စုနှစ်အတွင်းမှာ ချန်ပီယံလီဂ်ဆုဖလား လေးကြိမ်ကိုင်မြှောက်နိုင်ခဲ့တဲ့အသင်းဖြစ်သလို လာလီဂါချန်ပီယံဆုကိုလည်း ခြောက်ကြိမ်အထိ ရယူနိုင်တဲ့အသင်းဖြစ်ပါတယ်။ မက်ဆီက ဘာစီလိုနာအသင်းဟာ အတ္တမဲ့ဝါဒကို ကျင့်သုံးတာကြောင့် အခုလို အောင်မြင်မှုတွေရနေတာလို့ ဆိုပါတယ်။ မက်ဆီက "ဘာကာမှာ အတ္တကြီးတဲ့ ကစားသမားဆိုတာ တစ်ဦးတစ်ယောက်မှ မရှိပါဘူး။ ကျွန်တော်တို့ဟာ အသင်းလိုက်စိတ်ဓာတ်နဲ့ပဲ ကစားကြတာပါ။ နေမာဆိုရင်လည်း ကျွန်တော်နဲ့ နီးကပ်လွန်းတဲ့ ဆက်ဆံရေးရှိပြီး ကျွန်တော် တကယ့်ကို ချစ်ခင်ရတဲ့ ကစားသမားပါ"လို့ ပြောကြားလိုက်ပါတယ်။

ပယ်လီကို အီတလီအတွက် ပြန်ခေါ်မှာမဟုတ်ဘူးလို့ ဗန်တူရာပြောပြီ

အီတလီလက်ရွေးစင်နည်းပြ ဗန်တူရာက တိုက်စစ်မှူး ပယ်လီကို လာမယ့် အီတလီပွဲစဉ်တွေအတွက် ပြန်လည်ရွေးချယ်မှာ မဟုတ်တော့ဘူးလို့ ပြောကြားလိုက်ပါတယ်။ ပယ်လီဟာ သူ့ကို လူစားလဲခဲ့တာကို မကျေနပ်တဲ့အတွက် နည်းပြဗန်တူရာ ကမ်းထားတဲ့လက်ကို မမြင်ဟန်ပြုကာ ရှောင်ထွက်သွားခဲ့တာကြောင့် ပယ်လီကို အီတလီရဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေမှာ ဆက်လက်ပါဝင်ခွင့်မပေးဘဲ အီတလီကို ပြန်ပို့လိုက်ပါတယ်။ ဒီဖြစ်ရပ်အတွက် ပယ်လီဘက်က ပြန်တောင်းပန်ခဲ့ပေမယ့် လာမယ့် နိုဝင်ဘာ ၁၂ ရက် လက်ချင်စတိန်းကို ရင်ဆိုင်မယ့် ကမ္ဘာ့ဖလားခြေစစ်ပွဲ၊ နိုဝင်ဘာ ၁၅ ရက် ဂျာမနီနဲ့ ချစ်ကြည်ရေးခြေစမ်းပွဲတွေမှာ ပယ်လီကို ရွေးချယ်တော့မှာ မဟုတ်တော့ဘူးလို့ ဗန်တူရာက အင်တာဗျူးတစ်ခုမှာဖြေကြားခဲ့ပါတယ်။

စီရိုနယ်လ်ဒိုအတွက်အခက်ခဲဆုံး ပြိုင်ဘက်

ရီးယဲလ်မက်ဒရစ် ကြယ်ပွင့် စီရိုနယ်လ်ဒိုက သူ့အတွက် အခက်ခဲဆုံး ပြိုင်ဘက်က ရီးယဲလ်ကစားသမားဘဝမှာ ရင်ဆိုင်နေရတဲ့ ပြိုင်ဘက်ကစားသမားတွေ မဟုတ်ဘဲ မန်ယူကစားသမားဘဝအဖြစ် ကျင်လည်နေစဉ်က ရင်ဆိုင်ခဲ့ရတဲ့ ချယ်လ်ဆီးနောက်ခံလူ အက်ရ်ှလေကိုးဖြစ်တယ်လို့ ဆိုပါတယ်။ စီရိုနယ်လ်ဒိုက သူ့ဘဝသက်တမ်းတစ်လျှောက် ကမ္ဘာ့အဆင့် နောက်ခံကစားသမားတွေ အမျိုးမျိုးကြုံခဲ့ရပေမယ့် အက်ရ်ှလေကိုးလ်သာလျှင်အခက်ခဲဆုံးပြိုင်ဘက်ဖြစ်ပြီး အက်ရ်ှလေကိုးနဲ့ရင်ဆိုင်ရရင် အသက်ရှူခွင့်တောင် မရလောက်အောင် ခက်ခဲလွန်းခဲ့တယ်လို့ ဆိုပါတယ်။

စီရိုနယ်လ်ဒိုက " ကျွန်တော်လွန်ခဲ့တဲ့ နှစ်တွေတုန်းက အက်ရ်ှလေကိုးလ်နဲ့ ရင်ဆိုင်တိုင်း ခက်ခဲပြီး သူ့ကိုရင်ဆိုင်ရင် စက္ကန့်ပိုင်းတောင် အသက်ရှူလို့ မရလောက်အောင် ခက်ခဲခဲ့ပါတယ်" လို့ ကို့ရှ် မဂ္ဂဇင်းနဲ့ အင်တာဗျူးပြုလုပ်စဉ် ဖြေကြားခဲ့ပါတယ်။ဒါ့အပြင် စီရိုနယ်လ်ဒိုက ရီးယဲလ်နဲ့ ပေါ်တူဂီနောက်ခံလူ ပီပီရဲ့ စွမ်းရည်ဟာလည်း ပြိုင်ဘက်အဖြစ် ရင်ဆိုင်ရမယ်ဆိုရင် အင်မတန်မာကျောတဲ့ပြိုင်ဘက် ဖြစ်လိမ့်မယ်လို့ ဆိုခဲ့ပါတယ်။

နည်းပြဝင်းဂါးရဲ့ ၈၂ ဆိုတာ

အာဆင်နယ်အသင်းဟာ ယခုနှစ်ဘောလုံးရာသီအတွင်း ၂၀၀၄ ခုနှစ်နောက်ပိုင်း ပရီမီယာလီဂ် ချန်ပီယံဆုကိုရရှိဖို့ အနီးစပ်ဆုံး အနေအထားတစ်ရပ်ကို ပိုင်ဆိုင်ထားပြီဖြစ်ကြောင်း နည်းပြဝင်းဂါးက သူ့ရဲ့ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ဝင်းဂါးက အာဆင်နယ်အသင်းအနေနဲ့ ရမှတ် ၈၂ မှတ်နဲ့ ၈၆ မှတ်ကြား ရရှိပါက သေချာပေါက် ပရီမီယာလီဂ် ချန်ပီယံ ဖြစ်နိုင်မယ်လို့ အာဆင်နယ်အသင်းနှစ်ပတ်လည် အခမ်းအနားမှာ ထည့်သွင်းပြောကြားလိုက်ပါတယ်။ အာဆင်နယ်အသင်းဟာ ချန်ပီယံလီဂ် ပြိုင်ပွဲမှာ ရမှတ်အများဆုံးနဲ့ ဇယားထိပ်ရောက်ရှိနေသလို အီးအက်ဖ်အယ်လ် စတုတ္ထအဆင့်ပွဲစဉ် ရက်ဒင်းအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီပါတယ်။

ဝင်းဂါးက အာဆင်နယ်ဟာ အခုအချိန်မှာ လွန်ခဲ့တဲ့ ငါးနှစ်၊ ခြောက်နှစ်ကထက် ပရီမီယာလီဂ် ချန်ပီယံဆုကို ပိုပြီး စိန်ခေါ်နိုင်တဲ့ အခြေအနေကို ပိုင်ဆိုင်ထားပြီး ဒါကပရီမီယာလီဂ်တစ်ခုတည်းမှာ မဟုတ်ဘဲ ပြိုင်ပွဲအရပ်ရပ်မှာ တိုးတက်လာတဲ့အခြေအနေပါလို့ ဆိုပါတယ်။ အာဆင်နယ်က ပရီမီယာလီဂ် ပွဲစဉ်၁၀ပွဲကစားပြီးချိန်တွင် ရမှတ် ၂၃ မှတ်ရရှိထားပြီးဖြစ်တာကြောင့် လက်ကျန် ၂၈ ပွဲမှာ ရမှတ် ၅၉ မှတ် ထပ်မံစုထောင်းနိုင်မယ်ဆိုရင် ပရီမီယာလီဂ်ချန်ပီယံဖြစ်မည်လို့ ဝင်းဂါးက ယုံကြည်နေတာဖြစ်ပါတယ်။ လက်စတာအသင်းက ပြီးခဲ့တဲ့ဘောလုံးရာသီက ရမှတ် ၈၂ မှတ်နဲ့ ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်တာကြောင့် အာဆင်နယ်လည်း ၈၂ မှတ်ရရင် ချန်ပီယံဖြစ်မယ်လို့ ဝင်းဂါးကဆိုတာ ဖြစ်ပါတယ်။

ဆွာရက်ဇ်ကို ဘက်လှည့်လာတဲ့ မန်ချက်စတာ မြို့ခံနှစ်သင်း

မန်ချက်စတာမြို့ခံပြိုင်ဘက် နှစ်သင်းဖြစ်တဲ့ မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ဟာ ဘာစီလိုနာအသင်းမှ ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်ကို ခေါ်ယူနိုင်ဖို့ အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။ မန်ယူကဆိုရင် ဆွာရက်ဇ်အတွက်ပြောင်းရွှေ့ကြေး ပေါင် ၁၃၅ သန်းအထိ သုံးစွဲဖို့ ဝန်မလေးဘူးဆိုပြီး ဆွဲဆောင်ခဲ့သလို မန်စီးတီးကလည်း အဂူရိုနေရာ အစားထိုးဖို့ ဆွာရက်ဇ်ကို ပစ်မှတ်ထားလာတာဖြစ်ပါတယ်။

မန်စီးတီးအသင်းက ဆွာရက်ဇ်ကို ၂၀၁၄ ခုနှစ်အတွင်းက လီဗာပူးအသင်းမှ ဘာစီလိုနာအသင်းသို့ မပြောင်းရွှေ့မီကတည်းက ခေါ်ယူရန်စိတ်ဝင်စားနေခဲ့တာဖြစ်ပါတယ်။ ဒီလိုသတင်းတွေ ထွက်နေခဲ့တာကြောင့် ဘာစီလိုနာအသင်းကလည်း ဆွာရက်ဇ်ကို သက်တမ်းတိုးဖို့ အသည်းအသန်ကြိုးပမ်းနေပြီဖြစ်ပါတယ်။

မန်ယူအသင်းကလည်း ပီအက်စ်ဂျီအသင်းမှ ခေါ်ယူထားခဲ့သည့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ ရာသီအစပွဲစဉ်တွေမှာပဲ ခြေစွမ်းပြ ဂိုးသွင်းနိုင်ခဲ့ပြီး နောက်ပိုင်းပွဲစဉ်များမှာ ဂိုးပေါက်ပျောက်ဆုံးနေတဲ့အတွက် နည်းပြ မော်ရင်ဟိုက ဆွာရက်ဇ်ကိုသာ ရရှိမယ်ဆိုရင် ပေါင် ၁၃၅ သန်းအထိ ပေးချေခေါ်ယူမှာ ဖြစ်တယ်လို့ သတင်းတွေ ထွက်ပေါ်လာခဲ့တာပါ။

ဗေလွဲသင်း၊ ခင်ခင်သက်

ကျောက်ဖြူမြို့နယ် ကညင်တောကျေးရွာတွင် သမီးရည်းစားနှစ်ဦး သေဆုံးသည့်လူသတ်မှုပေါ်ပေါက်

ကျောက်ဖြူ အောက်တိုဘာ ၃၁

ကျောက်ဖြူမြို့နယ် တောင်ရင်းကျေးရွာအုပ်စု ကညင်တောကျေးရွာတွင် အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီခန့်တွင် အမျိုးသားတစ်ဦးက နေအိမ်မှ ထွက်လာသူ အမျိုးသမီးတစ်ဦးအား အသင့်ပါလာသော ဓားမြောင်ငယ်ဖြင့် ၁၀ ချက်ထိုးပြီး မိမိကိုယ်ကို သုံးချက်ထိုးကာ သေဆုံးသွားခဲ့သည့် လူသတ်မှုပေါ်ပေါက်ခဲ့သည်။

ကျောက်ဖြူမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ သေဆုံးသူ မမေစုထွန်း(၂၇)နှစ် ကမ္ဘာ့ရတနာ့ဘဏ် ကညင်တောကျေးရွာ ကုန်ဘောင်စုနေသူ၏ အစ်မဖြစ်သူ မခင်မိုးမိုးဆွေ (၃၂)နှစ် အလယ်တန်းပြဆရာမ ကညင်တောနေသူမှ အမှုလာရောက်ဖွင့်လှစ်ရာ ညီမဖြစ်သူ မမေစုထွန်းမှာ နံနက် ၈ နာရီခွဲတွင် ကျောက်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်ရှိ ကမ္ဘာ့ရတနာ့ဘဏ်သို့ ရုံးသွားရန် နေအိမ်ခြံထဲမှ ထွက်သွားပြီး ဆိုင်ကယ်လဲသံနှင့်အတူ မိမိ၏ညီမ အော်သံကိုကြားရ၍ ထွက်ကြည့်ရာ ညီမ၏ရည်းစားဖြစ်သူ ထွန်းမင်းဇာဆိုသူက ညီမလေးကို ဓားဖြင့်အဆက်မပြတ်ထိုးနေသည်ကို မြင်တွေ့ရသောကြောင့် အနီးပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းခဲ့သည်။ အိမ်နီးနားရှိဦးစောလှအောင်မှ ထွန်းမင်းဇာအား မပြုလုပ်ရန် တားမြစ်ပြောဆိုခဲ့သည်။ ညီမဖြစ်သူ မမေစုထွန်းမှာ ထွန်းမင်းဇာ ထိုးလိုက်သော ဓားဒဏ်ရာများဖြင့် လဲကျသွားစဉ် ထွန်းမင်းဇာမှာလည်း အသင့်ပါလာသော ဓားမြောင်ဖြင့် မိမိကိုယ်ကိုမိမိ ပြန်လည်ထိုးလိုက်သည့်အတွက်ကြောင့် အဆိုပါနှစ်ဦးစလုံးမှာ အခင်းဖြစ်နေရာတွင်ပင် လဲကျသွားကြသည်ကို မြင်တွေ့ခဲ့ရကြောင်း တိုင်ချက်ဖွင့်ရာတွင် ပြောဆိုခဲ့သည်။

အဆိုပါအခင်းဖြစ်သည့်နေရာသို့ ကျောက်ဖြူမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်ကျော်နိုထွန်း၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ရဲထွန်းနှင့် တပ်ဖွဲ့ဝင်များမှ ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ရာ သေဆုံးသူ မမေစုထွန်းမှာ ယာဘက်လက်မောင်းတွင် ထိုးသွင်းဒဏ်ရာတစ်ချက် ရင်အုံထိုးသွင်းဒဏ်ရာ နှစ်ချက်၊ ဝဲဘက်နံဘေးတွင် ထိုးသွင်းဒဏ်ရာ နှစ်ချက်၊ နောက်ကျောဘက်တွင် ထိုးသွင်းဒဏ်ရာ နှစ်ချက်၊ ခါးရိုးတွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝဲဘက်လက်ဖျံတွင် ထိုးသွင်းဒဏ်ရာ နှစ်ချက် ရရှိကာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ပြီး ထွန်းမင်းဇာတွင်လည်း ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာ နှစ်ချက်၊ ရင်အုံတွင် ထိုးသွင်းဒဏ်ရာ တစ်ချက်တို့ဖြင့် ကျောက်ဖြူဆေးရုံ အရောက်၌ သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသွားသူ မမေစုထွန်း၏ အစ်မဖြစ်သူ မခင်မိုးမိုးဆွေက တရားလိုပြုလုပ်ကာ ကျောက်ဖြူမြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ မမေစုထွန်းကို သေအောင်ဓားဖြင့်ထိုးသူ ထွန်းမင်းဇာအပေါ် ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားလာသဖြင့် ရဲစခန်းမှ (ပ)၇၀၆/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

(၅၀၉)

မန္တလေး-လားရှိုး ကားလမ်းတွင် ယာဉ်မတော်တဆမှုများဖြစ်ပွား

သီပေါ အောက်တိုဘာ ၃၁

အောက်တိုဘာလ နောက်ဆုံးရက်သတ္တပတ်အတွင်း မိုးများရွာသွန်းခဲ့ရာ ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-လားရှိုး ကားလမ်းတွင် ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်များမှာ အောက်တိုဘာ ၂၈ ရက်က သီပေါမြို့နယ် နမ့်အွန်အဆင်း၌ အိမ်စီးယာဉ်ငယ်နှင့် ဆီဘောက်ဆာတွဲယာဉ်တို့ တိုက်မိမှုဖြစ်ပွားခဲ့သည်။ အောက်တိုဘာ ၂၉ ရက်ညပိုင်းတွင် ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်ကြား နောင်အန်းရွာအထွက် အတက်လမ်း၌ ကန်ဒါယာဉ်တစ်စီး လမ်းဘေးလယ်ကွင်းထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ အလားတူ အောက်တိုဘာ ၂၉ ရက်က ပြင်ဦးလွင်မြို့နယ် မြိုင်ကြီးအောက်ကွေ့တံတားမှ ကုန်တင်ယာဉ်ကြီးတစ်စီး ရေချောင်းထဲသို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့အပြင် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက မိုးများရွာသွန်းနေစဉ် ကားလမ်းမကြီးပေါ်ရှိ သီပေါမြို့နယ် ပုံဖမ်းရွာအနီး ဝင်းဦးတံတားကွေ့တွင် ယာဉ်နှင့်ဆိုင်ကယ် တိုက်မိ၍ တစ်ဦးသေ၊ တစ်ဦးပြင်းထန်စွာ ဒဏ်ရာရရှိသည်ဟု သိရသည်။

ယခုကဲ့သို့ မိုးရွာသွန်းနေစဉ် ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် ယာဉ်ကြီး၊ ယာဉ်ငယ်မောင်းသူများအနေဖြင့် ရာသီဥတုနှင့်လမ်းအခြေအနေများကို အထူးဂရုစိုက်လေ့လာပြီး မောင်းနှင်သွားလာကြရန် လိုအပ်ကြောင်း ကျောက်မဲအမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒု-ရဲမှူးချစ်စိန်နှင့် ပြင်ဦးလွင်အမှတ် (၉၄)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒု-ရဲမှူးဝင်းသိန်းတို့က သတိပေးပြောကြားခဲ့သည်။ **သီပေါ(ကိုလတ်)**

တောင်ကြီးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၃၁

တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၉ ရက်က တောင်ကြီးမြို့နယ် လွယ်တော်ကျေးရွာအုပ်စု ကောင်းမှုစဉ်ကျေးရွာ မိုင်းပျဉ်း-တောင်ကြီး ကားလမ်းပေါ်တွင် မောင်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၈၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်သားမြို့နယ် ကူမဲမြို့ ကြို့ပင်ခြံရပ်နေ မထွေးထွေးရှိန်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဝင်းနိုင်၊ ညုံလှ၊ အောင်ကျော်ဆန်း(ခ) ဖိုးလယ်တို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၄၂၅ ပြားနှင့် စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။**(ကြေးမုံ)**

မထွေးထွေးရှိန်၊ ဝင်းနိုင်၊ ညုံလှနှင့် အောင်ကျော်ဆန်း(ခ)ဖိုးလယ်တို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မြစ်သားမြို့ စမုံမြစ်ရေလျှံရာမှ ကျေးရွာအုပ်စုများအတွင်း ရေဝင်ရောက်၍ ဒေသခံများ ပြောင်းရွှေ့နေရ

မြစ်သား အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မိုးများအဆက်မပြတ်ရွာသွန်းလျက်ရှိသောကြောင့် စမုံမြစ်ရေလျှံရာမှ ကျေးရွာအုပ်စုများအတွင်း ရေဝင်ရောက်၍ ဒေသခံများ ပြောင်းရွှေ့နေရကြောင်း ယနေ့ နံနက် ၆ နာရီက အင်းရင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေထံမှ သိရသည်။

"ကျွန်တော်တို့ အင်းရင်းရွာဆို ရေမရောက်တာ ဘုရားကုန်းနဲ့ လေးငါးအိမ်ပဲ ကျန်တော့တယ်။ အင်းရင်းနဲ့ ဆင်ခြဲကိုသွားတဲ့လမ်းက တံတားသုံးစင်းလုံး ရေမြုပ်နေပြီး တံတားပေါ်မှာ ရေက သုံးလေးပေလောက်တက်နေတာ။ ဆင်ခြဲရွာဆိုလည်း ရေလွတ်တဲ့နေရာ ဘုန်းကြီးကျောင်း၊ အမျိုးတွေအိမ်ကို ပြောင်းရွှေ့နေရတယ်။ ရေပြင်ကြီးဖြစ်နေတော့ ဘယ်လိုမှသွားလို့မရဘူး။ လှေနဲ့သွားရင် အဆင်ပြေပေမယ့် ကျွန်တော်တို့ရွာမှာလှေမရှိဘူး။ အဲဒီတော့ ရေပုံးတွေနဲ့ ကူးသွားနေရတယ်။ ကျောင်းတွေလည်း ပိတ်ထားပါတယ်။

"စမုံမြစ်ရိုးနဲ့ ကျွန်တော်တို့ရွာချောင်းက ယှဉ်နေပါတယ်။ ရွာချောင်းက နိမ့်နေတော့ စမုံမြစ်ရေလျှံလာရင် ရွာထဲကို အလုံးအရင်းနဲ့ကို ဝင်လာတာ။ ရေဝင်တာများလေ ဖို့ထားတဲ့တာတွေက ပြိုလေ ရေဝင်ကြမ်းလေ ဖြစ်နေပါတယ်"ဟု ဦးမြင့်ဆွေက ပြောသည်။

စမုံမြစ်ရေလျှံရာမှ စမုံမြစ်ရိုးတစ်လျှောက် ကျေးရွာများ ဖြစ်သော လောင်းတော်ဦး၊ ပေါက်မြိုင်၊ နွားကူးလေး၊ တမာပင်၊ အေးစိမ့်၊ နွားဖြူငယ်၊ ကင်းစိန်ဈေး၊ အောင်သပြေတို့မှ အိမ်ထောင်စုပေါင်း ၅၀၀ ခန့်တွင်လည်း ရေများ နှစ်ပေမှလေးပေအထိ ဝင်ရောက်လျက်ရှိကြောင်းနှင့် မြင်းခြံ-မန္တလေး လမ်းဟောင်းတွင်လည်း ညောင်ဂျစ်ကျေးရွာ တံတားထိပ်အနီး၊ ပေါက်မြိုင် ကျေးရွာအနီး နှစ်နေရာတွင် နှစ်ပေစီခန့် လမ်းပေါ် ရေကျော်နေကြောင်း သိရသည်။

ရဲဝင်းထွန်း(မြစ်သား)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရဝ်ကွက် အမှတ်-၁/၂ မြေကွက်အမှတ်-၄၉၇၊ မြေကွက်တည်နေရာအမှတ်-၄၉၇၊ ၇လမ်း၊ (၁) ရဝ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးထွန်းအောင်ကျော်) အမည်ပေါက်နှစ်(၆၀)မြေဌားဂရန်မြေအား အမည်ပေါက်၊ ဖခင်ဦးထွန်းအောင်ကျော်မှာ ၁၇-၁၁-၂၀၁၀ရက်တွင် လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်မှာ ၅-၅-၂၀၁၅ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် ၎င်းတို့၏သားသမီးများဖြစ်ကြသည့် ဒေါ်မြင့်သန်းနွယ် [၉/မခန(နိုင်)၀၂၃၇၃]၊ ဒေါ်သင်းသင်း(မော်)[၁၂/မရက(နိုင်)၀၁၅၅၈]၊ ဦးမင်းအောင် [၁၂/မရက(နိုင်)၀၄၂၀၉၈]၊ ဒေါ်စန်းစန်းနွယ် [၁၂/မရက(နိုင်)၀၈၉၂၈၂]တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း နှစ်(၆၀)မြေဌားစာချုပ်(ဂရန်)၊ မြေစာရင်းမှတ်ချက်ရှိ ၁၉၉၇ခုနှစ်၊ မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ အဆောက်အအုံဆောက်ရန် မြေပုံလျှောက်ထားခြင်းဖြစ်ကြောင်း၊ မြေပုံမြေရာဇဝင်မူရင်းမှာ အိမ်ပြောင်းရွှေ့ရာမှအသိမ်းလွန်ပြီး ဟောက်ဆုံးသွားခဲ့သဖြင့် ဌာနသို့ပြန်လည်အပ်နှံနိုင်ခြင်း မရှိကြောင်း ဝန်ခံကတိပြုချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပုံင်းဆိုင်းကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့မြစ်မံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကိုညီညီ၏အောင်
ပြန်ကြားရေး
ကျောက်ထီးရိုး ရောင်းသော (နေ့ခင်)
(ဆေးပေါ်ကျွေး ကားပေါ် တောင်ကြီး ပြည်ထောင်စု ရေကန်ကုန်း ဘုရားရှိခိုးခန်း)
(ဆေးပြားမှန်ကန်ပုံများ)
(ကားပြန်ခေါ်ပုံများ)
1. တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် (၄)ရက်
2. မန္တလေး။ ပြင်ဦးလွင်၊ စစ်ကိုင်း။ မုံရွာ၊ ကျောက်စိမ်း (၄)ရက်
3. ဗုဒ္ဓ၊ ညောင်ဦး။ ပုပ္ပါ။ (ရွယ်တော်လေးဆု)။ ပခုက္ကူ (၄)ရက်
4. ထားဝယ်ချင်ကို၊ ရင်နှင့် မော်လမြိုင်၊ ကျိုက္ကဝေ၊ စက်ဝဲ (၅)ရက်
09-450000574, 09-421029816, 09-261422965, 09-777446355

နေပြည်တော်ကောင်စီ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒဂ္ဂီဏာခရိုင်ရုံး ဆောက်လုပ်ရေးလုပ်ငန်းအတွက်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒဂ္ဂီဏာခရိုင်ရုံး (၆၈ ပေ×၃၀ ပေ) RC နှစ်ထပ် (ရေ မီး၊ မိလ္လာ၊ ခြံစည်းရိုးအပါ) ဆောက်လုပ်ရန်အတွက် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်းတင်သွင်းရန်ဖြစ်ပါသည်-
(က) တင်ဒါလျှောက်လွှာရောင်းချရမည့်ရက် - ၁-၁၁-၂၀၁၆
(ခ) တင်ဒါတင်သွင်းရမည့်ရက် - ၁၅-၁၁-၂၀၁၆

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၁၁-၂၀၁၆ ရက်မှစ၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒဂ္ဂီဏာခရိုင်ရုံး၊ ဇမ္ဗူသီရိမြို့ (ဒဂ္ဂီဏာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စုပေါင်းရုံး)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၂၄၇၉၄၊ ၀၆၇-၅၅၀၃၁ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကြီးကြပ်မှူးကော်မတီ

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ကျောင်းမျက်နှာစာရှေ့ရေအိုင်ကြောင့် ခြင်ပေါများကာ သွေးလွန်တုပ်ကွေးရောဂါဖြစ်မည်ကို စိုးရိမ်နေ

မြင်းမူ အောက်တိုဘာ ၃၁

မြင်းမူမြို့နယ် လက္ကပင် အခြေခံပညာအလယ်တန်းကျောင်းခွဲသည် လက္ကပင်တာပေါင်၏ တောင်ဘက်ကပ်လျက်တွင်ရှိပြီး ကျောင်းဝင်းသည် အနည်းငယ်မြင့်ကာ ကျောင်းဝင်းသို့ အဝင်လမ်းနှင့် တာပေါင်ကြားသည် နိမ့်နေသည်။

ပြီးခဲ့သည်ဧရာဝတီမြစ်ရေကြီးချိန်က တာပေါင်၏တောင်ဘက်တွင် ဧရာဝတီမြစ်နှင့် ကျေးရွာများရှိပြီး ကျေးရွာများနှင့် စာသင်ကျောင်းများ ရေဝင်ရောက်ခဲ့ပြီး ရေပြန်လည်ကျဆင်းသွားသော်လည်း ကျေးရွာအတွင်းရှိ နိမ့်သည့် အိမ်ဝင်းများနှင့် ကျောင်းရှေ့တွင် ရေဝပ်လျက်ရှိသည်။

ယင်းရေကြောင့် ခြင်ပေါများပြီး သွေးလွန်တုပ်ကွေးဖြစ်ပွားမည်ကို မိဘများအနေဖြင့် စိုးရိမ်ကြောင့်ကြနေရကာ သက်ဆိုင်ရာမှ နိမ့်သည့်အိမ်ဝင်းများနှင့် ကျောင်းရှေ့ရှိ ရေအိုင်ပမာဖြစ်နေသော ရေအိုင်ကို လိုအပ်သလို ဆောင်ရွက်ပေးစေလိုကြောင်း လက္ကပင်ကျေးရွာရှိ ဒေသခံများကပြောသည်။

(၆ ၂၄)

ကျား/မ ကဏ္ဍပေါင်းစုံမှလူငယ်များ ဒီမိုကရေစီဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း စတင်ကျင်းပ

အောင်လံ အောက်တိုဘာ ၃၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် မြို့နယ်အတွင်းရှိ အသက် ၁၃ နှစ်မှ ၂၄ နှစ်အတွင်း ကျား/မ ကဏ္ဍပေါင်းစုံမှလူငယ်များ ဒီမိုကရေစီ၊ နိုင်ငံတော်၊ နိုင်ငံသား၊ တာဝန်ဝတ္တရားနှင့် အခွင့်အရေး၊ လွှတ်တော်ကိုယ်စားလှယ်ဆိုင်ရာ ကိစ္စများ သိရှိနားလည်စေရန်နှင့် စနစ်တကျစကားပြောဆိုနည်းတို့ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သိရှိပြီးနောက် အနာဂတ်ကာလဖွံ့ဖြိုးတိုးတက်စေရေးအတွက်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်မှ ဦးဆောင်ကျင်းပသော ဒီမိုကရေစီဆိုင်ရာ လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ပြုလုပ်ခဲ့သည်။

အောင်လံလူငယ်ကွန်ရက်မှ ညွှန်ကြားရေးမှူးဦးစိုးသူရန့်နှင့် တိုင်းအလုပ်အမှုဆောင် ဦးသော်တာတို့မှ ဦးဆောင်၍ ဒုတိယအကြိမ်အဖြစ် Youth Empowerment For Democrtic Socicty Small Debate ခေါင်းစဉ်ဖြင့် ဒီမိုကရေစီဆိုင်ရာ လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ရေးတွင် စကားပြောစွမ်းရည်မြှင့်တက်လာစေရန်အတွက် သင်ကြားပို့ချခြင်းကို နှစ်ရက်ကြာပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် မအေးအေးမွန် (ပခုက္ကူ) နှင့် ကိုနိုင်ရဲထွန်(ပခုက္ကူ) တို့က သင်ကြားပို့ချခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၂၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

သိန်းလွင်(မြန်ဆက်)

စော်ရဲရွာတွင် ရှေးဟောင်းကျောက်စာသုံးချပ်အား စနစ်တကျထိန်းသိမ်းထား

မန္တလေး အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် စော်ရဲကျေးရွာအနီးတွင် စိတ်ဝင်စားဖွယ်ရာ နေရာများစွာရှိသည်။ ရှေးဟောင်းစေတီများရှိသည့် စော်ရဲတောရကျောင်း၊ ရှေးဟောင်းကျောက်စာများနှင့် အတူ ရှေးဟောင်းဘုရားများစွာတည်ရှိသည်။ စော်ရဲကျေးရွာ၊ ဝန်းသိုကျေးရွာအနီးတွင် ရှေးယခင်ကတည်းကတည်ထားသော ဘုရားသုံးဆူရှိသည်ဟု ဆိုထားသည်။ ထိုစေတီများမှာ ဝန်သိရွာအနီးရှိ ရွှေဂူကြီးဘုရား၊ ရွှေဂူနီဘုရားနှင့် ရွှေဂူပျောက်ဘုရားဟူ၍ ရှိပြီး လက်ရှိကာလတွင် ရွှေဂူကြီးဘုရားနှင့် ရွှေဂူနီဘုရားကို ယနေ့တိုင် ဖူးမြော်နိုင်ပြီး ရွှေဂူပျောက်ဘုရားကိုမူ မတွေ့ရှိရပေ။

စော်ရဲကျေးရွာအနီးတွင် ဘုရားကုန်းတစ်ခုတည်ရှိပြီး ကျောက်စာသုံးချပ်ကိုလည်း ယနေ့တိုင် ထိန်းသိမ်းထားသည်။ ဒေသခံများကမူ ထိုဘုရားကုန်းကို ရွှေဂူပျောက်နေရာဖြစ်နိုင်ကြောင်း သုံးသပ်ကြသည်။ လက်ရှိကာလတွင် စော်ရဲကျေးရွာအနီးရှိ ဘုရားကုန်းနံဘေးတွင် ရှေးဟောင်းကျောက်စာသုံးချပ်ကို တွေ့ရှိနိုင်သည်။ ကျောက်စာများကို မူလကထားရှိသော အဆောက်အအုံမှာ ပျက်စီးနေခဲ့သည်။ လွန်ခဲ့သောနှစ် ၁၉၆၅ အစောပိုင်းတွင် ကဗျာဆရာ ဆရာမင်းသုဝဏ်နှင့်အဖွဲ့ ကျောက်စာများကို လာရောက်ဖတ်ရှုလေ့လာခဲ့သည်။ ကျောက်စာများကို စနစ်တကျထိန်းသိမ်းထားရန် မှာကြားသွားသည့်အတွက် ၁၉၆၅ တွင် ကျောက်စာထားရန်နေရာကို အုတ်များဖြင့် အခိုင်အမာ ပြုလုပ်ထိန်းသိမ်းထားသည်။

ကျောက်စာသုံးချပ်ရှိပြီး ကျောက်စာအဓိပ္ပာယ်ကို မည်သူမျှမသိရှိပေ။ လက်ရှိကာလတွင် ကျောက်စာနေရာနှင့် ဘုရားကုန်းနံဘေးနေရာမှာ သချိုင်းအဖြစ်တည်ရှိနေသည်။ ကျောက်စာအဆောက်အအုံများဖြင့် စနစ်တကျ ထိန်းသိမ်းထားသော ကျောက်စာများနှင့်အတူ သချိုင်းဘေးရှိ ဘုရားကုန်းမှာ မည်သို့ဆက်စပ်နေသည်ကို လေ့လာဖော်ထုတ်သင့်လှပေသည်။

နွေနဒီ(မြစ်ငယ်)

အထူးကုဆရာဝန်ကြီးများက ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ဆေးကုသပေးခြင်းများ အခမဲ့ကွင်းဆင်းဆောင်ရွက်

ညောင်လေးပင် အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် မဒေါက်မြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ဆေးကုသပေးခြင်းများကို ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ် ဒေါက်တာထွန်းထွန်းဝင်းနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် အောက်တိုဘာ ၂၉ ရက်က မဒေါက်မြို့ တိုက်နယ်ဆေးရုံ၌ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်းဆေးကုသရာတွင် ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ်တစ်ဦး၊ အထူးကုဆရာဝန် ၆ ဦး၊ လက်ထောက်ဆရာဝန် ၁၁ ဦး၊ အခြားကျန်းမာရေးဝန်ထမ်း ၃၄ ဦး စုစုပေါင်း ၅၂ ဦးနှင့် ဒေသခံကျန်းမာရေးဝန်ထမ်းများမှ ရောဂါကဏ္ဍအလိုက် အထွေထွေကုသဆောင်၊ အကြောအဆစ်ကုသဆောင်၊ အရိုးကုသဆောင်၊ သွားကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ ကလေးကုသဆောင်၊ စိတ်ကျန်းမာရေးကုသဆောင်၊ နား-နှာခေါင်း-လည်ချောင်းကုသဆောင်၊ သားဖွားမီးယပ်ကုသဆောင်၊ တိုင်းရင်းဆေးကုသဆောင်နှင့် မျက်စိကုသဆောင် စုစုပေါင်းကုသဆောင် ၁၁ ခုဖွင့်လှစ်၍ မဒေါက်မြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၄၁ ဦးအား ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ဆေးကုသခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆေးကုသပေးခြင်းနှင့်ပတ်သက်၍ လက်ထောက်ဆေးရုံအုပ် ဒေါက်တာထွန်းထွန်းဝင်းက ကွင်းဆင်းဆေးကုပေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးအဖွဲ့ ဒေသခံကျန်းမာရေးအဖွဲ့ ဒေသခံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ပဲခူးဆေးရုံကြီးသို့ မလာရောက်နိုင်သောလူနာများအား ဆေးကုသမှုခံယူနိုင်ရန် စီစဉ်ပေး ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(မြန်/ဆက်)

ကျေးရွာချင်းဆက်လမ်းမြေသားနိမ့်ကျမှုဖြစ်ပွား၍ ပြုပြင်ပေးရန်လိုအပ်

ကြိုခင်း အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ကြိုခင်းမြို့နယ် ဆိပ်သာမှ ထန်းတပင်သို့ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ဆိပ်သာအထွက် မြောက်ဘက်တွင် အရှည်ပေ ၅၀၊ အနံ ၃ ပေကျော်ခန့် မြေသားနိမ့်ကျမှုဖြစ်ပွား၍ စက်ဘီးများ၊ ဆိုင်ကယ်များ၊ မော်တော်ယာဉ်များ သွားလာရန်ခက်ခဲနေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပြုပြင်ပေးရန်လိုအပ်လျက်ရှိကြောင်း သိရသည်။

ယင်းကြိုခင်း-ဆိပ်သာ-အကောက်တောင်လမ်းသည် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ လူမှုစီးပွားရေးအတွက် နေ့စဉ်အသုံးပြုနေရသော လမ်းတစ်ခုဖြစ်သည့်အပြင် အကောက်တောင်ဘုရားသို့ ဘုရားဖူးမော်တော်ယာဉ်များ၊ ကိုယ်ပိုင်ကားများ ဖြတ်သန်းသွားလာလျက်ရှိရာ ယခုနှစ်မိုးရာသီတွင် လမ်းမှာ ဆိုးရွားစွာပျက်စီးလျက်ရှိသည်။

ဝတ်ရည်(မြန်/ဆက်)

ဝန်းသိုမြို့နယ်အတွင်း ရှေးဟောင်းရေကန်တစ်ကန်ဖြစ်သော စော်ဘွားကြီးကန် ပြန်လည်ဆယ်ယူထိန်းသိမ်းပြီးနောက် လာရောက်လည်ပတ် အပန်းဖြေသူများပြား

ဝန်းသို အောက်တိုဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်းရှိ ရှေးဟောင်းရေကန်တစ်ကန်ဖြစ်သော စော်ဘွားကြီးကန်သည် ယခင်ကပြုပြင်ထိန်းသိမ်းမှုမရှိခြင်းကြောင့် ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းကာ လူသူအရောက်နည်းခဲ့သော်လည်း ယခုအခါ စော်ဘွားကြီးကန်အား ပြန်လည်ဆယ်ယူထိန်းသိမ်းကာ မြို့နယ်စည်ပင်သာယာရေးဌာနက ခရေ၊ ပိတောက်၊ စိန်ပန်းစသည့် အရိပ်ရပင်များစိုက်ပျိုးခြင်း၊ အမှိုက်ပစ်ကန်များပြုလုပ်ခြင်းနှင့် ကွန်ကရစ်ထိုင်ခုံများ ပြုလုပ်ထားရှိခြင်းကြောင့် အပန်းဖြေလာရောက်လည်ပတ်သူ အများအပြားရှိလာကြောင်း သိရသည်။

ယင်းစောဘွားကြီးကန်သည် အကျယ်အဝန်းအားဖြင့် ၂ ဒသမ ၉၇ ဧကရှိပြီး မြို့သစ်ရပ်ကွက် ၃ ရပ်ကွက်တို့အား သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် အနီးဝန်းကျင်ရှိလယ်ယာမြေများအား ရေပေးသွင်းနိုင်ရေး ရေအရင်းအမြစ်အတွက် များစွာအထောက်အကူပြုသော ရေကန်တစ်ကန်ဖြစ်သည်။

ယခုအခါ မြို့သစ်ရပ်ကွက်သုံးရပ်ကွက်၌ နှစ်စဉ်ရာသီဥတုပူပြင်းခြင်းအခြေအနေနှင့် သောက်သုံးရေရှားပါးလာမှုအခြေအနေတို့ကြောင့် စော်ဘွားကန် မတိမ်ကောရေး၊ ပြန်လည်ဆယ်ယူခြင်း၊ ကန်ဘောင်မြှင့်တင်ခြင်း၊ ကန်မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းအား တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် ယခင်နှစ်အတွင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စော်ဘွားကြီးကန်အား မောရီယမဟာဝံသသီသုဓမ္မရာဇာ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၏ခမည်းတော် စော်ဘွားကြီးဦးရွှေသားလက်ထက်၌ ဆည်မြောင်းမှ ရေမရနိုင်သော ဒေသများတွင် ရေကန်ကြီးများတူးဖော်ခဲ့ရာ၌ ၂၀၂၉ ခုနှစ်တွင် ဝန်းသိုမြို့အရှေ့ဘက် ယခုစော်ဘွားကြီးကန်အားမြို့လူထုအင်အားဖြင့် သုံးနှစ်တူးဖော်ခဲ့ပြီး ကန်ပေါင်ကို တောင့်တင်းခိုင်မာစေရန် ဆင် ၁၀ စီးဖြင့် နင်းသိပ်စေခဲ့ရသည်ဟု သိရသည်။

စိုင်းလူမင်း(မီဒီယာ)

သထုံခရိုင်အတွင်း ယခုပညာသင်နှစ်တွင် စတုတ္ထတန်းအောင်ချက်ပိုမိုမြင့်မားရေး အခြေခံပညာမူလတန်းအဆင့်စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

သထုံ အောက်တိုဘာ ၃၁

မွန်ပြည်နယ် သထုံခရိုင်အတွင်း၌ ယခုပညာသင်နှစ်တွင် စတုတ္ထတန်းအောင်ချက်ပိုမိုမြင့်မားရေးအတွက် အခြေခံပညာမူလတန်းအဆင့် စာမေးပွဲဆိုင်ရာ ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲကို သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ရှိ အ. ထ. က (ကျိုကြော်) ရွှေရတုခန်းမ၌ အောက်တိုဘာ ၂၉ ရက်က စတင်ကာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဗဟိုမှာလုပ်ခဲ့တဲ့ စတုတ္ထတန်းစာမေးပွဲမေးခွန်းတွေနဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲကို တက်ခဲ့တဲ့ ဆရာ၊ ဆရာမတွေက ခရိုင်တစ်ခုလုံးမှာရှိတဲ့ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးတွေကို တစ်ဆင့်ပြန်လည်ပို့ချ ဆွေးနွေးတာပါ။ ဒီဆွေးနွေးပွဲက ဘာသာရပ်အလိုက် ပိုပြီးစနစ်ကျတဲ့ မေးခွန်းတွေနဲ့ သင်ကြားမှုပုံစံကိုသိပြီးတော့ အောင်ချက်ပိုပြီးမြင့်မားလာတဲ့ အကျိုးကိုရရှိစေဖို့ဖြစ်ပါတယ်" ဟု သထုံခရိုင်ပညာရေးမှူး ဒေါ်ကြည်ကြည်မာက ပြောသည်။

ဆွေးနွေးပွဲတွင် သထုံခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး(ပညာ) ဒေါ်စန်းတင့်က ပညာရေးနှင့်ပတ်သတ်သည့် လမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးကာ ဗဟိုအဆင့်ဆွေးနွေးပွဲသို့ တက်ရောက်သည့် ဆရာ၊ ဆရာမများက ဘာသာရပ်အလိုက် စာမေးပွဲမေးခွန်းဆိုင်ရာများကို အသီးသီးရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် စတုတ္ထတန်းမေးခွန်းများနှင့်ပတ်သက်သည့် ဘာသာရပ်အလိုက် အမှတ်ပေးစည်းမျဉ်းများနှင့် မေးခွန်းပုံစံထုတ်မှုအခြေနေများကို အောက်တိုဘာ ၂၉ မှ ၃၀ ရက်ထိ နှစ်ရက်ကြာ ပြန်လည်ပို့ချဆွေးနွေးခြင်းများပြုလုပ်ခဲ့ပြီး သထုံခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် စတုတ္ထတန်းကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၆၈၆၄ ဦးတို့ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

သက်ဦး(သထုံ)

ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



ဆယ့်နှစ်လရာသီပွဲတော်များနှင့်နေ့ထူးနေ့မြတ်များ

ဦးအောင်မြင့်ခိုင် စီစဉ်ပြုစုထားသည့် ကျောင်းသား၊ ကောင်းသူ လူငယ်လူရွယ်များ အတွက် "ဆယ့်နှစ်လရာသီပွဲတော်များနှင့်နေ့ထူးနေ့မြတ်များ(မြန်မာစာစီစာကုံးများ) စာအုပ်ထွက်ရှိလာသည်။

မြန်မာနိုင်ငံ၏ ဆယ့်နှစ်လရာသီမှာရှိသည့် မြန်မာလ၊ အင်္ဂလိပ်လများပူးတွဲပါရှိပြီး သက်ဆိုင်ရာလအလိုက် ကျင်းပလေ့ရှိသော ပွဲတော်များအကြောင်း နှင့်နေ့ထူးနေ့မြတ်များကို စုစည်းဖော်ပြထားသည်။ မြန်မာ့ ဆယ့်နှစ်လရာသီတွင် လအလိုက်ကျင်းပလေ့ရှိသည့် ပွဲတော်များ၊ ရာသီရုပ်၊ ကောင်းကင်တွင်ဖြစ်ပေါ် သည့် နက္ခတ်များကိုပါဖော်ပြထားပြီး ကမ္ဘာ့နေ့ထူးနေ့မြတ်များကိုလည်း ဖော်ပြထားသည်။ ထို့အပြင် စကားပုံများ၊ စကားအလင်္ကာများ၊ စုံပြုပုံခိုင်းထားသည့် အသုံးအနှုန်းများကို မှတ်သားဖွယ်ရေးဖွဲ့ထားသည့်အပြင် မိမိလူမျိုးများ၏ ဓလေ့ထုံးစံများကိုပါ ထည့်သွင်းထားသည်။ နေ့ထူးနေ့မြတ်များနှင့်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို သိရှိလိုသူများအတွက် အသုံးဝင်မည့်စာအုပ်တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို မရွှေ့မစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ (၃၉)လမ်းအပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုးကျပ် ၁၈၀၀ ဖြင့်ဖြန့်ချိထားသည်။

ထင်ပေါ်ကျော်ကြားမယ်တော်ကြီးများ

နေ့မြန်မာသမိုင်းနှင့်လောကီရေးရာတွင်ထင်ရှားကျော်ကြားသည့် သာသနာပြုမယ်တော်ကြီးများ၏အကြောင်းကို ဂဏ္ဍီရဆရာလှမျိုး(B.Sc) က"ထင်ပေါ် ကျော်ကြားမယ်တော်ကြီးများ" စာအုပ်အဖြစ်ထုတ်ဝေလိုက်သည်။

အဆိုပါစာအုပ်မှာ မြန်မာဘုရင်များလက်ထက်က ထင်ပေါ် ကျော်ကြားသော မယ်တော်ကြီးများ၏သမိုင်းမှတ်တမ်းများကို ဖော်ထုတ်ထားသည်။ မယ် တော်ကြီးများတွင် မြနန်းနွယ်၊ မမြစ်မင်း၊ ရွှေစာရံဘုရားဒါယိကာ စောမွန်လှ၊ စိတ်တန်းဦးရှင် အမေရေယဉ်၊ ပုပ္ပါးမယ်တော် မယ်ဝဏ္ဏ၊ မွန်ဘုရင်မကြီး ရှင်စောပု၊ နံကရိုင်းမယ်တော်ကြီး၊ သူရသတီမယ်တော်ကြီး၊ ယက္ခမယ်တော်သို့မဟုတ် လောကပါလမယ်တော်ကြီး၊ ဘောဂဝတီနဂါးမယ်တော်ကြီးနှင့် ပန်ထွာဘုရင်မကြီးအထိ စုံလင်အောင်ဖော်ပြထားသည်။ နာမ်လောက၊ ပရလောကမှ ယုံကြည်မှု၊ စွဲလမ်းမှုဆိုင်ရာတို့ကို ပိုမိုခိုင်မာအောင်သက်သေထူပြထားသော စာအုပ်တစ်အုပ်ဟုဆိုရမည်ဖြစ်သည်။

အဆိုပါစာအုပ်ကို စာပေနန်းတော်၊ အမှတ်(၁၃၈-၁၄၀)၊ (ပထမထပ်)၊ ပန်းဆိုးတန်းနှင့်မဟာဗန္ဓုလ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန် မြို့၊ ဖုန်း-၀၉၂၆၀၂၄၅၅၂၂၄ ကတန်ဖိုးကျပ် ၁၈၀၀ ဖြင့်ဖြန့်ချိထားသည်။

ပတ္တမြားငမောက်နှင့်စိန်နားပန်သေတ္တာများ

ဆရာဝဏ္ဏ(LL.B) ရေးသားပြုစုထားသော "မြန်မာ့နန်းစဉ်ရတနာ ပတ္တမြားငမောက်နှင့် စိန်နားပန်သေတ္တာများ စာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်တွင် ကုန်းဘောင်မင်းဆက်ထိန်းသိမ်းစောင့်ရှောက်ခဲ့သော တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့နန်းစဉ်ရတနာ ပတ္တမြားငမောက်ကို ဘုန်းဘောင်မင်းဆက် နောက်ဆုံးမင်းဆက်ဖြစ်သည့် သီပေါမင်းလက်ထက်တွင် မြန်မာတို့၏ထီးနန်းပျက်သုဉ်းမှုနှင့်အတူ အဆိုပါနန်းစဉ်ရတနာကြီးလည်း ပျောက်ဆုံးသွား ရပုံသမိုင်းဖြစ်ရပ်မှန်ကိုတင်ပြထားသည်။ အဆိုပါပတ္တမြားငမောက်၏ တန်ဖိုးမဖြတ်နိုင်ပုံကိုထောက်ရှုခြင်းအားဖြင့် ထိုကဲ့သို့ရတနာများထွက်ရှိရာ မြန်မာ့မြေကို မျက်စိကျခဲ့သော နယ်ချဲ့အင်္ဂလိပ်တို့၏ နိုင်ငံသိမ်းပိုက်ရေးအကြံအစည်များနှင့် သီပေါမင်းပါတော်မူခဲ့ရပုံတို့ကိုပါ ဝမ်းနည်းကျေကွဲဖွယ်၊ ယူကြုံမရဖြစ်ဖွယ်တင်ပြထားရာ မြန်မာ့နန်းစဉ်ရတနာများအကြောင်းကို မသိသေးသောစာဖတ်ပရိသတ်များ၊ မြန်မာမင်းဆက်နောက်ဆုံးမင်း၏ ဖြစ်အင်များကို သမိုင်းမှတ်တမ်းအဖြစ် လေ့လာဖတ်ရှုရမည်ဖြစ်သည်။

အဆိုပါစာအုပ်ကို ခရမ်းသွေးစာပေ၊ အမှတ်(၁)၊ (၁)လမ်းထိပ်၊ အမှတ်(၃)ရပ်ကွက်၊ ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၇၉၇၇၅၇၁၉ က တန်ဖိုးကျပ် ၁၀၀၀ ဖြင့်ဖြန့်ချိထားသည်။

လိုတိုရှင်းအင်္ဂလိပ်စကားပြော

မျက်မှောက်ကာလ ကျောင်းသူကျောင်းသားလူငယ်လူရွယ်များလေ့လာလိုက်စားနိုင်ရန်အတွက် "ကျောင်းသားသုံး လိုတိုရှင်းအင်္ဂလိပ်စကားပြော"စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များသာမက အင်္ဂလိပ်စကားပြောလေ့လာလိုသူများအတွက် အလွယ်တကူမှတ်သားတတ် ပြောက်နိုင်အောင် လွယ်လွယ်ကူကူပေါ့ပေါ့ပါးပါး လိုတိုရှင်းအင်္ဂလိပ်စာနည်းလမ်းများကို ညွှန်ပြထားသည်။ စာအုပ်တွင် အများလှသောအကြောင်းအရာများကို အခန်းပေါင်း(၂၀)ဖြင့် ကိန်းဂဏန်းများ၊ ရက်စွဲများ၊ ပြောဆိုပုံများ၊ နေ့စဉ်ပြောဘာသာစကားများ၊ ဖိုးဖိုးစကားစုများ၊ သူငယ်ချင်းမိတ်ဆွေများ၊ ဆရာများ၊ နှမ်၊ လ၊ နေ့ရက်၊ အချိန်တို့နှင့် နေအိမ်များ၊ မိသားစု၊ နေ့စဉ်လုပ်မှုဘဝ၊ စျေး၊ ပန်းခြံ၊ ဆေးခန်း၊ မွေးနေ့တို့ပါမကျန် အခြေခံအဆင့် အလွယ်တကူ ပြောဆိုနိုင် ရေးအလေးပေးဖော်ပြထားသည်။

အဆိုပါစာအုပ်ကို မရွှေ့မစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ (၃၉)လမ်းအပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုးကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိထားသည်။

ကျေးရွာစာကြည့်တိုက်တာဝန်ခံများစုပေါင်းပြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်ဖွဲ့စည်းလုပ်ငန်းညှိနှိုင်းစည်းဝေး

ပွင့်ဖြူ အောက်တိုဘာ ၃၁

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေပြီး၊ ကျေးလက်နေပြည်သူများ စိတ်ဝင်စားစွာဖြင့် စာဖတ်ခြင်းအလေ့အထကောင်းများ ရှင်သန်စေရန်ရည်ရွယ်၍ ကျေးရွာစာကြည့်တိုက်တာဝန်ခံများစုပေါင်းပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်အဖွဲ့ဖွဲ့စည်း၍ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဆောင်ရွက်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင်မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင်က မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ၏ လက်ရှိအခြေအနေ၊ စာကြည့်တိုက်များ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ကျေးရွာများရှိ စာကြည့်တိုက်တာဝန်ခံများက ကွန်ရက်ဖွဲ့စည်း၍ စာအုပ်များ လဲလှယ်သောစနစ်ဖြင့် စာဌား၊ စာဖတ်ပရိသတ်များအား ဆွဲဆောင်စည်းရုံးရေးလုပ်ငန်းများ၊ စံ (၅) ရပ်ညီ စာကြည့်တိုက်များအား နိုင်ငံတော်ထောက်ပံ့ပေးမှု၊ စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များအသင်းတို့မှ ထောက်ပံ့ပေးမှုများအကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် ယောစုကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်တာဝန်ခံ ဦးသန်းတင့်အောင်က ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံတကာစာကြည့်တိုက်များမှ ပြည်သူများအား ဝန်ဆောင်မှုပေးနေမှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော ကျေးရွာစာကြည့်တိုက်တာဝန်ခံများက မိမိကျေးရွာစာကြည့်တိုက်များ လက်ရှိရပ်တည်နေရမှုအခြေအနေနှင့် အခက်အခဲများ၊ စာဌား၊ စာဖတ်တိုးပွားရေး ဆောင်ရွက်နေမှုအခြေအနေများကို တစ်ဦးချင်းရှင်းလင်းဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာ ၂၈ ရွာမှ စာကြည့်တိုက်တာဝန်ခံနှင့် ကော်မတီဝင် ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သူရထွန်း(ပွင့်ဖြူ)**

နယ်လှည့်ဆေးကုသရေးအဖွဲ့ ဟိုခိုရပ်ကွက် ဇေယျသိဒ္ဓိကျောင်းတိုက်၌ အခမဲ့ကုသပေး

ပူတာအို အောက်တိုဘာ ၃၁

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် ရွှေဆံနွယ်ဆရာတော်ဦးဆောင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့သည် အောက်တိုဘာ ၂၉ရက်နံနက် ၇ နာရီမှစတင်၍ ပူတာအိုမြို့ ဟိုခိုရပ်ကွက် ဇေယျသိဒ္ဓိကျောင်းတိုက်၌ အခမဲ့ဆေးဝါးကုသမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

နယ်လှည့်ဆေးကုသရေးအဖွဲ့တွင် ဒေါက်တာချိန္ဒယ်ဇင် (စိတ်ရောဂါအထူးကုဆရာဝန်)၊ ဒေါက်တာသွင်ကျော်ကျော်၊ ဒေါက်တာဘသန်း (အရေပြားအထူးကုဆရာဝန်)၊ ဒေါက်တာဇာနည်မောင် (သွားနှင့်ခံတွင်း)၊ မန္တလေးဆေးရုံ လက်ထောက်ဆရာဝန် ဒေါက်တာခင်ဥမ္မာစိန် (မျက်စိ၊ နား၊ နှာခေါင်း)၊ ဒေါက်တာသုတ၊ ဒေါက်တာဇော်ဝင်း၊ ဒေါက်တာဥာဏ်လင်းထက် (အထွေထွေ)၊ ရွှေဆံနွယ်ဆေးရုံ(ယင်းမာပင်) မှ ဒေါက်တာဝင်းထူးကျော်နှင့် သူနာပြုဆရာမများ၊ မြစ်ကြီးနားမြို့မှ သွားဆရာဝန် ဒေါက်တာကျော်ဇင်၊ ပူတာအိုမြို့ ပြည်သူ့ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုဆရာမများ ပူးပေါင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးအခမဲ့စစ်ဆေးပေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းများ ပြုလုပ်ခဲ့သည်။

"ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ ပူတာအိုမြို့က ကျွမ်းကျင်တဲ့ဆရာဝန်ကြီးတွေပါ ပါတယ်။ ဆေးကတော့ အများကြီးပါလာတယ်။ ဆေးဝါးကုသဖို့အချိန်က နှစ်ရက်ထဲဆိုတော့ အချိန်မလောက်ဘူးဖြစ်နေတယ်။ တကယ်လို့ မျက်စိခွဲစိတ်ဖို့လိုအပ်တဲ့သူတွေကို အလျှုရှင်တွေရှာပြီး ကုသပေးနိုင်ဖို့ ဆောင်ရွက်သွားမှာပါ" ဟု ဆေးကုသရေးတွင် ပါဝင်သူတစ်ဦးက ပြောသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် အောက်တိုဘာ ၂၈ ရက်တွင် မချမ်းဘောမြို့နယ် ကောင်းမှုကျေးရွာတွင်လည်းကောင်း၊ အောက်တိုဘာ ၂၉ ရက်တွင် ဟိုခိုရပ်ကွက် ဇေယျသိဒ္ဓိကျောင်းတိုက်တွင်လည်းကောင်း ဆေးဝါးကုသမှုများကို နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(မြန်/ဆက်)**

အလုံမြို့နယ်၌ စက်ရေတွင်း နှစ်တွင်းတူးဖော်ပြီးစီး ဖွင့်ပွဲအခမ်းအနားပြုလုပ်

ရန်ကုန် အောက်တိုဘာ ၃၁

ပြည်ထောင်စုလွှတ်တော် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် သိပ္ပံလမ်းမိသားစုတို့ ပံ့ပိုးအလျှောင်းဖြင့် ဆောင်ရွက်သော စက်ရေတွင်း နှစ်တွင်းတူးဖော်ပြီးစီး၍ ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက်နံနက် ၇ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ် ဆင်မင်းရပ်ကွက် သိပ္ပံလမ်းတွင်ကျင်းပခဲ့သည်။

အခမ်းအနားတွင် သိပ္ပံလမ်း ရေနှင့် ရေကောင်းရေသန့်ရရှိရေးကော်မတီ ဒုဥက္ကဋ္ဌ ဦးဥာဏ်မြင့်က လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခဲ့သည်။

အခမ်းအနားသို့ အလုံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ လမ်းသာယာရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လမ်းသူလမ်းသားများ တက်ရောက်ခဲ့သည်။

စက်ရေတွင်း နှစ်တွင်းအား ပြည်ထောင်စုလွှတ်တော် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၇၉၇၅၀၀၀ နှင့် သိပ္ပံလမ်းနေ အလျှောရှင်များထံမှ အလျှောခံရငွေကျပ် ၁၁၁၂၅၅၀၀ စုစုပေါင်းငွေကျပ် ၁၉၁၀၀၅၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကိုတင်မောင်ဦး (အလုံ)

သာသနာ့နွယ်ဝင် စိစစ်ရေးကတ်ပြား ပေးအပ်ပွဲ မရမ်းကုန်းမြို့နယ်တွင်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း အမှန်တကယ်သီတင်းသုံးနေထိုင်ကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင်အစစ်အမှန်များ၏ မှတ်တမ်းစာရင်းများ ရရှိရေး၊ ရဟန်း၊ သာမဏေ၊ သီလရှင်အစစ်အမှန်များ အေးချမ်းစွာနေထိုင်သွားလာနိုင်ရန် သာသနာဝင်ကတ်မရရှိသေးသည့် ရဟန်း၊ သာမဏေ၊ သီလရှင်များ သာသနာဝင်ကတ် ရရှိရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ပူပေါင်းကာ သာသနာဝင်၊ သာသနာ့နွယ်ဝင် စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် ပျော်ဘွယ်သုခမ္မာကျောင်းတိုက်တွင် ကျင်းပခဲ့ကြောင်းသိရသည်။ မြို့နယ်အတွင်းရှိ ရှစ်မိုင်မစိုးရိမ်ကျောင်းတိုက်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ သမိုင်းမြို့မကျောင်းတိုက်တို့မှ ရဟန်း၊ သာမဏေ (၂၇၅) ပါး၊ သာသနောဒယ်သီလရှင်ကျောင်းနှင့် ရွှေမြိုင်သီရိသီလရှင်ကျောင်းတို့မှ သီလရှင်(၅၇)ပါး စုစုပေါင်းရဟန်း၊ သာမဏေ၊ သီလရှင် (၂၉၂)ပါးအား မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)နှင့်(၂)တို့မှ ဦးရှန်ရှင်း၊ ဒေါ်မိုးမိုးစုကြည်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးတို့ကသာသနာဝင်၊ သာသနာ့နွယ်ဝင် စိစစ်ရေးကတ်ပြားများအား အသီးသီးပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

အမရပူရမြို့နယ် မိချောင်းတက်ကျေးရွာ မကြာမီ လျှပ်စစ်မီးလင်းတော့မည်

အမရပူရ အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မိချောင်းတက်ကျေးရွာတွင် မကြာမီလျှပ်စစ်မီးလင်းလာတော့မည်ဖြစ်သဖြင့် လက်ရှိကာလတွင် လျှပ်စစ်မီးကြိုးများ သွယ်တန်းခြင်းလုပ်ငန်းနှင့် မီးတိုင်များစိုက်ထူခြင်းများကို ပြုလုပ်လျက်ရှိကြောင်းသိရသည်။

လက်ရှိကာလတွင် မီတာပေါက်တပ်ဆင်ခြင်းများ၊ မီးကြိုးသွယ်တန်းခြင်းများကိုပါ ပြုလုပ်နေကြပြီဖြစ်သည်။ မကြာမီကာလတွင် မိချောင်းတက်ကျေးရွာမှာ လျှပ်စစ်မီးလင်းတော့မည်ဖြစ်သည့်အတွက် ကျေးရွာသူ၊ ကျေးရွာသားများ ဝမ်းသာလျက်ရှိသည်။ မီတာပေါက်နှင့် သွယ်တန်းမှုအတွက် ကုန်ကျငွေကို ကိုယ်စီကိုယ်စီကျခံမည့်အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ငွေကြေးမတတ်နိုင်သူများ နောက်ပိုင်းကာလတွင် မီတာတပ်ဆင်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

မီးချောင်းတက်ကျေးရွာအတွက် ဒုဌဝတီမြစ်တစ်ဖက်ကမ်း မြောက်တောကြီးအနီးရှိ အောင်ဗုဒ္ဓမြတ်စွာဘုရားမှတစ်ဆင့် သွယ်တန်းယူကြရသည်။ မိချောင်းတက်ကျေးရွာတွင် အိမ်ခြေ ၂၇၀ ခန့်ရှိပြီး လူဦးရေ ၁၈၀၀ ကျော်ရှိသည်။ ကျေးရွာအတွင်း လျှပ်စစ်မီးသွယ်တန်းနိုင်ရေးအတွက် တစ်အိမ်လျှင် ငွေကျပ် ၃၅၀၀၀၀ ထည့်ဝင်ကာ လျှပ်စစ်မီးသွယ်တန်းရေးအတွက် ကြိုးစားခဲ့ကြသည်။ သတ်မှတ်သောငွေကြေးကို ခွဲကာသွင်းပြီး ရလာသောငွေကြေးများကို ဘဏ်တွင်အပ်ကာ လျှပ်စစ်မီးလင်းရေးအတွက် လုပ်ဆောင်ခဲ့ကြသည်။ မီးကော်မတီများ စနစ်တကျ ဖွဲ့စည်းကာ သက်ဆိုင်ရာဌာနများကိုလည်း အကူအညီတောင်းခံကာလုပ်ဆောင်ခဲ့ကြသည်။

ယခုအခါ တိုးတက်ဖွံ့ဖြိုးလာသော ခေတ်ကာလတွင် ကျေးရွာချင်းဆက် မြို့ကိုတက်သည့် လမ်းများ ကိုယ့်အားကိုယ်ကိုးဖောက်ခြင်းနှင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးသွယ်တန်းခြင်းများကို ပြုလုပ်လာပြီး သက်ဆိုင်ရာ အစိုးရဌာနအသီးသီးမှလည်း အစွမ်းကုန်ကူညီ လုပ်ဆောင်ပေးလျက်ရှိသည်။

တိမ်တမန်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(မကွေးတိုင်းဒေသကြီးအသင်းခွဲ)နှစ်ပတ်လည်အသင်းသားညီလာခံကျင်းပ

မကွေး အောက်တိုဘာ ၃၁

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မကွေးတိုင်းဒေသကြီးအသင်းခွဲ) နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံအား အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းက အင်ဂျင်နီယာကောင်စီနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးတင်လတ်မှ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌက မကွေးတိုင်းဒေသကြီးအင်ဂျင်နီယာအသင်းခွဲဥက္ကဋ္ဌနှင့် နည်းပညာတက္ကသိုလ်(မကွေး) ကျောင်းအုပ်ကြီးတို့အား နည်းပညာဆိုင်ရာစာအုပ်များနှင့် ပညာရပ်ဆိုင်ရာစာအုပ်များကို ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆောက်လုပ်ရေးနှင့်ပို့ဆောင်ရေး ဝန်ကြီး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ၊ နည်းပညာတက္ကသိုလ် (မကွေး) ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အင်ဂျင်နီယာ အသင်းသူ၊ အသင်းသားတို့ တက်ရောက်ခဲ့သည်။

အသင်းဝင်များအား အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်များတွင် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ဝဖ)

လှိုင်မြို့နယ် အတွင်း ကျန်းမာရေးဝန်ဆောင်မှု လိုက်လံဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၃၁

လှိုင်မြို့နယ် စည်ပင်သာယာကျန်းမာရေးဌာနမှ ရပ်ကွက်နေပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာလအတွင်း ခြင်ထောင်စုစုပေါင်း ၄၀၅ လုံးကို ဆေးစိမ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၊ မြို့နယ်စည်ပင်သာယာ ကျန်းမာရေးအရာရှိ ဒေါက်တာအေးချမ်းလွင်တို့ ဦးဆောင်မှုဖြင့် အမှတ်(၆) ရပ်ကွက် တပ်တွင်းကျောင်းအနီး မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများမဖြစ်ပွားစေရေးအတွက် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် စည်ပင်သာယာ ကျန်းမာရေးဌာနတာဝန်ခံ ဒေါ်စန်းစန်းသွင်က ပြောပြသည်။

ဆက်လက်၍ "သွေးလွန်တုပ်ကွေးရောဂါက မိုးရာသီမှာ အဖြစ်များတယ်ဆိုပေမယ့် နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီစလုံး ဖြစ်ပွားတတ်တဲ့ အလေ့အထရှိလို့ စဉ်ဆက်မပြတ် ကျန်းမာရေးဝန်ဆောင်မှု ဆောင်ရွက်ပေးနေတာပါ။ အခုစုရပ်ကို ဆေးစိမ်ဖို့ လာပို့ထားတဲ့ ခြင်ထောင်အရေအတွက်က အားလုံး ၅၅ လုံးရှိပါတယ်။ အောက်တိုဘာတစ်လလုံး ခြင်ထောင်ဆေးစိမ်ပေးခဲ့တာက စုစုပေါင်း ၄၀၅ လုံးရှိပါတယ်" ဟု ကျန်းမာရေးဝန်ဆောင်မှုပေးပုံနှင့် ပတ်သက်ပြီး ရှင်းပြသည်။

အဆိုပါ လုပ်ငန်းကို မြို့နယ်စည်ပင်သာယာ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးအေးမင်းနှင့် ဦးဇေယျာလင်းတို့က ကြီးကြပ်၍ ခြင်ထောင်များဆေးစိမ်ပေးပြီး အိမ်ခြေ ၈၀ ကို ဆေးများ လိုက်လံခတ်ပေးပြီး ဝန်ဆောင်မှုပေးခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့်အဖွဲ့ဝင်များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်သုည**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ခုံးကျော်တံတားအဆင်း အင်းစိန်ဈေးရှေ့တွင် အမှိုက်ပုံကြီးမှာ ခရီးသွားပြည်သူများများစွာအနှောင့်အယှက်ဖြစ်သဖြင့် ဈေးဝယ်လာသူများနှင့် ဖြတ်သန်းသွားလာသူများက ယင်းအမှိုက်ပုံကို ဖယ်ရှားပေးစေလိုကြောင်း သိရသည်။
သတင်းနှင့်ဓာတ်ပုံ- မျိုးသန့်

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သာစည်မြို့နယ် အတွင်း မိုးထောင်ဝရုတ်ခင်းများ ရေဝင်ပျက်စီး

သာစည် အောက်တိုဘာ ၃၁

သာစည်မြို့နယ်တွင် အောက်တိုဘာ ၂၉ ရက် ညနေ ၃ နာရီခန့်က ရွာသွန်းခဲ့သောမိုးကြောင့် မြို့ပေါ်အနိမ့်ပိုင်း ရပ်ကွက်များဖြစ်သည့် အမှတ် (၆) အရှေ့ပိုင်းရပ်ကွက် အမှတ်(၇) ရပ်ကွက်၊ အမှတ် (၁) ရပ်ကွက် အရှေ့တောင်ဘက်ပိုင်း၊ အမှတ် (၂)ရပ်ကွက် လူနေအိမ်ခြံဝင်းများအတွင်း သို့ရေများဝင်ရောက်ခဲ့မှုကြောင့် တောင်သူများစိုက်ပျိုးထားသော မိုးထောင်ဝရုတ်ခင်းများနှင့် ဝရုတ်ပွခင်းများ ပျက်စီးခဲ့ကြောင်း သိရသည်။

မိုးရေချိန် ၂ဒသမ၂၃လက်မရှိ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် သာစည်မြို့နယ်အတွင်းရှိ အုတ်ကုန်း၊ ထနောင်းကုန်း၊ ထနောင်းကန်၊ ကြာဘက်ကုန်း၊ ပိုးမဇာကုန်း၊ အုတ်ဖို၊ အုတ်သျှစ်ကုန်း၊ ကန့်ဖြူ၊ သမန်းကန်၊ ညောင်တို၊ ပေါက်တော၊ ဆင်ဝင်၊ အင်းရွာတို့တွင် ရေများဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ **မောင်ကို(သာစည်)**

မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရေး အောက်တိုဘာ ၃၁

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးရွာကိုးရွာအနက်မှ ပလိုင်ကီးကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်နေမှုနှင့် ပတ်သက်ပြီး မော်လမြိုင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရဲဝင်း၊ ရေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းထောစံတို့အဖွဲ့နှင့် ကွင်းဆင်းပြီး လုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် စာရင်းဇယားများ စနစ်တကျပြုစုထားရှိမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ပလိုင်ကီးကျေးရွာစီမံကိန်းရန်ပုံငွေဖြင့်ဆောင်ရွက်ထားသော မွေးမြူရေးလုပ်ငန်းများသံပုရာစိုက်ခင်းနှင့် မီးလင်းရေးလုပ်ငန်းများကို သွားရောက်စစ်ဆေးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

စစ်ကိုင်းခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ စစ်ကိုင်းခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ပြည်သူများစုပေါင်း၍ အောက်တိုဘာ ၂၉ ရက် နံနက် ၇ နာရီက စစ်ကိုင်းမြို့ရှိ ဆင်များရှင်ဘုရားပရဝဏ်နှင့် ရင်ပြင်တော်ပတ်ပတ်လည်တွင် ချုန္ဒယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များရှင်းလင်းခြင်းတို့အား စုပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။
သတင်းနှင့်ဓာတ်ပုံ- ဇော်မြင့်နိုင် ခရိုင် (ပြန်/ဆက်)

ဗန်းမောက်မြို့နယ်၌ ဇီကာဗိုင်းရပ်စ်ကြောင့် ကာကွယ်ရေးသိကောင်းစရာများ ဟောပြော

ဗန်းမောက် အောက်တိုဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ ဇီကာဗိုင်းရပ်စ်ရောဂါ အကြောင်း သိကောင်းစရာများ ပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၉ ရက်ကပြုလုပ်ခဲ့သည်။

ဗန်းမောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေထွန်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့အစည်းကျန်းမာရေးအဖွဲ့ခွဲမှ ထုတ်ဝေသော ဇီကာဗိုင်းရပ်စ် အကြောင်း သိကောင်းစရာအချက်အလက်များအား တပ်ဖွဲ့ဝင်မိသားစုများနှင့် ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဇီကာဗိုင်းရပ်စ်ရောဂါပိုးကြောင့် ဖြစ်ပွားသော ဖျားခြင်း၊ အရေပြားရောဂါ၊ မျက်စိ၊ ခေါင်းကိုက်ခြင်းနှင့် အဆစ်နာခြင်းစသည့် လက္ခဏာများဖြစ်လာပြီး ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်လနစဉ်အတွင်း ရောဂါဖြစ်ပါက မွေးလာသည့်ကလေးများအတွက် ချို့ယွင်းမှုများရှိနိုင်ကြောင်းကို ပြောကြားခဲ့သည်။

အခမ်းအနားသို့ တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များ၏ဇနီး ကိုယ်ဝန်ဆောင်မိခင်များ၊ ဒေသခံပြည်သူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်စွာ(ဗန်းမောက်)**

ရေးမြို့၌ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအထိ မှုခင်းပညာပေး ပြခန်းယာဉ်ဖြင့် လှည့်လည်ပြသ

ရေး အောက်တိုဘာ ၃၁

မွန်ပြည်နယ်ရဲတပ်ဖွဲ့ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ရေးမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများရှိလူစည်ကားရာအချက်အချာကျသော နေရာများတွင် အောက်တိုဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မှုခင်းကျဆင်းရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစောင်စာများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"အခုလို ပညာပေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလုပ်ဆောင်သွားဖို့ ပြည်သူလူထုအနေနဲ့ ပါဝင် ပူးပေါင်းစေလိုပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းစေဖို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ပူးပေါင်းတိုက်ဖျက်သွားဖို့နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေနဲ့ မွန်ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) တို့ပူးပေါင်းပြီး မူးယစ်ဆေးသုံးစွဲသူတွေ ဆေးဖြတ်နိုင်ဖို့အတွက် မိဘပြည်သူတစ်ရပ်လုံးက ဆေးစွဲနေတဲ့လူနာတွေကို တက်ရောက်ကုသနိုင်ဖို့အတွက် ရဲတပ်ဖွဲ့က ကူညီဆောင်ရွက်ပေးသွားပါမယ်" ဟု ရေးမြို့နယ်ရဲတပ်ဖွဲ့ရဲမှူးမြင့်သော်ကပြောသည်။

အဆိုပါ မှုခင်းကျဆင်းရေးပြခန်းယာဉ်၏ ရေးမြို့နယ် ခရီးစဉ်မှာ သုံးကြိမ်မြောက်ဖြစ်သည်။

ထွန်ထွန်(ရေး)

ဆုတံဆိပ်များကိုတန်ဖိုးနည်းဖိုက်ဘာတံဆိပ်များအသုံးပြုမှုများလာ

မန္တလေး အောက်တိုဘာ ၃၁

ကျောင်း၊ ရုံး၊ အားကစားပွဲများအတွက် ဆုတံဆိပ်များ၊ သော့ချိတ်၊ ရင်ထိုးများအား ယခုအခါ တန်ဖိုးနည်းဖိုက်ဘာတံဆိပ်များ အသုံးပြုမှု များပြားလာကြောင်း မန္တလေးမြို့သိန်းသန်းစိုး စတီးဆိုင်းဘုတ်၊ သော့ချိတ်၊ ရင်ထိုး၊ ဆုတံဆိပ် အမျိုးမျိုးပြုလုပ်ရောင်းချသည့် လုပ်ငန်းပိုင်ရှင်၏ ပြောပြချက်အရသိရသည်။

တန်ဖိုးနည်းဖိုက်ဘာ ဆုတံဆိပ်များကို အသုံးပြုလာရခြင်းမှာ လိုအပ်သည့်ပုံသဏ္ဌာန်ကို စိတ်ကြိုက်ရွေးချယ်ခွင့်ရှိကာ တစ်ရက်မှန့်စ်ရက်အတွင်း အလွယ်တကူ လိုသလောက်ရနိုင်ခြင်းကြောင့် အသုံးများပြားလာခြင်းဖြစ်သည်။ ပုံသဏ္ဌာန်များမှာလည်း လှပခေတ်မီပြီး စားပွဲတင်အလှထားခြင်းများအတွက် ခိုင်မာစွာပြုလုပ်ပေးထားသည့်အတွက် လူကြိုက်များကြသည်။ ငွေထည်ကြေးထည်များ ဖြင့်ပြုလုပ်သော ဆုတံဆိပ်များမှာ အချိန်ယူရခြင်း၊ လျင်မြန်စွာမရရှိခြင်းဆိုသော အခက်အခဲများရှိနေတတ်သည်။

မန္တလေးမြို့တွင် ဖိုက်ဘာဆုတံဆိပ်လုပ်ငန်းများ တွင်ကျယ်စွာပြုလုပ်လာရသည်။ ဆုတံဆိပ်များတွင် ကျောင်းနှင့်ပတ်သက်သော တံဆိပ်အမျိုးမျိုး၊ အားကစားအမျိုးမျိုးနှင့်ပတ်သက်သည့် ဆုတံဆိပ်များ အကောင်းဆုံး အားကစားသမားအတွက် ဆုတံဆိပ်များ၊ ကုမ္ပဏီနှင့်ဆိုင်သော ဆုတံဆိပ်များ၊ ဆုဖလားများကို ပြုလုပ်ပေးလာကြသည်။ ဆုတံဆိပ်ပုံကြမ်းကို အနီးစပ်ဆုံးပြောပြကာ ပုံစံများကို တရုတ်ပြည်မှ တိုက်ရိုက်မှာယူတင်သွင်းကြသည်။ မန္တလေးမြို့တွင် အသုံးတွင်ကျယ်သည့် ပုံစံများကို အော်ဒါမှာယူကာ တင်သွင်းကြသည်။

ပြည်တွင်းရောက်သည့်အခါ လိုအပ်သလို အချောသပ်ခြင်း၊ စာတန်းထည့်ခြင်းများကို ပြုလုပ်ပေးကြသည်။ တန်ဖိုးနည်း ဖိုက်ဘာဆုတံဆိပ်များမှာ တစ်ခုလျှင်ငွေကျပ် ၁၅၀၀၊ ၂၀၀၀၊ ၂၅၀၀ ကျပ်မှ တစ်သိန်းကျော်အထိ အရွယ်အစားနှင့် လက်ရာအလိုက် စျေးနှုန်းကွာခြားသွားသည်။

ထူးချွန်မှုများအတွက် ဆုတံဆိပ်ပေးအပ်ခံရခြင်းမှာ ဘဝအတွက် အဖိုးမဖြတ်နိုင်သော အရာတစ်ခုပင်ဖြစ်သည်။ ယခင်က ဆုတံဆိပ်များကို ငွေထည်၊ ကြေးထည်တို့ဖြင့် အလှဆင်ကာ ပြုလုပ်ကြသည်။ ယခုအခါတွင် ဆုတံဆိပ်အမျိုးမျိုးကို တန်ဖိုးနည်း ဖိုက်ဘာတံဆိပ်များ အသုံးပြုမှုများလာခဲ့ကြောင်း သိရသည်။ **တိမ်တမန်**

ကနီမြို့နယ်တွင် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေများကျဆင်းပြီး လယ်ယာမြေအချို့ပျက်စီး

ကနီ အောက်တိုဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေများကမ်းလုံးပြည့်ပြီး ရေများကျဆင်းလျက်ရှိရာ မျှိုင်းချောင်း၊ ရေဝါချောင်းနှင့် တင်ဂတုံချောင်းအတွင်းရှိ ရေများလည်းကျဆင်းလျက်ရှိကြောင်း သိရသည်။

ယင်း ရေဝါချောင်းရေကျဆင်းမှု၊ မျှိုင်းချောင်းရေကျဆင်းမှုနှင့် တင်ဂတုံချောင်းရေကျဆင်းမှုများကြောင့် ခုံကြီးကျေးရွာတွင် တိရစ္ဆာန် ငါးကောင်နှင့် လယ်ယာမြေ ဧက ၃၀ ချောင်းရေလွှမ်းခြင်း၊ မျှိုင်းကျေးရွာတွင် နေအိမ်လေးလုံးနှင့် ကဲတောင်ကျေးရွာတွင် နေအိမ်နှစ်လုံး ရွှေ့ပြောင်းရခြင်း၊ ကနီမြို့ အမှတ်(၁) ရပ်ကွက်မှ စပါးစိုက်ခင်း ၃ ဒသမ ၀၉ ဧကနှင့် အမှတ်(၃)ရပ်ကွက် သုည ဒသမ ၃ ဧက ရေတိုက်စားပျက်စီးခြင်း၊ တောင်ပါက်ကျေးရွာအုပ်စုတွင် လယ်ယာမြေ ၅၅ ဧက ရေလွှမ်းပြီး ကင်တောင်ကျေးရွာတွင် ရေဝါချောင်းရေတိုက်စားမှုကြောင့် ရေကာတာတိုက်စားပျက်စီးခြင်းနှင့် မဲဒင်ကျေးရွာတွင် ကင်မွန်းချောင်းတံတား ရေတိုက်စားပြီး ပျက်ကျခြင်းများနှင့် ဒိုင်ကြီးကျေးရွာတွင်လည်း မြေပဲခင်းများ ချောင်းရေဖုံးလွှမ်းခြင်းများ ဖြစ်ပွားခဲ့သည်။

သန်းဌေးအောင်(ကနီ)

စဉ်ကိုင်မြို့နယ်တွင် လျှပ်စစ်မီးရရှိနိုင်ရေး ဆောင်ရွက်မှုအခြေအနေများအား ကွင်းဆင်းဆောင်ရွက်

စဉ်ကိုင် အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး စဉ်ကိုင်မြို့နယ် ကြက်လျှာကျေးရွာနှင့် မင်းကိုင်းကျေးရွာတို့ကို လျှပ်စစ်မီးလင်းရေး ဆောင်ရွက်မည်အခြေအနေများနှင့်ပတ်သက်၍ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ်အဖွဲ့များ၊ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များသည် အောက်တိုဘာ ၃၀ ရက်က အဆိုပါကျေးရွာများသို့ ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများနှင့် အမျိုးသား လျှပ်စစ်မီးလင်းရေးစီမံချက်ပထမအဆင့်တွင်ပါဝင်သည့် ကျေးရွာများသို့ ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိရာ ကြက်လျှာကျေးရွာနှင့် မင်းကိုင်းကျေးရွာ များမီးလင်းနိုင်ရေးအတွက် ယင်းကျေးရွာများရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကမ္ဘာ့ဘဏ်မှ ချေးငွေများ၏ ထောက်ပံ့မှုအစီအစဉ်ဖြင့် လျှပ်စစ်မီးလင်းနိုင်ရန်အတွက် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဖိုးအောင်(စဉ်ကိုင်)

မိုင်းယောင်း၌ မိုးစပါးပုလဲသွယ် စံကွက်ရိတ်သိမ်းစပါး တစ်ဧက ၁၂၄ တင်းကျော်ထွက်ရှိ

မိုင်းယောင်း အောက်တိုဘာ ၃၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ဝမ်ဘိုးကျေးရွာအုပ်စု ဝမ်ဘိုးကျေးရွာ ကွင်းအမှတ် (၁၂) ဦးပိုင်အမှတ် (၇) ရှိ တောင်သူ ဦးစိုင်းဘွန်း၏ လယ်မြေတွင် မိုးစပါးပုလဲသွယ်စံပြကွက်အား စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်မိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူ ၄၀ ကျော် တက်ရောက်ခဲ့သည်။

အဆိုပါ မိုးစပါးပုလဲသွယ် စံပြကွက်အား စံကွက်ရိတ်သိမ်းခဲ့ရာတွင် တစ်ဧက ၁၂၄ ဒသမ ၉၆ တင်း ထွက်ရှိကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

စစ်ကိုင်းမင်းဝံမှသည်

ဆူးဌက်

'ကုမာရီရေ . . ဟေ့ ကုမာရီ . . . '
'ဘာလဲ ကိုဥဒါရီ . . . '
"နက္ခတ်သဘင်ပွဲကြီးကဖြင့် နီးလာပြန်ပြီ။ ပွဲချိန်လည်းလိုပါသေးတယ်။ ဒီနှစ်တော့ သူများနဲ့တူတူ သွားနိုင်လာနိုင်ကောင်းပါရဲ့၊ ကြိုးစားမှာပေါ့ မိန်းမရယ်၊ အားမငယ်ပါနဲ့"
"ကိုဥဒါရီရယ် ပွဲရက်လိုသေးပေမယ့် ငွေဝင်လမ်းဘယ်ကရှိလို့ ဝတ်ဖို့ စားဖို့ ဝယ်နိုင်မှာတုန်း၊ ဒီနက္ခတ်သဘင်ပွဲတော်ဟာ တစ်နှစ်သော်လည်း သွားရနိုးနဲ့ မသွားရ၊ တစ်နှစ်သော်လည်း မသွားရ၊ အိမ်ထောင်ကျရတာ ကျွန်မအဖို့တော့ ဘာမှ အကြောင်းမဟုတ်ဘူး။ ဒီနှစ်လည်း သွားနိုင်မှာ မဟုတ်ပါဘူး။"
အဲသလို. . . မင်းသမီးမမြရင်နဲ့ လူပြက်ဦးဓာတ်ခိုး၊ ဦးသခ်ာတို့ ပြက်လုံးခွင်အတွက် အိုင်ကျင်းဖွဲ့နေကြရင် ပရိသတ်က ရယ်ကြဖို့ ပြင်နေကြရောပေါ့။ အဲဒီခေတ် ပရိသတ်က ဖိုးစိန်ကြီး ဓာတ်ပြားနဲ့ ကြီးခဲ့တာဆိုတော့ 'ကုမာရီရေ' ဆိုတဲ့ အသံကြားကတည်းက ခေါင်းထောင်သွားပြီလေ။ ပြက်လုံးရဲ့ အပိတ်မှာ
"ကယ်တော်မူပါဘုရား . . ။ ကယ်တော်မူပါ ဘုရား . . . "
"ဟဲ့ . . ငါ့ကျောင်း ဘယ်သူက လာအကယ်ခိုင်းနေရတာတုန်း . . . "
"တပည့်တော် အပူသည်မို့ ကယ်တော်မူပါ ဘုရား. . . "
"ဩော် . . မင်းက အပူသည်ဆိုတော့ လက် ဖက်ရည်ရောင်းတာလား"
"မဟုတ်ပါဘူး မုန့်ဟင်းခါးရောင်းတာပါ"
ပရိသတ်က ရယ်ကြပြီ။ ဆက်နားထောင်ကြည့်ပါဦး . . . ။
"မင်းတို့ ဒကာတွေက ကယ်ပါဆိုစရာရှိရင် ငါ့ကျောင်းလာတယ်။ ဗေဒင်မေးစရာ ဆေးတောင်း စရာရှိရင် ငါ့ကျောင်းလာတယ်။ ကထိန်ခင်းစရာရှိတော့ စစ်ကိုင်းဘက်သွားခင်းတယ်။ တော်ရော့လားဟင်" ဆိုတော့ ပွဲခင်းတစ်ခုလုံး အုန်းခနဲပွဲကျသွားတယ်။ ဒုတိယကမ္ဘာစစ်မတိုင်မီကာလကတည်းက မန္တလေးကထိန်တွေ စစ်ကိုင်းတောင်ရိုးပေါ်ပဲ ခင်းကြလို့ ပြက်လုံးထုတ်တာတဲ့။
တကယ်တော့ မန္တလေးမှာ 'ရတနာပုံမင်းနေပြည်တော်' ခေတ်ကတည်းက ကထိန်ပွဲတွေကို ရွှေမြို့တော်မှာ ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြတယ်။ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ကထိန်ရာသီမှာ ရှင်ဘုရင်ကိုယ်တိုင် ဦးစီးပြီး မြို့တွင်းမြို့ပြင်ရှိ ကျောင်းတိုက်ကြီးတွေက ဝါဆို သံဃာတော်တွေကို ကထိန်သင်္ကန်းကပ်လှူခဲ့ကြတယ်။ ဒါ့အပြင် ရွှေကြိုးသပ်နယ်နိမိတ်အတွင်း အထောက်တော်များစေလွှတ်ပြီး ကထိန်မရတဲ့ ကျောင်းတိုက်တွေကိုလည်း မိုးပေါ်ကျကထိန်တော်များ ခင်းကျင်းလှူဒါန်းခဲ့တယ်။ ၁၂၄၇ ခုနှစ် (ခရစ်နှစ် ၁၈၈၆) ပါတော်မူပြီးနောက် အရပ်ရပ်မတည်ငြိမ်သော အခြေအနေတွေကြောင့် ရွှေမြို့တော်တွင်း သီတင်းသုံးနေထိုင်တော်မူကြတဲ့ မထေရ်ကြီး၊ ဝါကြီးများကအစ စာချစာသင်သံဃာများ အလယ်၊ ကိုရင်သူတော်အဆုံး သာသနာ့ဝန်ထမ်း သူတော်စင်တွေလည်း ပစ္စည်းလေးပါး အစစ ညှိုးနွမ်းချို့တဲ့တော်မူခဲ့ကြတယ်။
ဒီအခြေအနေမှာ မန္တလေးမြို့ခံ မြို့မိမြို့ဖများ၊ ပွဲစားကုန်သည်များနှင့် မြို့သူမြို့သားများက ကိုယ့်အရှင်ကိုယ့်သခင် ကိုယ့်ထီးကိုယ့်နန်းမဟုတ်လို့ သာသနာညှိုးနွမ်းလို့ တိမ်ကောမှာကို ဖိုးရိမ်လို့ ၁၂၅၈ ခုနှစ် (ခရစ်နှစ် ၁၈၉၆) မှာ မလွန်စေးဆန်လှူအသင်းကြီးနှင့် ၁၂၆၀ ခု (ခရစ်နှစ် ၁၈၉၈)တွင် ပရိယတ္တိသာသနာ့ဝရဟိတ အသင်းကြီးတို့ကို ဖွဲ့စည်းပြီး ဘာသာသာသနာ အကျိုး သယ်ပိုးဆောင်ရွက်ခဲ့ကြတယ်။ မန္တလေးမှာ ရှေးတုန်းက သဘာဝဘေးအန္တရာယ်ကျရောက်လို့ဖြစ်စေ၊ ကပ်ဘေး ကျရောက်လို့ဖြစ်စေ၊ စစ်ဘေးအပါအဝင် ရန်သူမျိုးငါးပါး ဘေးအန္တရာယ်ကျရောက်လို့ဖြစ်စေ၊ တိမ်းရရှောင်ရ၊ ပြေးရလွှားရ၊ ပုန်းရခိုရရင် မြစ်အနောက်ဘက်ကမ်းက စစ်ကိုင်းမင်းဝံတောင်ရိုးဆီ ဦးတည်ကြရတာပါ။ ၁၂၇၁ ခုနှစ် ပလိပ်ရောဂါကပ်၊ ၁၂၇၃ ခုနှစ် ကိုးတာမီးဘေး၊ ၁၂၉၉ ခုနှစ်ကုလား-ဗမာအဓိကရုဏ်း၊ ၁၃၀၃ ခုနှစ် ဒုတိယကမ္ဘာစစ်စတဲ့ ကပ်ဆိုးဘေးဆိုးတွေမှာ မန္တလေးတစ်မြို့လုံးနီးပါး မြို့ကိုစွန့်ပြီး စစ်ကိုင်းမင်းဝံ တောင်ရိုးတစ်လျှောက်ကဘုန်းကြီးကျောင်းတွေ၊ချောင်တွေ၊ ဂူတွေ၊ စေတီပုထိုးတွေဆီ ခိုလှုံရတယ်။ အထူးသဖြင့် ၁၃၀၃ ခုနှစ်ကနေ ၁၃၀၆ ခုနှစ်အထိ ကမ္ဘာစစ်မီးမှာ စစ်ကိုင်းတောင်ရိုးဟာ မန္တလေးရဲ့ ကျေးဇူးရှင်ဖြစ်ခဲ့ရတာပါ။ ဒါကြောင့် မန္တလေးက စစ်ကိုင်းတောင်ရိုးကို ကျေးဇူးဆပ်တဲ့အနေနဲ့ ကထိန်ပွဲမှန်သမျှ စစ်ကိုင်း မင်းဝံတောင်ရိုးမှာပဲ ခင်းကျင်းလှူဒါန်းခဲ့ကြတာ ရှေးအစဉ်အဆက်ကတည်းပါ။ ကထိန်ရာသီရောက်တိုင်း အထူးသဖြင့် တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း မန္တလေးတစ်မြို့လုံး စစ်ကိုင်းတောင်ရိုးပေါ် ရွှေ့ပြောင်းသွားသလား ထင်မှတ်ရအောင် စစ်ကိုင်းတောင်ရိုး ပေါ်မှာ ကထိန်ပွဲတွေ စည်ကားခဲ့ကြတာပါပဲ။
စစ်ကိုင်းတောင်ရိုးမှာ ခင်းကြတဲ့ ကထိန်တွေထဲမှာ စျေးချိုတော်ကထိန်က နာမည်ကြီးတယ်။ အရင်ကစျေးချိုတော်ဆိုတာ ၈၄ လမ်းနဲ့ ၈၅ လမ်းကြားမှာ ရုံကြီး ၁၂ ရုံနဲ့ ဖွဲ့စည်းထားတာပါ။ ဒါ့အပြင် မွေ့ရာတန်း၊ အောင်စျေးတန်း၊ လင်းရောင်ခြည်စျေးတန်း၊ မုန့်စုံတန်း၊ ထိုးမုန့်တန်း၊ ပန်းတန်းစသည်ဖြင့် စျေးရုံစျေးတန်းတွေလည်းပါတယ်။ တိုက်တန်းကြီး၊ တိုက်တန်းလေး၊ ညစျေးတန်း ဆိုတာလည်း စျေးချိုတော် အဝန်းအဝိုင်းပါ။ ကိုယ့်စျေးရုံ၊ ကိုယ့်စျေးတန်းအလိုက် ကထိန်ခင်းကြတယ်။ ထူးခြားတာက နေ့ခင်းမှာတင် ခင်းကျင်းကြတယ်။ မန္တလေးဆိုတော့ တီးဝိုင်း၊ အငြိမ့်စတဲ့ ဖျော်ဖြေရေးတွေကလည်း စျေးရုံကြီးတွေထဲ နေ့ခင်းမှာ ကပြကြတယ်။ လာသမျှည့်သည်တွေကို စတုဒိသာ ကျွေးမွေးကြတယ်။ တန်ဆောင်မုန်းလဆန်းကနေ လပြည့်အဖိတ်နေ့အထိ စျေးထဲမှာ ဆိုင်းသံ၊ ပုံသံနဲ့ ကထိန်ခင်းကျင်းမှုမပြတ်လပ်ခဲ့ဘူး။ ဒီလို ခင်းကျင်းကြပြီးတာနဲ့ အားလုံးကထိန်တွေဟာ စစ်ကိုင်းတောင်ရိုးက ကျောင်းတွေ ချောင်တွေကို ပုံအောလှူကြတာပါပဲ။ နောက်ပိုင်း မှောင်ခိုကုန်ပစ္စည်းတွေနဲ့ စီမံကိန်းစီးပွားရေးခေတ်မှာ ခြေလှမ်းသွက်တဲ့ ကထိန်လူကြီးအချို့က စစ်ကိုင်းမင်းဝံတောင်ရိုးမှာ ကထိန်ခင်းကျင်းလှူဒါန်းခဲ့ကြရာက နယ်စပ်က မှောင်ခိုပစ္စည်းတွေစျေးကွက်ရှိတဲ့ လားရှိုး၊ တောင်ကြီး၊ မော်လမြိုင်စသည့် မြို့တွေဆီ ကထိန်သွားရောက် ခင်းကျင်းကြတော့တယ်။ သာသနာ့အလံလွှင့်ထူကာ ကထိန်ဆိုင်းဘုတ်တပ်ဆင်ထားတဲ့ ကထိန်ကားတွေနဲ့ မန္တလေးစျေးကွက်မှာ အမြတ်များစွာ ကျန်မယ့် မှောင်ခိုကုန်ပစ္စည်းတွေကို အဲဒီမြို့တွေကနေ အန္တရာယ်ကင်းကင်း သယ်ယူနိုင်ကြတာကိုး။
ယခုအခါမှာတော့ မန္တလေးကထိန်အများစုက စီမံ

> "မန္တလေးမှာ ရှေးတုန်းက သဘာဝဘေးအန္တရာယ် ကျရောက်လို့ဖြစ်စေ၊ ကပ်ဘေးကျရောက်လို့ဖြစ်စေ၊ စစ်ဘေး အပါအဝင် ရန်သူမျိုးငါးပါး ဘေးအန္တရာယ် ကျရောက်လို့ဖြစ်စေ၊ တိမ်းရရှောင်ရ၊ ပြေးရလွှားရ၊ ပုန်းရခိုရရင် မြစ်အနောက်ဘက်ကမ်းက စစ်ကိုင်းမင်းဝံ တောင်ရိုးဆီ ဦးတည် . . .

ကိန်းစီးပွားရေးခေတ်ကလို 'အရောင်းအဝယ်ခရီးများ' အသွင်သဏ္ဌာန်မဟုတ်တော့ပေမယ့်လည်း တစ်နှစ်တစ်ခါဆိုသလို ဒေသန္တရဗဟုသုတနှင့် အပန်းဖြေခရီးအသွင် ပူးတွဲပါဝင်သည့် ကထိန်များအဖြစ် ပြောင်းလဲလာပြီး ငပလီ၊ စက်စဲ၊ ချောင်းသာ စတဲ့နေရာတွေသာမက ထိုင်းနိုင်ငံ ဖူးခက်အထိ ကထိန်ခင်း ခရီးစဉ်အသစ်တွေဖြစ်လာပါပြီ။ ဒါကြောင့် ရှေးအစဉ်အဆက်ကတည်းက တန်ဆောင်မုန်းလဆန်း ၁၄ ရက်ညနဲ့ လပြည့်နေ့ဆိုရင် မန္တလေးတစ်မြို့လုံး စစ်ကိုင်းရွှေ့သွားသလားအောက်မေ့ရအောင် ကထိန်တွေနဲ့ စည်ကားခဲ့တဲ့ စစ်ကိုင်းတောင်ဟာ ခြောက်ကပ်တိတ်ဆိတ်သွားခဲ့တာကြာပါပြီ။
ဘာပဲပြောပြော ကထိန်သင်္ကန်းကပ်လှူခြင်းဟာ ထူးခြားမြင့်မြတ်တဲ့ အလှူတော်ဖြစ်လို့ မိမိချွေးနဲစာနဲ့ စုဆောင်းရမူ၏ ဒါနအလှူအပေါ် အမြတ်တနိုးထားရှိကြတာမို့ သူငယ်ချင်းအစုအဖွဲ့များ၊ အနေ့ားယာဉ်လုပ်သားများ၊ လက် ဖက်ရည်ဆိုင်ထိုင်ဘက်မိတ်ဆွေများ၊ ကုမ္ပဏီအသင်းအဖွဲ့များမှအစ အနှစ် ၁၀၀ ကျော်သက်တမ်းရှိ ရပ်ကွက် ကထိန်ကြီးများ၊ စျေးချိုကထိန်များ၊ ရာပြည့်ကြိုသက်တမ်းရှိ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းကြီးတို့ကလည်း အစဉ်အလာမပျက် ခင်းကျင်းလှူဒါန်းကြဆဲပါပဲ။
အစဉ်အလာမပျက် ခင်းကျင်းကြတဲ့ မန္တလေးကထိန်မိရိုးဖလာခင်းနေကျ စစ်ကိုင်းတောင်ကိုကျော်ကာ အဝေးမြို့ရွာများသာမက နိုင်ငံရပ်ခြားထိ သွားရောက်ခင်းကြတာကို ဦးသခ်ာတို့၊ ဦးဓာတ်ခိုးတို့များရှိသေးရင် ဘယ်လိုပြက်လုံးထုတ်ဦးလေမလဲမသိ။

ပြည်သူ့သဘောထားစင်မြင့်

တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှ တို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏အာဘော်သာဖြစ်ပါသည်။ *(စာတည်းအဖွဲ့)*

နိုင်ငံတော်စီးပွားရေးတိုးတက်အောင် ဘယ်လိုကြံဆောင်ကြိုးစားကြမလဲ

သန်းပြိုးနိုင် (ကညင်ကျိုး)

အစိုးရသစ်တက်လာပြီး သုံးလအကြာ ဇူလိုင်လ ၂၉ ရက်တွင် စီးပွားရေးမူဝါဒ (၁၂)ချက်ကို ထုတ်ပြန်ကြေညာခဲ့သည်။ သို့သော်ကြေညာပြီးချိန်မှ ယခုသုံးလတာကာလကြာမြင့်လာခဲ့ချိန်အထိ တစ်စုံတစ်ရာ ထူးခြားမှုများ ဖြစ်ပေါ်မလာခဲ့သေးကြောင်း စီးပွားရေးဆိုင်ရာအတွက် ထုတ်ပြန်ခဲ့သည့်စစ်တမ်းများက ဆိုနေကြသည်။ ယခင်အစိုးရလက်ထက်တွင်မူ စီးပွားရေးဦးတည်ချက် (၄) ရပ်နှင့်အတူ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ကျင့်သုံးခဲ့သော်လည်း နိုင်ငံ၏ စီးပွားရေးညွှန်းကိန်း (Economic Indicators) များ တက်မလာခဲ့သလို ဆင်းရဲမွဲတေမှု ရာခိုင်နှုန်းများကိုလည်း မလျှော့ချနိုင်ခဲ့ကြချေ။ ထို့ပြင်ရင်းနှီးမြှုပ်နှံမှု ဥပဒေ(၂) မျိုးကိုလည်း လွှတ်တော်က အသစ်ပြဋ္ဌာန်းခဲ့သော်လည်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှု နည်းပါးပြီး စက်မှုလုပ်ငန်းများသည်လည်း တိုးတက်မှုရှိမလာသည့်အပြင် စက်မှုပိုင်းဆိုင်ရာ အင်ဂျင်နီယာပညာရပ်များပင် ပျောက်ကွယ်လုနီးပါးဖြစ်ခဲ့ကြသည်ဟု အင်ဂျင်နီယာပညာရှင်များအသိုင်းအဝိုင်းက ဆိုခဲ့ကြသည်။

အားမလို အားမရ

သည့်အတွက်ပင် ပြည်သူ့အများစုက စီးပွားရေး အခြေအနေကောင်းပြီး ၎င်းတို့၏ တစ်နေ့တာဝင်ငွေများ မျှားမျှားရရှိအောင် လုပ်ပေးနိုင်သည့် အစိုးရကို မျှော်လင့်ခဲ့ကြသည်။ ထိုမျှော်လင့်ချက်များစွာဖြင့်ပင် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မဲအသီးသီး ပေးခဲ့ကြသည်မှာ ယခုဆိုလျှင် တစ်နှစ်ပင်ပြည့်တော့မည်ဖြစ်သည်။ သို့သော် အစိုးရသစ်စတင်ခဲ့သည့်အချိန်မှစကာ ယခု ခြောက်လတာကာလအထိ တစ်စုံတစ်ရာ တိုးတက်မှုဖြစ်မလာသဖြင့်လည်း ပြည်သူ့အများ၏ မျှော်လင့်ချက်များ၀ေဝါးခဲ့ရသည်။ ဒေါ်လာဈေးများ မြင့်တက်ခဲ့သည်။ ပြည်တွင်းတွင် ကုန်ဈေးနှုန်းများ ကြီးမြင့်ခဲ့ပြီး တောင်သူလယ်သမားများ၏ ထုတ်ကုန်ဖြစ်သည့် စပါး၊ နှမ်း၊ ပဲဈေးများ ထိုးကျခဲ့သည်။ သို့ဖြင့် စီးပွားရေးနှင့် ပတ်သက်၍ အစိုးရအပေါ် ပြည်သူ့အများက အားမလို အားမရဖြစ်ကာ သို့လောသို့လောတီးတိုးဝေဖန်သံများ ဟိုတစ်စဒီတစ်စ ကြားနေခဲ့ရသည်။

ဥပဒေသစ်ပြဋ္ဌာန်း

အစိုးရသစ်၏ ခေါင်းဆောင်များအနေဖြင့်မူ ကျွမ်းကျင်ရာ လိမ္မာရာဆိုသကဲ့သို့ ယနေ့လက်ရှိအချိန်တွင် ငြိမ်းချမ်းရေးကိစ္စနှင့် သံခင်းတမန်ခင်းကိစ္စများ အားသာမှုများရှိနေသည်။ သို့သော် အခြားတစ်ဖက်တွင်မူ စီးပွားရေးတိုးတက်မှုများအတွက် အဓိကသော့ချက်လိုဖြစ်နေသည့် စီးပွားရေးပတ်ဆိုမှုများကိုလည်း သံခင်းတမန်ခင်းနည်းလမ်းများဖြင့် ပြည်ပပတ်ဆိုမှုများကို အပြီးတိုင်ဖယ်ရှားခဲ့ပြီးဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖိတ်ခေါ် ဝင်ရောက်လာစေရေးအတွက်လည်း ယခုရက်ပိုင်းတွင် ယခင်အစိုးရအဟောင်း လက်ထက်တွင် အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့ဖူးသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေ(၂) ခုကို တစ်ခုတည်းပေါင်းပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်တစ်ရပ်ကို အောက်တိုဘာ ၁၈ ရက်နေ့က ပြဋ္ဌာန်းခဲ့ကြသည်။

မည်သို့ပင်ဆိုစေ အစိုးရသစ်၏ အုပ်ချုပ်ရေးအဖွဲ့ဘက်မှ နိုင်ငံရေးမူဝါဒအသစ်နှင့် စီးပွားရေးမူဝါဒအသစ်များချမှတ်ကာ အကောင်အထည်ဖော်နေမှုများ အပေါ်တွင်မူ ပြည်သူများအနေဖြင့် ယနေ့အချိန်တွင် အားမလိုအားမရဖြစ်နေခဲ့ကြသည်မှာ အမှန်ပင်ဖြစ်သည်။ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်ဘက်အပိုင်းတွင်မူ ပြည်ထောင်စုအဆင့် လွှတ်တော်များဖြစ်သည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အနေဖြင့်လည်း ပြည်ထောင်စုအဆင့်နှင့် လျော်ညီစွာ တစ်မျိုးသားလုံးနှင့်ဆိုင်သည့် ပညာရေး၊ စီးပွားရေး၊ စက်မှုဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ငြိမ်းချမ်းရေးစသည့် တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီး အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေကြီးများ ပေါ်ထွန်းမလာခဲ့ဘဲ လွှတ်တော်ကိုယ်စားလှယ်များမှာ ၎င်းတို့၏ ကိုယ်စီမဲဆန္ဒနယ်များတိုးတက်ရေးအတွက်သာ မေးခွန်းနှင့် အဆိုများကို သူ၄ှာပြိုင်တူ လုတင်ကြရင်း ဌာနများမှလည်း လာရောက်ဖြေကြားကြရင်းပင် လွှတ်တော်သက်တမ်း၏ အချိန်ကာလ ရှစ်လခန့် ကုန်ဆုံးခဲ့ကြသည်ဟု ပြင်ပလေ့လာသူများက သုံးသပ်ခဲ့ကြသည်။

ရုန်းမထွက်နိုင်ကြ

အုပ်ချုပ်ရေးမဏ္ဍိုင်ဘက်တွင်မူ နိုင်ငံတော်စီးပွားရေးတိုးတက်ရေးအတွက် အကြံပေးလုပ်ဆောင်နေကြရသူများကိုယ်တိုင်ပင် နိယာမနှင့် သဘောတရားများအကြားမှ ရုန်းမထွက်နိုင်ကြသေးဘဲ လက်တွေ့အခြေအနေများနှင့် ကင်းကွာလျက်ရှိနေကြသည်မှာလည်း အမှန်ပင်ဖြစ်ကြောင်း ရေးသားတင်ပြထားကြသည့် စာတမ်းများကို ဖတ်ရှုလေ့လာကြည့်မိစဉ်တွင် တွေ့မြင်ခဲ့ရသည်ဟု လေ့လာသုံးသပ်သူများက ဆိုခဲ့ကြပြန်လေသည်။ ယခင်အစိုးရလက်ထက်တွင်လည်း ထိုနိယာမနှင့် သဘောတရားများအကြားတွင်ပင် စမ်းသပ်ရင်း၊ မူဝါဒများချမှတ်ရင်းပင် အချိန်တွေကုန်လွန်ခဲ့ကြရသည်။ တွန်းကားတွန်း၏ မရွှေ့ခဲ့ပေ။ အလုပ်ဆိုသည်မှာ ရွှေ့လျားမှုအပေါ် တွက်ချက်တိုင်းတာယူကြရလေ့ရှိရာ ရလဒ်အဖြေကိုသာလျှင် ကြည့်ကြရစမြဲဖြစ်သည်။ ရလဒ်မကောင်းလျှင် အစိုးရမူဝါဒများ မှားနေသည်ဟု အကြမ်းဖျင်းဆိုနိုင်သည်။

